မြစ်ကြီးနားသတင်းဂျာနယ်တွင်
ဖော်ပြခဲ့သည့် မှုခင်းသတင်းများအနက်
တရားခံမပေါ်ပေါက်သေးသော အမှုများ
စာ .. ၃ သို့ »

ကျောက်မီးသွေးတွင်းထဲက



စာဝါငှက်
စာ .. ၁၂ သို့ »

Myitkyina
News Journal
Award
စာ .. ၆ သို့ »


# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

MYITKYINA NEWS JOURNAL 5th 5 YEARS ANNIVERSARY

အတွဲ (၆)၊ အမှတ် (၁၁) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" Special Issue (မတ် ၂၉ ၊ ၂၀၁၉)

FRIDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


## ၅ နှစ်အတွင်း မြစ်ကြီးနားသတင်းဂျာနယ်၏ ဖော်ပြချက်များကြောင့် ပြောင်းလဲသွားသည့် သတင်းများ
စာ .. ၄ သို့ »




"ကျွန်တော်က ဆရာဝန်သာဖြစ်တာ
နိုင်ငံရေးမှာတော့ သုညပါ။ တကယ်လို့များ မဲပြိုင်ပြီး
အနိုင်ရခဲ့သည်ရှိသော်
ကျွန်တော့်အိမ်ကိုဝင်ပါ၊ ထွက်ပါ၊ တံခါးမရှိ
ဓားမရှိပါ။ ဝေဖန်ထောက်ပြ
ကြပါ။ စိတ်မဆိုးတတ်ပါဘူး"

ဝန်ကြီးချုပ် ဒေါက်တာခက်အောင်
စာ .. ၁၃၊ ၁၅ သို့ »

## NLD အစိုးရသက်တမ်း ၃နှစ်အတွင်း လုပ်ဆောင်ခဲ့မှုများအပေါ် ပြည်သူများ၏ အမြင်သဘောထားများ
စာ .. ၁၄ သို့ »

www.myitkyinanewsjournal.com  http://www.facebook.com/myitkyinanewsjournal.mm  Youtube - myitkyinanewsjournal

PYINNYA MOE PNM EDUCATION CENTRE

# ပညာမိုး အဆင့်မြင့် ကိုယ်ပိုင်သင်တန်းနှင့်ဘော်ဒါ

## ၅ တန်းမှ ၁၀ တန်းအထိ

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်

မတ် လ (၇) ရက်နေ့ စတင်သင်ကြားနေသည်

- ဂီတ ကို ချစ်မြတ်နိုးခံစားတတ်လာပြီး စိတ်နလုံးနူးညံ့သိမ်မွေ့ယဉ်ကျေးလာစေဖို့ အခြေခံ Music ဂီတသင်တန်း
- နည်းပညာခေတ်မှာ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကွန်ပျူတာသင်တန်း

ကိုယ်၊ စိတ်၊ နလုံးကျန်းမာဖို့ ဘောလုံးအားကစားအခြေခံပညာတို့ကို သင်ကြားလေ့ကျင့်ပေးသွားပြီး

- အင်္ဂလိပ်ဘာသာစွမ်းဆောင်ရည်မြင့်အောင် အင်္ဂလိပ်သီချင်းများ နားထောင်စေပြီး Listening သင်ကြားပေးခြင်း

Speaking မှန်မှန်ကန်ကန် စနစ်တကျ ကောင်းမွန်စွာ ပြောဆိုနိုင်အောင်သီးသန့်သင်ကြားချိန်ထား၍ သင်ကြားလေ့ကျင့်ပေးခြင်း။

- အသက်ငယ်စဉ်မှ စာဖတ်ဝါသနာပါစေဖို့ပညာမိုးစာကြည့်တိုက်တွင် Reading Class ထားရှိပေးခြင်း။
- Essay writing , Letter writing , Creative writing စတဲ့ စာရေးနည်းတွေကို ကလေးတွေကိုယ်တိုင်အမှန်တကယ် စနစ်တကျရေးတတ်ဖို့ သင်ကြားပေးပြီး အလွတ်ကျက်ပညာရေးစနစ် မဟုတ်ပဲ သင်ရိုးနှင့်အညီ လက်တွေ့ကို အခြေခံတဲ့ သင်ကြားရေးစနစ်နဲ့ သင်ကြားပေးသွားပါမည်၊



မောင်ဆိုင်းထွယ်အောင် (သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)



မဂျာဆိုင်းအောင် (မြန်မာ၊ဓာတု၊ဇီဝ)



မထက်ထက်ဝင်း (မြန်မာ၊သင်္ချာ၊ရူပ)



မဆိုင်းမိုင် (ဇီဝ)

### ၂၀၁၉-၂၀၂၀ ပညာင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် တန်းခွဲများ

၁၊ ၉တန်း အထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀)ဦးသာ)
၂၊ ၁၀တန်း ရှယ်ပိုင်း (ကန့်သတ်ဦးရေ (၁၅)ဦးသာ)
၃၊ ၁၀တန်း အထူးတန်းခွဲ (ကန့်သတ်ဦးရေ (၄၀)ဦးသာ)
၄၊ ၁၀တန်း နှစ်ကျတန်းခွဲ (ကန့်သတ်ဦးရေ (၃၀) ဦးသာ)
၅၊ ၈တန်းအထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀) ဦးသာ)

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အစိုးရကျောင်း နှစ်သက်ရာ တက်ရောက်သင်ကြားနိုင်သည်။

### (၅) တန်းမှ (၈) တန်းအထိ

ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် Laptop ကွန်ပျူတာ တစ်လုံးစီဖြင့် ကွန်ပျူတာပညာအခြေခံမှစ၍တတ်ကျွမ်း သည်အထိ သင်ကြားပေးမည်၊ သင်ကြားမှု အတွေ့အကြုံ ရင့်ကျက်သည့် ဆရာကြီး၊ ဆရာမကြီးများဖြင့် ညံ့သောသူကို တော်စေ၍ တော်သောသူကို ထူးချွန်အောင် သင်ကြားလေ့ကျင့်ပေးမည်၊

### ဝန်ဆောင်မှုနှုန်းထားများ

- ၅ တန်း မှ ၈ တန်းအထိ - ၁၃ သိန်း
- ၉ တန်း - ၁၄ သိန်း
- ၁၀ တန်း - ၁၆ သိန်း






မောင်လီတား (သင်္ချာ၊ရူပ)

### (၁၀) တန်း ရှယ်ပိုင်း

တန်းခွဲ (၂) စတင်လက်ခံနေပြီ၊

တည်နေရာ - အမှတ်(၂၇)၊ရန်ကြီးအောင်(လင်းရောင်ခြည်ရပ်ကွက်)၊အထက(၈)ကျောင်းနှင့်ဆောက်လုပ်ရေးတိုက်တန်းကြားလမ်း၊မြစ်ကြီးနားမြို့။
ဖုန်း - ၀၉-၇၆၀၆၈၁၃၄၅၊ ၀၉-၄၃၁၃၃၅၄၉၊ ၀၉-၄၀၀၀၁၄၀၇၉၊ ၀၉-၇၇၅၈၀၈၇၈၃






## ကိုအိုက်မိုး

### ကားနှင့် လယ်ယာသုံးစက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေး

ကိုအိုက်မိုး ကားနှင့်လယ်ယာသုံးစက်ပစ္စည်းဆိုင်သည် တရုတ်ပြည်မကြီးမှ ထုတ်လုပ်သည့် အရည်အသွေးမြင့် Forland ကားနှင့် ကားအပိုပစ္စည်းများ အပြင် လယ်ထွန်စက်များကိုလည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချဖြန့်ဖြူးလျက်ရှိပါသည်။ ကိုအိုက်မိုး ကားနှင့်လယ်ယာသုံးစက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးဆိုင်မှပစ္စည်းများကို အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ အရစ်ကျငွေပေးချေသည့် စနစ်ဖြင့်ဝယ်ယူလိုပါက မြစ်ကြီးနားရိုးမဘဏ်နှင့် ချိတ်ဆက်၍လည်းကောင်း၊ နီးစပ်ရာမြို့နယ်သမရုံးများနှင့်လည်း ချိတ်ဆက်၍ ဝယ်ယူရရှိနိုင်ပါသည်။ မြစ်ကြီးနားရိုးမဘဏ်နှင့် ချိတ်ဆက်ဝယ်ယူမည်ဆိုလျှင် ပစ္စည်းတန်ဖိုး၏ ၃၀ရာခိုင်နှုန်းကို ဦးစွာပေးသွင်းရ၍ ကျန်သည့်ငွေပမာဏကို ၁. ၀၈ရာခိုင်နှုန်းအတိုးဖြင့် နှစ်နှစ်တာစောင့်ဆိုင်းပေးပါသည်။ နီးစပ်ရာမြို့နယ်သမရုံးများနှင့် ချိတ်ဆက်ဝယ်ယူမည်ဆိုလျှင် ပစ္စည်းတန်ဖိုး၏ ၃၀ရာခိုင်နှုန်းကို ဦးစွာပေးသွင်းရ၍ ကျန်သည့်ငွေပမာဏကို ၁. ၅ရာခိုင်နှုန်းအတိုးဖြင့်အချိန်ကာလနှစ်နှစ်တာ စောင့်ဆိုင်းပေးပါသည်။ ကိုအိုက်မိုး ကားအရောင်းဆိုင်နှင့် တိုက်ရိုက်ချိတ်ဆက်ဝယ်ယူမည်ဆိုလျှင် ပစ္စည်းတန်ဖိုး၏ ၅၀ရာခိုင်နှုန်းကို ဦးစွာပေးသွင်းရမည်ဖြစ်ပြီး ကျန်သည့်ငွေပမာဏကို ၁ရာခိုင်နှုန်းအတိုးဖြင့် တစ်နှစ်တာစောင့်ဆိုင်းပေးပါသည်။ ထို့အပြင် ကိုအိုက်မိုး ကားနှင့်လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်မှ ၁. ၃. ၂၀၁၉ မှ ၁. ၄. ၂၀၁၉ အတွင်းဝယ်ယူသည့် ပစ္စည်းများကို အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့် လူကြီးမင်းများအနေဖြင့် အရည်အသွေးမြင့်သည့် ကားနှင့်လယ်ယာသုံးစက်ပစ္စည်းများကို ဝယ်ယူမည်ဆိုလျှင် ကိုအိုက်မိုး ကားနှင့်လယ်ယာပစ္စည်းဖြန့်ဖြူးရောင်းချရေးဆိုင်သို့ ကြွရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါရစေ။


**မြစ်ကြီးနားသတင်းဂျာနယ် အတွဲ(၆) အမှတ် (၁၂)ကို လာမည့် ၁.၄.၂၀၁၉ (တနင်္လာနေ့)တွင် မထုတ်ဝေဘဲ တစ်ပတ်ခြား၍ ၈.၄.၂၀၁၉ (တနင်္လာနေ့) တွင် ပြန်လည် ထုတ်ဝေသွားမည်။**

# မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြခဲ့သည့် မှုခင်းသတင်းများအနက်

# တရားခံမပေါ်ပေါက်သေးသော အမှုများ

- ၂၀၁၄ ခုနှစ် မေလ ၁၁ ရက်က မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်ရှိ အမျိုးသားတစ်ဦး၏ နေအိမ်မှ ရွှေထည်များ အခိုးခံခဲ့ရသည့် အမှု။

- ၂၀၁၅ ခုနှစ်က ဖားကန့်၊ မော်ရှန်ကျေးရွာမှ ဦးအေးထွန်း၊ ဝေ့ခါကျေးရွာမှ ဦးကံဆက်၊ နမ့်မော်ကျေးရွာမှ ဦးထွန်းလွင်တို့ သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည့်အမှု။

- ၂၀၁၆ ခုနှစ် မေလ ၂၂ ရက်နေ့ ညက ဖားကန့်၊ မော်ရှန်ကျေးရွာ၊ ရာအိမ်မှူး ဒေါ်နန္ဒာလှိုင်နှင့် နာဂကျောင်းသားလူငယ် မောင်အားဆီတို့ကို ဆိုင်ကယ်ရပ်တန့်ခိုင်းရာ မရပ်သဖြင့် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အမှု။

- ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့ ည ၁၀ နာရီခန့်က ဖားကန့်၊ဆိပ်မူကျေးရွာမှ ဦးကျော်မျိုး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည့်အမှု။



- ၂၀၁၆ ခုနှစ်အောက်တိုဘာလ ၁၆ ရက်က ဖားကန့်မြို့နယ်၊ စပေ့ါကျေးရွာ၊ ရပ်ကွက်(၄)တွင် ဆိုင်ကယ်ပေါ်မှသေနတ်ဖြင့် ပစ်ခတ်သောကြောင့် ဦးညွန့်ဆွေ(ခ)ဖက်တီး သေဆုံးခဲ့သည့် အမှု။

- ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်က ဖားကန့်၊ မော်စီစာရပ်ကွက်မှ ကျောင်းဆရာ ဦးအောင်ဇင်ထွန်းအား အမည်မသိလူ ၂ဦးမှ ခေါ်ဆောင်သွားပြီး သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့သည့်အမှု။

- ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ဖားကန့်မြို့နယ်၊ မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်စိုးကို အနီးကပ်ပစ်ခတ်ခဲ့သည့် သေနတ်သမား ၄ ဦး အမှု။

- ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်က ညနေ ၄ နာရီအချိန်ခန့်က မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက် နယ်မြေ ၆ တွင် နေအိမ်တွင်း ဝင်ရောက်ပြီး မလိဆန်ပန်ဆိုသည့် အမျိုးသမီးကို ဓားဖြင့် ၁၉ ချက် ထိုးသတ်ခဲ့သည့်အမှု။

- ၂၀၁၇ ခုနှစ်အောက်တိုဘာလ ၁၃ ရက်က မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်ရှိ ပြည့်ဝကုန်စုံဆိုင်ပိုင်ရှင် အမျိုးသမီးနှစ်ဦးကို သတ်ဖြတ်ခဲ့သည့်အမှု။

- ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်က မြစ်ကြီးနားမြို့၊ မြို့မဈေး(၁)အပေါ်ထပ်ရှိ KBZ မီနီဘဏ်တွင် ဝင်ရောက်လုယက်သွားသည့် အမည်မသိလူ ၄ ဦးအမှု။

- ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်ကမြစ်ကြီးနားမြို့၊ မြို့မရပ်ကွက် ပဒုမ္မာစတိုးရှေ့ရှိ ကျော်မြန်မာရွှေဆိုင်ပိုင်ရှင်ကို ဓားဖြင့်ထိုးပြီး ရေချိုးခန်းအတွင်း သော့ပိတ်ထည့်ထားကာ ရွှေထည်ပစ္စည်းများ လုယူသွားသည့် အမှု။

- ၂၀၁၈ ခုနှစ် ဧပြီလက မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်မှ ဦးလောဆန်း၏ နေအိမ်အိပ်ခန်းအတွင်း ထားရှိသည့် (စည်ပင်မှ ဘီးခွန်ဂိတ်ပိတ်၍) ပြန်အမ်းထားသော လေလံကြေး ကျပ်သိန်း ၇၀၀ ကျော်ကို ဝင်ရောက်လုယက်သွားသည့်အမှု။




- ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်က မြစ်ကြီးနားမြို့ ဗိုလ်ချုပ်ရင်ပြင်ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို သဘော်ဆေးဖြင့် ပက်ခံရသည့်အမှု။

အထက်ဖော်ပြပါ မှုခင်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေမှုကို အသေးစိတ်ပြောပြရန် ခက်ခဲကြောင်း၊ မှုခင်းများကို စဉ်ဆက်မပြတ် ဆက်လက်စုံစမ်းနေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုရဲမှူးကြီး မျိုးသူရနောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။ ■

မွန်းမွန်းပန်

# ၅ နှစ်အတွင်း မြစ်ကြီးနားသတင်းဂျာနယ်၏ ဖော်ပြချက်များကြောင့် ပြောင်းလဲသွားသည့် သတင်းများ

# ခွန်အားဖြစ်စေခဲ့သည့် ပီတိများ




မြစ်ကြီးနားသတင်း ဂျာနယ်သည် ၂၀၁၄ ခုနှစ်မှစ၍ ပြည်သူတို့၏ လိုအပ်ချက်များကို အစိုးရသိစေရန်၊ အစိုးရ ပြောလိုသည်များကို ပြည်သူများသိစေရန်၊ အလှူခံပုဂ္ဂိုလ်များနှင့် အလှူရှင်တို့ ဆက်သွယ်မိစေရန် သတင်းများဖြင့် ပေါင်းကူး ဆက်သွယ်ပေးခဲ့ပါသည်။ ထိုသတင်းများကို ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ သိရှိပြီး လိုအပ်ချက်များကို တည့်မတ်/ဖြည့်ဆည်း/ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တာဝန်ရှိသူတို့၏ ဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် လိုအင်ဆန္ဒတချို့ ပြည့်ဝခဲ့သည့် ပြည်သူတို့က ဖြည့်ဆည်းပေးသူနှင့် ပေါင်းကူးဆက်သွယ်ပေးသူ မြစ်ကြီးနားသတင်းဂျာနယ်တို့ကို ကျေးဇူးတင်ကြောင်း တုံ့ပြန်ပြောဆိုမှုများ ရှိခဲ့ပါသည်။

ပြည်သူတို့ဘက်က ထို တုံ့ပြန်မှုများသည် မြစ်ကြီးနားသတင်းဂျာနယ်အတွက် ခွန်အားပီတိများ ဖြစ်စေခဲ့သဖြင့် ထိုသတင်းများ အနက်မှ လူအများကို အကျိုးဖြစ်ထွန်းစေခဲ့သော သတင်းတချို့ကို ပြုစုဖော်ပြလိုက်ပါသည်။

မြစ်ကြီးနားသတင်း ဂျာနယ်က စုံစမ်းရေးသားလိုက်တိုင်း အရေးတယူ ဖြည့်ဆည်းပေးခဲ့သည့် ပြည်နယ်အစိုးရနှစ်ဆက်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

- ကရိန်နော်အပန်းဖြေစခန်း မြေနေရာကို နှစ်ပေါင်းများစွာ သိမ်းယူထားသည့်အတွက် "စည်ပင်သာယာရေး အဖွဲ့မှ ရယူထားသည့် ကရိန်နော်အပန်းဖြေရိပ်သာမြေကို မူလပိုင်ရှင်ထံ လေလံတင် ရောင်းချ"/ "ကရိန်နော်အပန်းဖြေရိပ်သာကို မူလပိုင်ရှင်ထံ ပြန်မပေးသေး"ဟူသည့် သတင်းများကို ၂၀၁၄ ခုနှစ်က ရေးသားခဲ့ရာ စည်ပင်တာဝန်ရှိသူများနှင့် ဦးကရိန်နော်၏ မြေးဖြစ်သူ ပိုင်ရှင် ဒေါ်ကရိန်နန်ဘူတို့ ညှိနှိုင်းပြီး ထိုမြေများ ပြန်လည်ပေးအပ်ခဲ့သည်။
- မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်မှ ဆေးခန်းမြေနေရာဟောင်းကို ပြန်လည်ရရှိလိုသဖြင့် ရပ်ကွက်နေ ပြည်သူများက တာဝန်ရှိသူအဆင့်ဆင့်ထံ တင်ပြတောင်းခံသော်လည်း အကြောင်းမထူးခြားခဲ့ဟု သိရ၍ ပြည်နယ်အဆင့် တာဝန်ရှိသူများ သိရှိနိုင်ရန် မြစ်ကြီးနားသတင်းဂျာနယ်က "ပြည်သူပိုင်ဆေးပေးခန်း မြေနေရာပြန်ရရေး သမ္မတနှင့် ဝန်ကြီးချုပ်ထံသို့ စာတင်ခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးခြင်း မရှိဟုဆို" ဆိုသည့်ခေါင်းစဉ်ဖြင့် သတင်းရေးသားခဲ့ရာ အစိုးရက ဆေးပေးခန်းမြေနေရာ အချို့ကို ပြန်လည်ပေးအပ်ခဲ့သည်။
- "စစ်ရှောင်ယာယီတဲအိမ်များ ကြပ်တည်းမှုကြောင့် အခက်အခဲဖြစ်နေ" ဆိုသည့်သတင်းကြောင့် မြစ်ကြီးနားမြို့နယ်၊ အင်ဂျန်ဒို စစ်ရှောင်ဒုက္ခသည်များ နေအိမ်ဆောင်များ ရရှိခဲ့သည်။
- အလားတူ"စစ်ပြေးဒုက္ခသည်များယာယီတဲများလိုအပ်နေ" ဆိုသည့် သတင်းကြောင့် ဗန်းမော်ခရိုင်ရှိ မန်စီနှင့် မိုးမောက်မြို့တို့မှ စစ်ရှောင်စခန်း ၆ ခုတွင် ယာယီတဲများ ရရှိခဲ့သည်။
- ဒုက္ခသည်များ အိမ်သာမလုံလောက်မှု အခက်အခဲဖြစ်နေ" ဆိုသည့်သတင်းကြောင့် မိုင်းနား KBC စစ်ရှောင်စခန်းတွင် အိမ်သာလှူဒါန်းမှု ရရှိခဲ့သည်။
- . . . . ရွာမှ . . . . ရွာသို့ သွားသည့် လမ်းပေါ်တွင် ဂိတ်ဖွင့်လှစ်ကာ ဖြတ်သွားဖြတ်လာ ဆိုင်ကယ်/ကားများကို ဂိတ်ကြေးများ ကောက်ခံနေကြောင်း ပြည်သူတို့၏ ပြောကြားချက်အရ "ပြည်သူ့စစ်ဂိတ်မှ ဂိတ်ကြေးကြောင့် ရွာသားများ အခက်တွေ့" ဆိုသည့် ခေါင်းစဉ်ဖြင့် သတင်းရေးသားခဲ့ရာ ပြည်သူ့စစ်အဖွဲ့က ဂိတ်ကြေး ၃၀၀၀ ကျပ်မှ ၅၀၀ ကျပ်အထိ လျှော့ချပေးခဲ့သည်။
- မြစ်ကြီးနားမြို့ရှိ "လဖ စက်လှေဂိတ် ပိတ်ထားသောကြောင့် လုပ်သား ၃၀၀ ကျော် အလုပ်လက်မဲ့ဖြစ်" ဆိုသည့်သတင်းကြောင့် တာဝန်ရှိသူများက စိစစ်ပြီး 'လဖ'စက်လှေဂိတ်ကို ပြန်လည် ဖွင့်လှစ်ပေးခဲ့သည်။
- "ဒုက္ခသည် ကလေးငယ်များ မူကြိုကျောင်းတက်ရန် အခက်အခဲရှိ" ဆိုသည့်သတင်းကြောင့် မိုင်းနား KBC စစ်ရှောင်စခန်းတွင် မူကြိုကျောင်းရရှိခဲ့ကြောင်း စစ်ရှောင်များထံမှ သိရသည်။
- မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအလွန်၊ အင်ခိုင်ဘွမ်တောင်ခြေရှိ ဒုက္ခသည်များနေထိုင်ရာ ငွေပျော်စံပြကျေးရွာ အဝင်လမ်းမှာ မိုးရွာလျှင် ရွှံ့ဗွက်များဖြစ်ကာ ဆိုင်ကယ်ဘီး ထက်ဝက်ခန့် မြုပ်သည်အထိ ဖြစ်နေကြောင်း ရွာသားတို့၏ ပြောကြားချက်အရ သွားရောက်သတင်းရယူပြီး "မိုးရွာရင် ရေလျှံ လမ်းပျက်တဲ့ ရွာသစ်"ဆိုသည့် ခေါင်းစဉ်ဖြင့် သတင်းရေးသားခဲ့ရာ ရွာအဝင်လမ်းမကြီးကို အစိုးရက ကွန်ကရစ်လမ်းခင်းပေးခဲ့သည်။
- "မိုးမောက်နှစ်ခြင်း စစ်ရှောင်စခန်းတွင် ရေရှားပါးမှုပြဿနာကြုံတွေ့နေရ" ဆိုသည့် သတင်းကြောင့် ရေလုံလောက်စွာ ရရှိရန် အကူအညီရရှိခဲ့ကြောင်း သိရသည်။
- "စာသင်ကျောင်းရှေ့တွင် ဆိုင်းဘုတ်မရှိဘဲ ဆောင်ပုဒ်ရှိစေချင်" ဆိုသည့်သတင်းကြောင့် ကျောင်းရှေ့များရှိ ကြော်ငြာဆိုင်းဘုတ်များကို စည်ပင်သာယာအဖွဲ့က ဖယ်ရှားပေးခဲ့သည်။
- "မလိယန်စံပြကျေးရွာတွင် သောက်ရေသုံးရေ အခက်အခဲကြုံ" ဆိုသည့်သတင်းကြောင့် သောက်ရေသုံးရေ အလှူရှင်ရရှိခဲ့ကြောင်း သိရသည်။
- မြစ်ဆုံ စီမံကိန်းကြောင့် ပြောင်းရွှေ့ခံထားရသည့် မလိယန်ကျေးရွာတွင် အသုဘချရန် မြေနေရာမရှိကြောင်း သိရသဖြင့် မြစ်ကြီးနားဂျာနယ်က သွားရောက်တွေ့ဆုံမေးမြန်းပြီး "မလိယန်ကျေးရွာတွင် သုသာန်မြေနေရာ မရှိ" ဆိုသည့် ခေါင်းစဉ်ဖြင့် သတင်းဖော်ပြပြီးနောက် သုသာန်မြေနေရာ သတ်မှတ်ပေးခဲ့သည်ဟု ဒေသခံများထံမှ သိရသည်။
- "ကျောင်းသားများကို ခွဲခြားဆက်ဆံခဲ့သည့် ဖားကန့် အ. ထ. က" ဆိုသည့် သတင်းကြောင့် ကျောင်းအုပ်ဆရာကြီး အပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည်။
- "ဟိုကပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ငွေကောက်ခံ" ဆိုသည့် သတင်းကြောင့် အုပ်ချုပ်ရေးမှူး အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။
- "ဝိုင်းမော်မြို့ရှိ မိဘမဲ့ ကရုဏာရိပ်သာကို ထောက်ပံ့ပေးရန် လိုအပ်"ဆိုသည့် သတင်းကြောင့် အထောက်အပံ့ပေးမည့်သူ ပေါ်ပေါက်ခဲ့ကြောင်း သိရသည့်။
- "ဂျန်မိုင်ကောင်း ဒုက္ခသည်စခန်းအိမ်သာ ပြည့်လျှံနေပြီ" ဆိုသည့် သတင်းကြောင့် အိမ်သာများ လုံလောက်မှု ရှိစေရန် တည်ဆောက်ပေးခဲ့။
- "ဆိပ်မူ အ. ထ. က ကျောင်းအုပ်ကြီးကို အရေးယူပေးရန် မိဘများက တောင်းဆို"ဆိုသည့် သတင်းဖော်ပြပြီးနောက် ကျောင်းအုပ်ကြီး အပြောင်းအလဲဖြစ်ခဲ့ကြောင်း သိရသည်။
- "ဒိန်ဂျာယန် ပြည်သူ့စစ်စခန်းတွင် အနိုင်ကျင့် လိင်တူဆက်ဆံမှုများ ရှိနေ"ဆိုသည့် သတင်းကြောင့် သက်ဆိုင်ရာမှ အရေးယူ ဆောင်ရွက်ပေးခဲ့သည်။
- "ငွေပျော်စံပြကျေးရွာတွင် အလုပ်အကိုင်ရှားပါး "ဆိုသည့် သတင်းကြောင့် ပြည်နယ်အစိုးရမှ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့သည်ဟု ဆိုသည်။
- "ငွေပျော်စံပြကျေးရွာတွင် ရေအခက်အခဲကြုံတွေ့" ဆိုသည့် သတင်းကြောင့် ရေလုံလောက်စွာ ရရှိစေရန် အစိုးရက ဆောင်ရွက်ပေးခဲ့။
- "အမှိုက်များ စုပုံနေသည်၊ လာရောက်သိမ်းဆည်းပါ" ဆိုသည့် သတင်းကြောင့် ဂျန်မိုင်ကောင်း RC ဒုက္ခသည်စခန်းရှေ့တွင် အမှိုက်ပုံထားရှိခြင်း စနစ်မှ ကားဖြင့်သိမ်းဆည်းခြင်း စနစ်သို့ ပြောင်းလဲခဲ့။
- "ဧရာဝတီမြစ်ဆုံတစ်ဝိုက် စွန့်ပစ်အမှိုက်ကြောင့် အကျည်းတန်"ဆိုသည့် သတင်းကြောင့် အမှိုက်ပုံးများ ထားရှိကာ အမှိုက်သိမ်းဆည်းသူများလည်း ရှိလာပြီး ပလပ်စတစ်အမှိုက်များ ကင်းစင်လာ။
- "ရေစင်ကွင်းဈေး သာယာရေးဆောင်ရွက်နေသော်လည်း နှောင့်နှေးကြန့်ကြာမှုများ ရှိ" ဆိုသည့် သတင်းကြောင့် အမြန်ဆုံး အဆင်ပြေရေးနှင့် သာယာရေး ဆောင်ရွက်ပေးနိုင်ခဲ့။
- "မိုးရွာတိုင်း ယိုနေသော ရေစင်ကွင်းဈေးက ရေတံလျှောက်များ" ဆိုသည့် သတင်းကြောင့် သက်ဆိုင်ရာက ရေတံလျှောက်အသစ်များ တပ်ဆင်ပေးခဲ့။
- "အောင်မြင်သာ စံပြကျေးရွာရှိ အိမ်များ ပိုမိုပျက်စီးလာ" ဆိုသည့် သတင်းကြောင့် နေအိမ်များ ပြုပြင်ပေးမှု ရှိလာသည်။
- "မောင်အင်ခွန်ဂွမ်ရတ် ခွဲစိတ်ကုသရေး အကူအညီ လိုအပ်" ဆိုသည့် သတင်းကြောင့် အဆိုပါ ကလေး၏ ဦးခေါင်းနောက်မှ အသားပိုအကြိတ်ဖု ခွဲစိတ်ရန် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက တာဝန်ယူခဲ့။
- "ကောင်းကင်လွင် ကုမ္ပဏီက မြေလှန်ထား၍ဆိုးဝါးနေ



မှန်းမှန်းပန် စုစည်းဖော်ပြသည်

သော ဒိန်ဂျာယန်ကျေးရွာလမ်း"ဆိုသည့် သတင်းကြောင့် မြေသားလမ်းမှ သဲကျောက်လမ်း ခင်းပေးခဲ့။

- "မြေဩဇာမထည့်နိုင်၍ စပါးအထွက်နည်း"ဆိုသည့် သတင်းကြောင့် အစိုးရက လယ်သမားများကို မြေဩဇာများ ထောက်ပံ့ပေးခဲ့သည်ဟု တောင်သူများထံမှ သိရသည်။

- "မိုင်ဂျာယန် အင်ခေါင်းပါ စစ်ရှောင်စခန်းမှ ကလေးငယ် တစ်ဦး နှလုံးခွဲစိတ်ရန် ငွေကြေးလိုအပ်နေ" ဆိုသည့် သတင်းကြောင့် နှလုံးခွဲစိတ်ပေးမည့် စေတနာရှင် ရရှိခဲ့။

- "၂၀၀၃-၂၀၀၄ ခုနှစ်တွင် အစိုးရပိုင်မြေအဖြစ် သိမ်းဆည်းထားသော နောင်နန်းကျေးရွာအုပ်စု ကဝါးခကျေးရွာသချိုင်းကို တွေ့ရစဉ်" ဆိုသည့် သတင်းဓာတ်ပုံကြောင့် ပြည်သူတချို့ မြေပြန်လည်ရရှိ။

- "ဝိုင်းမော်မြို့ လော်ဝေါ် နှစ်ခြင်းအသင်းတော် ဇုံနယ်ရုံးတွင် စစ်ရှောင်ဦးရေ ထပ်တိုးလာ၍ စားနပ်ရိက္ခာများ အရေးပေါ် လိုအပ်နေ"ဆိုသည့် သတင်းကြောင့် အလှူရှင်များ သွားရောက်လှူဒါန်း။

- "မူးယစ်ဆေးသုံးစွဲတဲ့ အမျိုးသမီးတွေကို ကယ်တင်ဖို့ လိုအပ်နေပြီ" ဆိုသည့်သတင်းကြောင့် အမျိုးသမီးများကို မူးယစ် ဆေးဖြတ်စခန်းများမှ လက်ခံလာ။

- "ခါးရှိရွာမှ ဒုက္ခသည်များ အကူအညီများလိုအပ်နေ" ဆိုသည့်သတင်းကြောင့် ယင်းဒုက္ခသည်များကို ကူညီထောက်ပံ့သူများ ရောက်ရှိ။

- "တရုတ်ပြည်၌ ကြက်ငှက်တုပ်ကွေးဖြစ်နေ၍ တင်သွင်းလာသည့် ကြက်ဥများသတိထား" ဆိုသည့်သတင်းကြောင့် တရုတ်ကြက်ဥ တင်သွင်းလာသူများ အရေးယူခံခဲ့ရ။

- "စစ်ရှောင် ပိုလီယို မသန်စွမ်းကလေးများအတွက် ဝှီးချဲနှင့် အသုံးအဆောင် ပစ္စည်းများ လိုအပ်" ဆိုသည့်သတင်းကြောင့်ကြက်ခြေနီအသင်းမှ ဝှီးချဲနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့။

- "သောက်ရေသန့်များကို သတိထားသုံးသင့်" ဆိုသည့် သတင်းကြောင့် သောက်ရေသန့်များကို သက်ဆိုင်ရာများက စစ်ဆေး၍ အရေးယူမှုများ ပြုလုပ်ပေးခဲ့။

- "မန်ဝိန်းကြီး ဒုက္ခသည်စခန်းသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ခွင့် တားမြစ်ထားသောကြောင့် စားနပ်ရိက္ခာများ ပြတ်လပ်နေ" ဆိုသည့်သတင်းကြောင့် ထောက်ပံ့ပစ္စည်းများ ရရှိ။

- "တရားမဝင် ဆေးစပ်ရောင်းချနေသည့် ဆေးဆိုင်များကို စစ်ဆေးအရေးယူမည်" ဆိုသည့် သတင်းကြောင့် တရားဝင် ဆေးဆိုင်များ ပိုမိုများပြားလာသည်ဟု သိရသည်။

- "မိုးကောင်းချောင်း ကမ်းပါးပြိုမှု ဒေသခံများစိုးရိမ်နေ" ဆိုသည့် သတင်းကြောင့် အစိုးရမှ ရေကာတာ ဆောက်လုပ်ပေးခဲ့သည်။

-"ဝိုင်းမော်မြို့ လော်ဝေါ် နှစ်ခြင်းအသင်းတော် ဇုံနယ်ရုံးတွင် စစ်ရှောင်ဦးရေတိုးလာ၍ စားနပ်ရိက္ခာများ အရေးပေါ် လိုအပ်နေ" ဆိုသည့်သတင်းကြောင့် ထောက်ပံ့ပစ္စည်းများ ရရှိခဲ့သည်။

- "မြစ်ကြီးနားဆေးရုံတွင် သောက်သုံးရေနှင့် မိလ္လာ အခက်အခဲဖြစ်နေကြောင်း လူနာများပြော" ဆိုသည့် သတင်းကြောင့် သောက်သုံးရေများ လုံလောက်မှု ရှိလာပြီး မိလ္လာများ သန့်ရှင်းလာဟု သိရသည်။

- "လောက်ကိုင်မှ ပြောင်းရွှေ့လာသော စစ်ရှောင်များနှင့် ဆော့လော် ရေဘေးဒုက္ခသည်များ စားဝတ်နေရေးအတွက် အကူအညီ လိုအပ်နေ" ဆိုသည့် သတင်းကြောင့် ထောက်ပံ့ပစ္စည်းများ ရရှိခဲ့သည်။

- "ဖုန်ရွှေယန်ကျေးရွာရှိ လေဘေးသင့် ဒေသခံများအတွက် နေအိမ်၊ အဝတ်အထည်နှင့် စားနပ်ရိက္ခာအကူအညီ လိုအပ်နေ" ဆိုသည့်သတင်းကြောင့် ထောက်ပံ့ပစ္စည်းများ ရရှိခဲ့သည်။

- "တရုတ်မှ ကြက်ဥနှင့်အေးခဲကြက်သားများ တရားမဝင် တင်သွင်းနေခြင်းကို ထိရောက်စွာ အရေးယူပေးရန် တောင်းဆို" ဆိုသည့်သတင်းကြောင့် အစိုးရမှ အဆိုပါ အသားများ တရားမဝင် တင်သွင်းခြင်းကို အရေးယူဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။

- "နီးကူဒေသ ဒုက္ခသည်စခန်းတွင် စားသောက်စရိတ်နှင့် ကလေးများအတွက် ကျောင်းစရိတ် လိုအပ်နေ"ဆိုသည့် သတင်းကြောင့် ထောက်ပံ့စရိတ်များ ရရှိခဲ့သည်။

- "မိုင်းနားကေဘီစီ စစ်ရှောင်စခန်းတွင် နေအိမ်ခန်းများ လိုအပ်နေ" ဆိုသည့်သတင်းကြောင့် အိမ်ဆောင်များ ထပ်မံ တိုးချဲ့ဆောက်လုပ်ပေးခဲ့သည်။

- "မနောင်ဥယျာဉ် ပတ်လမ်းတစ်လျှောက် အမှိုက်များကို အပတ်စဉ် လာရောက်သိမ်းပေးစေလို" ဆိုသည့်သတင်း ဖော်ပြပြီးနောက် မနောင်ဥယျာဉ် ပတ်လမ်းတစ်လျှောက် အမှိုက်များ ကင်းစင်လာ။

- "ချီဖွေမြို့နယ်မှ အထက(ခွဲ)တွင် ဆရာအင်အား မပြည့်နိုင်၍ ကျောင်းသားများ ကျောင်းတက်ချိန်နည်းပါး" ဆိုသည့် သတင်းကြောင့် ကျောင်းဆရာ/မများ ဖြည့်တင်းပေးခဲ့သည်။

- "ဖားကန့်ဒေသအတွင်း လျှပ်စစ်မီး အမြန်ဆုံးရရှိလို" ဆိုသည့်သတင်းကြောင့် အစိုးရဈေးနှုန်းဖြင့် လျှပ်စစ်မီးများ ရရှိခဲ့။

- "ငှက်ပျောခြံပြုလုပ်ရန် နယ်နိမိတ် လာရောက်သတ်မှတ်ထားသော စည်းရိုးများကို နုတ်သည့် ရွာသားများကို ပြည်သူ့စစ်အဖွဲ့က ဖမ်းဆီး" ဆိုသည့်သတင်း ဖော်ပြပြီးနောက် ပြည်သူ့စစ်အဖွဲ့က ရွာသားများ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

- "မြစ်ကြီးနားဆေးရုံကြီးတွင် ခြေတုလက်တုများ လာရောက်တပ်ဆင်ကြရန် ပြည်နယ်မသန်စွမ်းအသင်း ဖိတ်ခေါ်" ဆိုသည့်သတင်းကြောင့် ပြည်နယ်အတွင်းရှိ ခြေတုနှင့် လက်တု တပ်ဆင်လိုသည့် မသန်စွမ်းသူများ ဆက်သွယ်မှု ရရှိကြ။

- "မသန်စွမ်း အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်း" ဆိုသည့်သတင်းကြောင့် ပြည်နယ်အတွင်းရှိ မသန်စွမ်း အမျိုးသမီးများ ရန်ကုန်သို့ အလုပ်လုပ်ရန် ဆက်သွယ်လာ။

- "ကဘူဒမ်း စစ်ရှောင်စခန်းသည် တရားဝင်စခန်း မဟုတ်သေး၍ ထောက်ပံ့မှုမပေးဟု ဆို" ဆိုသည့်သတင်းကြောင့် ထောက်ပံ့မှုများ ရရှိကြ။

- "ဖားကန့်ရှိ ငါးမန်းဂိမ်း လောင်းကစားဆိုင်များ ပိတ်သိမ်းစေလို" ဆိုသည့်သတင်းကြောင့် ရဲတပ်ဖွဲ့များက ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။

- "တစ်သျှူးငှက်ပျောခြံထဲမှ ရေလျှောင်ကန် ကျိုးပေါက်မှုကြောင့် စပါးခင်းနှင့် နှစ်ရှည်ပင်အချို့ ပျက်စီးဆုံးရှုံးသွား" ဆိုသည့် သတင်းကြောင့် ဒေသခံများ လျော်ကြေး ရရှိခဲ့။ ■

အယ်ဒီတာ့အာဘော်
Editorial

## အသက် ၅နှစ် တင်းတင်းပြည့်ပြီဖြစ်တဲ့ မြစ်ကြီးနားသတင်းဂျာနယ်

၅ နှစ်ပြည့်တဲ့ အထိမ်းအမှတ်နှစ်ကို "သစ်သားရတု" ဆိုပြီး သတ်မှတ်ကြပါတယ်။ ဒီ "သစ်သား"ဆိုတာ ရဖို့ သစ်ပင်ဆိုတာ အရင်စိုက်ရတာပါ။ အဲ့ဒီနောက် ရေလောင်း ပေါင်းသင်ပေးရင်း မြေကြီးထဲ အမြစ်တွယ် အငြောင့်ပေါက်တာက အစပျိုးလို့ သစ်ပင်ကြီးအဖြစ် ကြီးထွားလာတာပါ။ "သစ်သား"ဆိုတာ အကြမ်းခံပြီး အသုံးဝင်လို့ သက်ရှိသတ္တဝါအပေါင်း နွေးထွေးလုံခြုံစွာ နေထိုင်လို့ရတဲ့ အိမ်နဲ့ အိမ်ထောင်ပရိဘောဂ စတဲ့ အသုံးအဆောင်တွေ ပြုလုပ်ရာမှာ အသုံးပြုနေကြတာပါ။

"သစ်သားရတု"ရဲ့ ရည်ညွှန်း အဓိပ္ပါယ် ဖွင့်ဆိုချက်အတိုင်း မြစ်ကြီးနားသတင်းဂျာနယ်သည်လည်း အများအကျိုးအတွက် ရပ်တည်လာခဲ့တာ ၅ နှစ်တင်းတင်း ပြည့်ခဲ့ပြီး ရင်ဆိုင်ဖြတ်ကျော်လာခဲ့တဲ့ အတွေ့အကြုံ ရင့်ကျက်မှုတွေနဲ့ အတူ ပြည်သူတွေရဲ့ ဖေးမကူညီ၊ အကြံပေး၊ အားပေးခဲ့မှုတွေအပြင် သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာတွေရဲ့ သင်ကြား ပြသမှုတွေကြောင့် ဒီနေ့ ၅ နှစ်ပြည့် အခန်းအနားကို အောင်အောင်မြင်မြင် ကျင်းပနိုင်တာ ဖြစ်ပါတယ်။

နောက်ပြီး ၅ နှစ်ပြည့် အခန်းအနားကို ကျင်းပရတဲ့ ရည်ရွယ်ချက် ငါးချက် ရှိပါသေးတယ်။ အဲ့ဒါတွေကတော့ (၁)သမိုင်းမှတ်တိုင် စိုက်ထူဖို့၊ (၂) စာဖတ်ပရိသတ်နဲ့ ပြန်လည်ချိတ်ဆက်နိုင်တဲ့ အခွင့်ရရှိဖို့၊ (၃) ကုန်လွန်ခဲ့တဲ့ အချိန်နဲ့ လုပ်ငန်းတွေကို ပြန်လည်သုံးသပ်နိုင်ဖို့၊ (၄)ရှေ့ အနာဂတ်အတွက် ပြင်ဆင်နိုင်ဖို့၊ (၅) ကူညီထောက်ပံ့ခဲ့ကြသူတွေနဲ့ အဖွဲ့အစည်းတွေကို ကျေးဇူးတင် ဂုဏ်ပြုဖို့ စတာတွေပဲ ဖြစ်ပါတယ်။

မြစ်ကြီးနားသတင်း ဂျာနယ်ရဲ့ မျှော်မှန်းချက်က "လူ့အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရန် မှန်ကန်သော သတင်းအချက်အလက်များ ပေးနေပြီး ပြည်သူတစ်ရပ်လုံး ယုံကြည်ကိုးစားရသော ဘက်ပေါင်းစုံအောင်မြင်နေသည့် လွတ်လပ်သော သတင်းဂျာနယ် ဖြစ်သည်"ဆိုတာပါ။

ဒီ မျှော်မှန်းချက် အောင်မြင်ဖို့ ချမှတ်ထားတဲ့ ရပ်တည်ချက်ကတော့ "မြစ်ကြီးနားသတင်း ဂျာနယ်သည် ဘက်ပေါင်းစုံ အောင်မြင်တိုးတက်နေသည့် လွတ်လပ်သော သတင်းဂျာနယ် ဖြစ်သည်။ လူ့အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ တိကျမှန်ကန်သော သတင်းအချက်အလက်များကို ပြည်သူတစ်ရပ်လုံးနှင့် အစိုးရထံ မာလ်တီမီဒီယာကို အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ တင်ဆက်လျက်ရှိသည်"ဆိုတာပဲ ဖြစ်ပါတယ်။

ချမှတ်ထားတဲ့ မျှော်မှန်းချက်နဲ့ ရပ်တည်ချက်အတိုင်း ကျော်လွန်ခဲ့တဲ့ ၅ နှစ်အတွင်းမှာ မြစ်ကြီးနားသတင်းဂျာနယ်ကို မီဒီယာကျင့်ဝတ်တွေဖြစ်တဲ့ "ကျင့်ဝတ်ထိန်းရန် တာဝန်ရှိခြင်း၊ အမှန်အတိုင်း ပြောဆိုရေးသားခြင်း၊ အများအကျိုးဆောင်ခြင်း၊ ဘက်မလိုက်ပဲ မျှတစွာ ပြောဆိုရေးသားခြင်း၊ မိမိ၏ သတင်းရင်းမြစ်များကို လေးစားခြင်း" စတဲ့ အချက်တွေနဲ့ ရေးသားဖော်ပြခဲ့တာ ဖြစ်ပြီး ရှေ့လျှောက်လည်း ကျင့်ဝတ်မပျက် ဆက်လက် ရေးသားတင်ပြသွားဦးမှာပါ။

နောက်ပြီး ကျော်လွန်ခဲ့တဲ့ ၅ နှစ်တာ ကာလအတွင်း မြစ်ကြီးနားသတင်းဂျာနယ်ကို သတင်းပညာ၊ စီးပွားရေးပညာ၊ စီမံခန့်ခွဲမှု ပညာ၊ နည်းပညာနဲ့ လိုအပ်တဲ့ငွေကြေး၊ အထောက်အပံ့တွေကို ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြတဲ့ နိုင်ငံတော်အစိုးရနဲ့အတူ၊ Norwegian Burma Committee ၊ FHI 360 ၊ National Endorsement for Democracy၊ Yangon Journalism School ၊ Mandalay Journalism School ၊ Internews ၊ Media Development Investment Fund ၊ WAN-IFRA ၊ Open Society Myanmar ၊ Sagawa ၊ Deutsche Welle ၊ Myanmar Press Council နဲ့ စာဖတ်ပရိသတ်များ၊ သတင်းရင်းမြစ်များ၊ ပြင်ပ စာရေးဆရာများ၊ ကဗျာနဲ့ ဆောင်းပါးရှင်များ၊ ကာတွန်းဆရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံအလှူရှင်များ အားလုံးကို မြစ်ကြီးနားသတင်းဂျာနယ် ဝိုင်းတော်သားတွေက ဂုဏ်ယူစွာဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်းနဲ့ အများအကျိုးအတွက် ဆက်လက်ပြီး ကြိုးစားသွားမယ်ဆိုတဲ့ အကြောင်း မှတ်တမ်းတင် ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# Myitkyina News Journal Award

Ann စုစည်းဖော်ပြသည်

## ကချင်ပြည်နယ်အတွင်းရှိ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အများပြည်သူ၏အကျိုးကို ထိရောက်စွာ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များကို မြစ်ကြီးနားသတင်းဂျာနယ် ဝိုင်းတော်သားများက ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။



### PCG Group

PCG ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ကို ၂၀၁၁ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သည် စစ်ပွဲကြောင့် ဆင်းရဲဒုက္ခရောက်နေကြသော ပြည်သူများ၏ ကိစ္စရပ်များကို ပါဝင်ကူညီဖြေရှင်းပေးသည့် အဖွဲ့အစည်းဖြစ်သည်။ အစိုးရနှင့် နှစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းများ၏ အကူအညီမယူဘဲ အဖွဲ့ဝင် ၁၀၀၀ ကျော်ပါဝင်၍ ကိုယ်ပိုင် မ'တည်ငွေများဖြင့် ရပ်တည်နေသည့် လွတ်လပ်သော အဖွဲ့အစည်းဖြစ်သည်။ စစ်ဘေးဒဏ်ကြောင့် ဒုက္ခရောက်နေကြသော ပြည်သူများကို ကူညီပေးခြင်း၊ စစ်ပွဲကြား ပိတ်မိပြည်သူများကို ကယ်ထုတ်ပေးခြင်း၊ စစ်ဘေးရှောင်ပြည်သူများ နေရပ်သို့ ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးပေးခြင်း၊ နှစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းများကြား ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းပေးခြင်းများကို ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ လက်ရှိအချိန်အထိ စစ်ပွဲကြောင့် ဒုက္ခရောက်နေကြရသော ပြည်သူများကို ကူညီပေးရင်း လူထုတစ်ရပ်လုံးက ပေးအပ်ထားသော တာဝန်များကို ကြိုးပမ်းထမ်းဆောင်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ PCG (Peace Creation Group)သည် ပြည်နယ်အတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပြည်သူလူထုအကျိုးအတွက် တက်ကြွစွာ လှုပ်ဆောင်မှုကြောင့် မြစ်ကြီးနားသတင်းဂျာနယ်မှ Myitkyina Journal Award ကို ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါသည်။

### အင်ဆန်အောင်လ



အင်ဆန်အောင်လသည် MMA (Mixed Martial Arts) သိုင်းပေါင်းစုံအားကစားလောကသို့ ၂၀၀၅ ခုနှစ်က စတင် ခြေချခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာနှင့် ထိုးသတ်သော One Championship ပွဲစဉ်၌ ကမ္ဘာ့အဆင့် Middle Weight Champion နှင့် ၂၀၁၈ ခုနှစ်တွင် Light Heavy Weight Champion အဖြစ် ပထမဦးဆုံး အနိုင်ရရှိခဲ့သော မြန်မာ့ဂုဏ်ဆောင် မြန်မာနိုင်ငံဖွား ကချင်တိုင်းရင်းသားတစ်ဦး ဖြစ်သည်။ သူသည် ဂျူဂျစ်ဆူ၊ ဂျူဒို၊ ကရာတေး၊ မွေထိုင်း၊ ဘောက်ဆင် အားကစားနည်းများကို တတ်မြောက်သူတစ်ဦးဖြစ်ကာ သူ၏ ပြိုင်ပွဲနေ့များတွင် မြန်မာတစ်ပြည်လုံး စောင့်ကြည့် အားပေးထောက်ခံကြပြီး ထိုနေ့တွင် မြန်မာနိုင်ငံရှိ သွေးချင်းညီအစ်ကိုများအားလုံး တစ်သားတည်းဖြစ်စေခဲ့သူလည်း ဖြစ်သည်။ မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့က ၎င်းကို ဂုဏ်ပြုခဲ့ကြသည့်အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ခေါ်ယူတွေ့ဆုံခြင်းခံခဲ့ရသည့် လူငယ်တစ်ဦးဖြစ်သည်။

မြန်မာတွင်သာမက ကမ္ဘာမှာလည်း ဂုဏ်သတင်းကျော်ဇောနေသော အားကစားထူးချွန် လူငယ်တစ်ဦးလည်း ဖြစ်သည်။ သူ၏ လူမှုရေး ဆောင်ရွက်ချက်များကို ကြည့်မည်ဆိုလျှင်လည်း မြန်မာနိုင်ငံအတွင်းရှိ မိဘမဲ့ကလေးများ၊ ဒုက္ခသည်စခန်းများ၊ စစ်ရှောင်စခန်းများတွင် လှူဒါန်းမှုများစွာ ပြုလုပ်ခဲ့ရုံသာမက မြန်မာနိုင်ငံသို့ ရောက်ရှိနေချိန်တွင် သိုင်းပေါင်းစုံ အားကစားဝါသနာရှင် လူငယ်များကို သင်တန်းပို့ချပေးကာ မြေတောင်မြှောက်ပေးမှုများလည်း ရှိခဲ့သည်။ အင်ဆန်အောင်လ၏ နိုင်ငံ့ဂုဏ်ဆောင်နိုင်မှုအတွက် မြစ်ကြီးနားသတင်းဂျာနယ်က ၂၀၁၈ ခုနှစ်အတွက် Myitkyina Journal Award ကို ချီးမြှင့်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။




### ကိုလွမ်းဇောင်း၊ ဦးဇောင်ဂျက်၊ ဒေါ်နန်ပူ

၎င်းတို့ သုံးဦးသည် ၂၀၁၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် တနိုင်း၊ အောင်လော့ဒ်ဒေသအတွင်း ပိတ်မိနေသော ပြည်သူများကို လွတ်မြောက်အောင် ကယ်တင်ပေးရန် မြစ်ကြီးနားမြို့၌ ဆန္ဒဖော်ထုတ်သည့် ကချင်လူငယ်များကို ဦးဆောင်ခဲ့သူများ ဖြစ်သည်။ ယင်းကဲ့သို့ ဆန္ဒထုတ်ဖော်ချိန်နှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ချိန်တို့တွင် ပြောကြားခဲ့သည့် စကားများထဲတွင် တပ်မတော်၏ အသရေညှိုးနွမ်းစေခဲ့သည်ဟုဆိုကာ ၎င်းတို့ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးတစ်ဦးက အသရေဖျက် မှု ပုဒ်မ - ၅၀၀ ဖြင့် တရားစွဲဆိုခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ထောင်ဒဏ် ၆ လစီနှင့် ငွေဒဏ် ၅ သိန်းစီ ချမှတ်ခံခဲ့ရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလက WMR နှင့် World Kachin Congress တို့မှ ပေးအပ်ချီးမြှင့်သော "MUSHE" အမည်ရ ဂုဏ်ပြုဆုကို လက်ခံရရှိခဲ့သူများလည်း ဖြစ်သည်။ ၎င်းတို့သုံးဦးသည် ပြည်သူလူထုအရေးများကို ကိုယ်ကျိုးမငဲ့ဘဲ ရှေ့တန်းမှ တက်ကြွစွာ ပါဝင်လှုပ်ရှားမှုကြောင့် မြစ်ကြီးနားသတင်းဂျာနယ်က Myitkyina Journal Award ကို ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။

### Shingni Nbat



Shingni Nbat (အနုပညာပိုးတဘက်)အဖွဲ့သည် ၂၀၁၃ မတ်လမှ စတင်ဖွဲ့စည်းခဲ့သည့် ကချင်ပြည်နယ်အခြေစိုက် လူမှုကူညီရေးအဖွဲ့ ဖြစ်သည်။ ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများတွင် စစ်ရှောင်ပြည်သူများ အမှန်တကယ်လိုအပ်နေသော စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် အစဉ်တစိုက် ကူညီထောက်ပံ့ပေးနေသော အဖွဲ့တစ်ဖွဲ့လည်း ဖြစ်သည်။ အနုပညာပိုးတဘက် အဖွဲ့သည် စစ်ရှောင်ပြည်သူများကို အဓိကထား၍ ကူညီထောက်ပံ့မှုများပြုလုပ်ပြီး အလှူရှင်များ လှူဒါန်းသည့် ရန်ပုံငွေအလှူများကို ဝေးလံခေါင်သီ ဒေသများတွင် အမှန်တကယ်လိုအပ်နေသော စစ်ရှောင်စခန်းများသို့ သွားရောက်လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။ Shingni Nbat အဖွဲ့၏ လူမှုကူညီရေးလှုပ်ရှားမှုများတွင် အများအကျိုးအတွက် တက်ကြွစွာပါဝင်လှုပ်ရှားမှုကြောင့် မြစ်ကြီးနားသတင်းဂျာနယ်မှ Myitkyina Journal Award ကို ချီးမြှင့်ခြင်းဖြစ်ပါသည်။



## Rest In Peace လူမှုကူညီကယ်ဆယ်ရေးအသင်း

Rest In Peace Group လူမှုကူညီကယ်ဆယ်ရေးအသင်းကို ၂၀၁၂ ခုနှစ် မေလ ၈ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကချင်ပြည်နယ်အတွင်း အကူအညီလိုအပ်နေသော နေရာများသို့ အစဉ်တစိုက် သွားရောက်ကူညီ ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်သည်။ ယင်းအဖွဲ့အစည်းသည် နာရေးကူညီမှုများကိုသာမက၊ လူမှုကူညီကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုကယ်ဆယ်ရေးအဖွဲ့ (Myanmar Rescue Organization)တွင်လည်း ကချင်ပြည်နယ် တာဝန်ခံအနေဖြင့် လူမှုကယ်ဆယ်ရေးများ ပြုလုပ်နေသော အသင်းအဖွဲ့လည်း ဖြစ်သည်။ Rest In Peace လူမှုကူညီ ကယ်ဆယ်ရေးအသင်းသည် အကူအညီလိုအပ်နေသော နေရာများသို့ သွားရောက်ကူညီ ကယ်ဆယ်မှုများကို တက်ကြွစွာလှုပ်ရှားမှုကြောင့် မြစ်ကြီးနားသတင်းဂျာနယ်မှ Myitkyina Journal Award ကို ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါသည်။

## မလိအင်ရာနှင့် အဖွဲ့



ကချင်အမျိုးသမီးငယ်တစ်ဦးက မလိအင်ရာဟူသော အမည်ဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ပရဟိတလုပ်ငန်းများကို စတင်ပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မလိအင်ရာနှင့်အဖွဲ့ဆိုသည့် ပရဟိတအသင်းကို စတင်တည်ထောင်ခဲ့သည်။ မလိအင်ရာ ပရဟိတအသင်းသည် ၂၀၁၈ ခုနှစ်တွင် ဝေးလံခေါင်ပါးပြီး ခက်ခဲသော စစ်ရှောင်စခန်းများသို့ သွားရောက်ကာ ပညာသင်ဆုများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး ရန်ပုံငွေများ ထောက်ပံ့ပေးခြင်း၊ ကျောင်းနေအရွယ်ကလေးများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးခြင်း၊ မိဘမဲ့ကျောင်းများတွင် လှူဒါန်းမှုများ ပြုလုပ်ခြင်းစသည့် လူမှုကူညီရေးလုပ်ငန်းများကို ပြုလုပ်ခဲ့သည်။ အလှူရှင်များ လှူဒါန်းထားသော အလှူရန်ပုံငွေများကို ကိုယ်တိုင်သွားရောက်လှူဒါန်းပေးခြင်းနှင့် စစ်ရှောင်ပြည်သူများအတွက် ရန်ပုံငွေ ရှာဖွေခြင်းများကိုလည်း ပြုလုပ်လျက်ရှိသည်။ မလိအင်ရာနှင့်အဖွဲ့၏ ပရဟိတလုပ်ငန်းများတွင် အများအကျိုးအတွက် အားကြိုးမာန်တက် လုပ်ဆောင်မှုများကြောင့် မြစ်ကြီးနားသတင်းဂျာနယ်က Myitkyina Journal Award ကို ချီးမြှင့်ခြင်း ဖြစ်ပါသည်။



## ပေးဆပ်သူ လူမှုကူညီရေးအသင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှ ပေးဆပ်သူ လူမှုကူညီရေးအသင်းကို သီတဂူဆရာတော်ကြီး ဦးဉာဏိဿရနဲ့ ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူတို့က စတင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ယင်းအသင်းအနေဖြင့် လူမှုရေး၊ ကျန်းမာရေး အခက်အခဲတွေဖြစ်နေသည့် ပြည်သူပြည်သားများအတွက် လူမျိုးရေး၊ ဘာသာရေး ခွဲခြားခြင်းမရှိဘဲ စောင့်ရှောက်မှုများကို အရှိန်အဟုန်ကောင်းကောင်းနှင့် ကူညီလုပ်ကိုင်နေဆဲဖြစ်သည်။ သေဆုံးသွားသူများကိုလည်း နေရပ်ဇာတိအထိ ပြန်လည်ပို့ဆောင်ပေးခြင်း၊ သဂြိုဟ်ပေးခြင်း စသဖြင့် စေတနာအပြည့်ဖြင့် လုပ်ကိုင်ပေးနေပါသည်။ ထို့အပြင် ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆေးရုံတက်ဆေးကုသ ခံယူနေသော်လည်း ငွေကြေးမတတ်နိုင်သည့် လူနာများအတွက် အသက်ကယ်အောက်ဆီဂျင်ဘူး၊ သွေး စသဖြင့် နှစ်ဆယ့်လေးနာရီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ လူသားအားလုံးအတွက် စေတနာရှေ့ထားပြီး ကူညီလုပ်ကိုင် ဆောင်ရွက်ခြင်းများကြောင့် မြစ်ကြီးနားသတင်းဂျာနယ်က Myitkyina News Journal Award ကို ပေးအပ်ခြင်း ဖြစ်သည်။

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈

www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင်
ဖော်ပြထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်၏
တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင်
ဖော်ပြပါရှိသော သတင်းများအတွက်
ငွေကြေးသော်လည်းကောင်း၊
တံစိုးလက်ဆောင်သော်လည်းကောင်း၊
လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ
မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ်
ရင်ထိုးတပ်ဆင်ထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်
သတင်းထောက်ဖြစ်ပါသည်။





တုတ်ထိုးအိုးပေါက် သို့မဟုတ်

coco မေးမြန်းသည်

# ကမ္ဘာမြေရဲ့ကချေသည်နှင့်တွေ့ဆုံခြင်း



စောနဒီ(မြစ်ကြီးနား)ဆိုတဲ့ နာမည်ကို ဟိုးအရင် မြစ်ကြီးနားသတင်း ဂျာနယ် စ မထုတ်ဝေခင်ကတည်းက ရင်းရင်းနှီးနှီး ရှိခဲ့တာပါ။ မြစ်ကြီးနားတက္ကသိုလ် မဂ္ဂဇင်းက ဝတ္ထုတိုလေးတွေကတော့ စာဖတ်ပရိသတ် တော်တော်များများ ဖတ်ဖူးကြမှာပါ။

စောနဒီဆိုတာ အရပ်မြင့်မြင့် ခပ်ဝဝနဲ့ လူကောင်ခပ်ကြီးကြီးလို့ ထင်ခဲ့တာ။ အထင်နဲ့အမြင် တက်တက်စင်အောင် လွဲတာပါပဲ။ ခပ်ညှက်ညှက် ခန္ဓာကိုယ်နဲ့ ဒါဟာ စာရေးဆရာ စောနဒီလားလို့ နှစ်ခါပြန်မေးရလောက်အောင် အသက်နဲ့စာရင် ပိုငယ်တယ်လို့ ထင်ရတယ်။

ဆရာစောဟာ မြစ်ကြီးနားသတင်းဂျာနယ် စထုတ်ဝေတဲ့ အချိန်ကစလို့ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို ပင်တိုင်ရေးခဲ့တာဖြစ်ပြီး ကြိုကြားကြိုကြား ကလောင်ခွဲတွေနဲ့လည်း စာဖတ်ပရိသတ်တွေကို အမြင်ဖွင့် တင်ဆက်ပေးနေခဲ့တာပါ။ အခုဆိုရင် "ကမ္ဘာမြေရဲ့ ကချေသည်"ဆိုတဲ့ ဝတ္ထုတိုစုစည်းမှု စာအုပ်လည်း ထွက်ရှိထားပါသေးတယ်။

ငါးနှစ်တာလည်း ပြည့်ခဲ့ပြီမို့ တုတ်ထိုးအိုးပေါက် သို့မဟုတ် ဆရာစောနဒီရဲ့ ခံယူချက်နဲ့ ရပ်တည်မှုတွေကို စာဖွဲ့ရေးပြနေတာထက်စာရင် သူကိုယ်တိုင် ပြောပြတာက ပိုပြီး ပြည့်စုံမယ်ထင်လို့ မြစ်ကြီးနားသတင်းဂျာနယ် စာဖတ်ပရိသတ်ကြီးအတွက် တွေ့ဆုံမေးမြန်းပေးဖြစ်ခဲ့တယ်။

**ဆရာရေ မင်္ဂလာပါရှင့်။ ပထမဦးဆုံးအနေနဲ့ ဆရာ့အကြောင်းလေးနဲ့ မိတ်ဆက်ပေးပါလား ဆရာ။**

သိပ်အများကြီး ပြောစရာမရှိပါဘူး။ စာရေးတယ်။ ကဗျာရေးတယ်။ သူလို ကိုယ်လိုပါပဲ။ အမှားတွေထဲ နေထိုင်ဖူးတယ်။ စာဖတ်တယ်။ လူထဲက လူတစ်ယောက်အဖြစ်ပါပဲ။ ဘာမှ မပိုပါဘူး။

**ဆရာ့နာမည်ရင်းနဲ့ မွေးသက္ကရာဇ်လေး ပြောပေးပါဦး ဆရာ။ ဆရာ့ရဲ့ ဇာတိရောပေါ့။**

အမည်ရင်းကတော့ ဦးစောမြင့်ဆွေ။ ၅. ၂. ၁၉၈၂ မှာ မွေးပါတယ်။ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် လက်ပန်အေးရွာ ဇာတိပါ။ မွေးချင်း ၈ ယောက်ထဲမှာ ၆ ယောက်မြောက် သားပါ။ တစ်ဦးတည်းသောသား ဆိုပါတော့။

**ဘယ်အချိန်ကစပြီး စာပေလောကထဲ ရောက်ခဲ့တာလဲ ဆရာ။**

၂၀၀၃ ခုနှစ် ချယ်ရီမဂ္ဂဇင်းမှာ "ကျွန်တော်ဆက်လျှောက်ခဲ့ပါသည်" ဆိုတဲ့ ဝတ္ထုတို ဖော်ပြခံခဲ့ရပြီး စာပေလောကထဲ စရောက်ခဲ့ပါတယ်။ ကဗျာကတော့ ၂၀၀၅ ခုနှစ် ပိတောက်မြေမဂ္ဂဇင်းမှာ 'ယနေ့ရုပ်ရှင်'ဆိုတဲ့ ကဗျာကို စတင်ဖော်ပြခံခဲ့ရပါတယ်။

**မြစ်ကြီးနားသတင်းဂျာနယ်မှာ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်း ရေးဖို့ ဘယ်လိုစိတ်ကူးရခဲ့တာလဲ ဆရာ။ အယ်ဒီတာက ရေးဖို့ ပြောခဲ့တာလား။**

အယ်ဒီတာ တိုက်တွန်းလို့ စရေးခဲ့တာ မဟုတ်ပါဘူး။ ဂျာနယ်တွေ သတင်းတွေဖတ်ပြီး တစ်ပတ်အတွင်း ဖတ်ခဲ့ရတဲ့ အကြောင်းအရာတွေကို စကားဝိုင်း ဖတ်ခဲ့မှတ်ခဲ့တဲ့ အကြောင်းအရာတွေကို စကားဝိုင်းအဖြစ် ရေးရင်ကောင်းမယ်ဆိုပြီး စမ်းရေးကြည့်တယ်။ အဲဒီ မတိုင်ခင်ကတော့ ဆောင်းပါးရေးတယ်။ အတွဲ(၁) အမှတ်(၃)လောက်မှာ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို စတင်ဖော်ပြခဲ့တယ်။ အစ ရေးတုန်းကတော့ အပတ်စဉ် ပင်တိုင်ရေးဖို့ စိတ်ကူးမရှိခဲ့ပါဘူး။ ပထမဆုံး တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်း စာမူဖော်ပြခံရတော့ ပျော်တာပေါ့။ အယ်ဒီတာကြီးကလည်း ပင်တိုင်ရေးပေးပါလား၊ ပရိသတ်တွေ ကြိုက်ကြတယ်ဆိုတာနဲ့ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို ဆက်ရေးဖြစ်ခဲ့ပါတယ်။ အခုတော့ မြစ်ကြီးနားသတင်းဂျာနယ် ထုတ်ဝေတာ ငါးနှစ်သက်တမ်း ပြည့်ခဲ့တာ ဖြစ်သလို တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းလည်း ငါးနှစ်ပြည့်ခဲ့တာပါပဲ။

**ဆရာ့ရဲ့ ကလောင်ခွဲတွေက များတယ်နော်။**

အစတုန်းကတော့ ကဗျာတွေ၊ ဝတ္ထုတိုတွေ ရေးခဲ့တဲ့အခါ စောနဒီ(မြစ်ကြီးနား)ကလောင်နဲ့ ရေးပြီး စာပေအတွေးအမြင်တွေကိုတော့ "ဆွေမြင့်စော"ကလောင်နဲ့ ရေးခဲ့တာပါ။ မြစ်ကြီးနားသတင်းဂျာနယ်မှာ၊ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းမှာ စာမျက်နှာတွေကို ငဲ့ပြီး မပြောဘဲ ချန်ထားခဲ့ရတာတွေ ရှိတယ်။ အဲ့ဒီတော့ "ခွဒေါင်း"ဆိုတဲ့ ကလောင် ပြန်ခွဲပြီး ပြောချင် ရေးချင်တာတွေကို ဆက်ရေးခဲ့ပါတယ်။

**တုတ်ထိုးအိုးပေါက်ကလောင်၊ ခွဒေါင်းကလောင်တွေနဲ့ စာရေးခဲ့တော့ အမှတ်တရ ကြုံတွေ့ခဲ့ရတွေ ရှိခဲ့ဖူးလား ဆရာ။**

စစ်အာဏာရှင်တွေ လက်အောက်မှာ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်း ဆိုတဲ့အတိုင်း တုတ်ထိုးအိုးပေါက် ပြောခဲ့တာတွေ ရှိသဗျ။ အမှောင်ခေတ်ထဲမှာ နေရထိုင်ရတော့ မွန်းကျပ်တယ်။ ပြည်သူတစ်ယောက်အနေနဲ့ ခံစားရတဲ့ ဝေဒနာတွေ ဖွင့်ချတယ်။ ပြည်သူ့အသံတွေကို နားထောင်ပြီး ပြည်သူတစ်ယောက်အနေနဲ့ ခံစားရတာတွေကို စကားဝိုင်းထဲ ထည့်ရေးပါတယ်။ ဦးသိန်းစိန်အစိုးရ လက်ထက်မှာ Envoy ဂျာနယ်က သတင်းသမားတွေ အရေးယူခံရတာတွေ ရှိခဲ့တယ်။ မီဒီယာတွေကို ဖိနှိပ်ခဲ့ချိန်တုန်းကလည်း ပြင်းပြင်းထန်ထန် ရေးခဲ့တာပါပဲ။ အစတုန်းက အယ်ဒီတာက ရေးသမျှ ဖော်ပြတယ်။ Envoy ကိစ္စ နောက်ပိုင်းမှာတော့ သိပ်ပြီး ပြင်းထန်တာတွေပါရင် သတိပေးပြီး လက်တို့တာမျိုးတွေ ရှိတယ်။ မှတ်မှတ်ရရ ရှိတာ ရှိသေးတယ်။ ခွဒေါင်းကလောင်နဲ့ "ဒေါ်အောင်ဆန်းစုကြည် တော်တော်ညံ့တယ်"ဆိုပြီး ဆောင်းပါးတစ်ပုဒ် ရေးတယ်။ စစ်အာဏာရှင်ဘက်က လူတွေဟာ စကားအပြောအဆို မတတ်ဘူး။ ပညာမပါဘူး။ ကြမ်းတမ်းတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ နူးညံ့တယ်။ သိမ်မွေ့တယ်။ ပညာတတ်ဆန်တယ် ဆိုတာမျိုး ရေးခဲ့တာ။ ဖားကန့်မြို့မှာရှိတဲ့ NLD ပါတီဝင်တစ်ဦးက ဆိုရင်စာကို အပြီးထိမဖတ်ဘဲ ခေါင်းစဉ်ကိုပဲ ဖတ်ပြီး ဂျာနယ်တိုက်ကို ဖုန်းဆက်တယ်။ ခွဒေါင်းဆိုတာ ဘယ်သူလဲ။ ဒေါ်အောင်ဆန်းစုကြည်ကို ညံ့တယ်ပြောရမလားဆိုပြီး ဒေါနဲ့မောနဲ့ ပြောတယ်။ ဆောင်းပါးအစအဆုံး ဖတ်ပြီးပြီလားဆိုတော့ မဖတ်ရသေးဘူးတဲ့။ ဒီတော့ ဆောင်းပါးကို ဆုံးအောင်ဖတ်ပါဦးဆိုပြီး ဖုန်းချလိုက်တယ်။ နောက်တော့ ဂျာနယ်တိုက်ကို ဖုန်းဆက်လာတယ်။ ဒီလိုဆိုတော့လည်း ဟုတ်တာပါပဲတဲ့။ အဲ့ဒီလူ အခု ပါတီတွင်းမှာ နေရာတစ်နေရာ ရနေတယ်ထင်တယ်ဗျ။ အဲ့ဒါမျိုးတွေ ကြုံရတယ်။ အမှတ်တရပါပဲ။

**ကြားထဲမှာ သုံးလေးလလောက် တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို မရေးခဲ့ဖူးနော်။ ဘာကြောင့်လဲ ဆရာ။ ဆရာ့ပရိသတ်တွေက မျှော်နေ၊မေးနေကြတာ။**

အသက်မွေးဝမ်းကြောင်းဘက်မှာ ဦးစားပေးပြီး မိသားစုနဲ့ အချိန်ပိုပေးချင်လို့ပါ။ ဂျာနယ်ဘက်မှာ ဦးစားပေးရေးနေတော့ ဝတ္ထုဘက်၊ ကဗျာဘက် သိပ်မလှည့်ဖြစ်တော့ဘူး။ ဒါနဲ့ ရသစာပေဘက်ကို အချိန်ပေး ရေးချင်တာနဲ့ ခဏနားလိုက်တာပါ။




**နောက်ပိုင်း ဘာလို့ ပြန်ရေးဖြစ်ခဲ့တာလဲ ဆရာ။**

စာဖတ်ပရိသတ်တွေက ဂျာနယ်တိုက်ကို ဖုန်းတဂွမ်ဂွမ် ဆက်ကြတယ်။ ကျွန်တော့်ဆီကိုလည်း စုံစမ်းပြီး ဆက်ကြပါတယ်။ အဲ့ဒီတော့မှ ပိုအံ့ဩသွားတာ။ ငါရေးတဲ့စာကို တကူးတကစောင့်ပြီး ဖတ်နေတဲ့ ပရိသတ်အခိုင်အမာ ရှိနေပါလား ဆိုပြီး ဖြစ်သွားတာ။ နောက်တော့ မအားလပ်တဲ့ကြားထဲကနေ အချိန်လုပြီး တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို ရေးခဲ့တာပါ။ အဲ့ဒီအတွက် စာဖတ်ပရိသတ်တွေကို ကျေးဇူးအထူးတင်ပါတယ်။

**မဒမ်တုတ်ထိုး၊ မဒမ်အိုးပေါက် ဆိုပြီး ကြားထဲမှာ နှစ်ပတ်လောက် ဆရာရေးဖြစ်ခဲ့သေးတယ်နော်။**

ဟုတ်တယ်ဗျ။ အိမ်ထောင်ရှင်မတွေရဲ့ အသံကိုလည်း ထည့်ပြီးရေးရင် ကောင်းမလားဆိုပြီး စမ်းရေးကြည့်တာဗျ။ မိန်းမတစ်ယောက်အနေနဲ့ ခံစားပြီးရေးရတာ သိပ်မလွယ်ဘူး။ ဒါနဲ့ တုတ်ထိုးအိုးပေါက်ဆိုပြီး ပြန်ရေးခဲ့တာပါပဲ။

**နောက်ပိုင်း ဆရာရေးတဲ့စာတွေက သိပ်ပြီး မပြင်းထန်တော့ဘူးနော်။ အရင်အစိုးရလက်ထက်တုန်းက စာတွေလို ဆရာ့စာတွေက မပြင်းထန်တော့ဘူးလို့ တချို့ဝေဖန်သံတွေ ကြားနေရတယ်ဆရာ။ ဆရာ့အနေနဲ့ ခံစားမှုလေး ရှင်းပြပေးပါဦး။**

ပြင်းထန်စရာ လိုအပ်လာရင် ပြင်းထန်မှာပါ။ အခု NLD အစိုးရရဲ့ ပျော့ကွက်ဟာကွက်တွေ ရှိတယ်။ အားမလိုအားမရ ဖြစ်ခဲ့တာတွေ ရှိတာပေါ့။ ဒါပေမဲ့ ခွင့်လွှတ်လို့ရသေးတယ်ဗျ။ အရင်လူတွေက နှစ်ပေါင်းများစွာ အစိုးရလုပ်ခဲ့ပြီး ပြည်သူလူထုဘက် အပြည့်အဝ မရှိခဲ့ကြဘူး။ အခုအစိုးရဟာ ငါးနှစ်တာအတွင်းပဲ ရှိသေးတယ်။ တရားဥပဒေစိုးမိုးမှု မရှိသေးဘူး။ အရင်လူတွေ လက်ထက်တုန်းကရော တရားဥပဒေစိုးမိုးမှု ရှိသလား။ အခုအစိုးရလက်ထက်မှာရော ငြိမ်းချမ်းရေး အခြေအနေ ဘယ်လိုလဲ။ စီးပွားရေးအခြေအနေ ဘယ်လိုလဲ။ ပြောရမယ်ဆိုရင် NLD အစိုးရသစ်လက်ထက်မှာ ရင်ဆိုင်နေရတာတွေက အရင်လူတွေရဲ့ အမှိုက်ထုပ်ကြီးကို လက်ဝေခံခဲ့ရတာနဲ့ တူတယ်။ ရှင်းနေရတာနဲ့ မပြီးတော့ဘူး။ ဒီတော့ ဒီအစိုးရသစ် လက်ထက်မှာ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းမှာ ပြောတဲ့စကားတွေက ပျော့နေတယ်။ အားရစရာ မရှိဘူးဆိုရင် ဟုတ်ပါတယ်လို့ ဝန်ခံရမှာပါ။ ဒါပေမဲ့ မဖြစ်မနေ ဝေဖန်ရမယ့် အကြောင်းအရာမျိုး ဆိုရင်တော့ ထည့်ပြီးပြောဆိုဆွေးနွေးပါတယ်။ စိတ်ချပါ။ အမှန်တရားဘက်မှာတော့ အမှန်တရား ရပ်ပါမယ်။ ဆန်ရင်းနာနာဖွပ်ဖို့ လိုအပ်ရင်တော့ ဆန်ရင်းနာနာ ဖွပ်ရမှာပါပဲ။

**ဒီအစိုးရလက်ထက်မှာ ကချင်ပြည်နယ်ဘက်မှာ ထူးထူးခြားခြား ပြောင်းလဲလာတာ ရှိသလား ဆရာ။**

စာ .. ၁၁ သို့ »




ကချင်ပြည်နယ်မှာ ပုဂ္ဂလိကပိုင်အနေနဲ့ ပထမဆုံးထွက်ပေါ်ခဲ့တဲ့ မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ သက်တမ်းက အခုဆိုရင် ၅ နှစ် တင်းတင်းပြည့်မြောက်ခဲ့ပါပြီ။ ဂျာနယ်တစ်စောင်အနေနဲ့ တစ်နှစ်ဆိုတဲ့ ကာလ (စောင်ရေ ၄၀ ကျော်)ကိုတောင် ဖြတ်သန်းဖို့ မလွယ်တဲ့အချိန်မှာ ဒေသတွင်းထုတ်ဂျာနယ်တစ်စောင် သက်တမ်းငါးနှစ်ကို ဖြတ်သန်းလာနိုင်ခဲ့တဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။

လက်ဖဝါးပေါ်က မှန်ပြင်ကို ထောက်လိုက်ရုံနဲ့ အိမ်ပြင်ထွက်စရာမလိုဘဲ သတင်းတွေ သိနိုင်နေတဲ့ ခေတ်ကြီးထဲက Press Media အတော်များများ ဖျက်သိမ်းနေရချိန်မှာ မြစ်ကြီးနားသတင်း ဂျာနယ်က ငါးနှစ်ဆိုတဲ့ ကာလကို အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ခဲ့တာ တကယ့်ကို ဂုဏ်ယူစရာပါ။

အထူးသဖြင့် သတင်းမီဒီယာသမားတွေကို (အထောက်အကူ မပြုတဲ့အပြင်) ဘယ်တုန်းကမှ အားမပေးခဲ့ဘဲ"သတင်းသမားတွေဟာ အဆိုးမြင်သမားတွေသာဖြစ်တယ်"၊ "ငါတို့ ကောင်းတာလုပ်တာကို ကျတော့ ရေးမပေးဘူး"၊ "ငါတို့ အားနည်းချက်ကိုပဲ လိုက်ရှာနေတယ်"လို့ အမြင်ရှိပြီး ဘာမေးမေးဖြေဆိုဖို့ ငြင်းတတ်ကြတဲ့ မြန်မာအစိုးရမင်းတွေရဲ့ လက်ထက်မှာ သတင်းစာတွေ ရှင်သန်ဖို့က ထင်တာထက်ပိုခက်ခဲပါတယ်။

## ဂျာနယ်အစ

မြစ်ကြီးနားသတင်းဂျာနယ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ စတင် သန္ဓေတည်ခဲ့ပါတယ်။ မီဒီယာလောကမှာ ဆယ်နှစ်ကျော် ကျင်လည်ခဲ့ကြတဲ့ ဦးဘရန်မိုင် (အမှုဆောင်အရာရှိ)၊ ဦးဇော်ခွန်း (အမှုဆောင်အရာရှိ)နဲ့ မဆိုင်းမိုင်(အယ်ဒီတာချုပ်)ဆိုတဲ့ လူငယ်သုံးဦးက သူတို့တတွေ နှစ်ပေါင်းများစွာ မက်ခဲ့တဲ့ အိပ်မက်ကို အကောင်အထည်ဖော်ခဲ့ကြတာပါ။

"ကျွန်တော် ဂျာနယ်ထုတ်ဖို့ အိပ်မက်မက်ခဲ့တာ ကြာပြီ။ ရှစ်နှစ်လောက်ကြာမှ အကောင်အထည်ဖော်ဖြစ်ခဲ့တာ"လို့ ၁၇ နှစ်သမီးအရွယ်ကတည်းက မီဒီယာလောကထဲကို ရောက်နေတဲ့ အယ်ဒီတာချုပ် မဆိုင်းမိုင်က ပြောပါတယ်။ မြန်မာနိုင်ငံက သတင်းစာအားလုံးနီးပါးရဲ့ အယ်ဒီတာချုပ်တွေဟာ အမျိုးသားတွေ ဖြစ်တာကြောင့် သူမလို လူငယ်အမျိုးသမီးတစ်ဦးအယ်ဒီတာချုပ် လုပ်နေတာကို ပြည်ပက သတင်းစာ ဆရာအချို့ကတောင် လေးစားသမှုနဲ့ ဆောင်းပါးရေးသားကြပါတယ်။ လက်ရှိအသက် သုံးဆယ်ဝန်းကျင်သာရှိသေးတဲ့ သူမက မြန်မာနိုင်ငံမှာ ကျင်းပတဲ့ Photo Story ပြိုင်ပွဲတွေမှာ မကြာခဏဆိုသလို ဆုရရှိဖူးတဲ့သူလည်း ဖြစ်ပါတယ်။

ကချင်ပြည်နယ်တွင်းမှာ လူ့အခွင့်အရေး ချိုးဖောက်တာတွေ၊ လယ်ယာမြေပြဿနာတွေ၊ ဒုက္ခသည်အရေးတွေ များစွာ ဖြစ်ပေါ်နေပေမယ့် သတင်းစာကြီးတွေ၊ ဂျာနယ်ကြီးတွေက ဒီပြဿနာတွေအတွက် စာမျက်နှာ မပေးနိုင်ကြဘူး။ ပြည်နယ်ထဲက ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက် ကြားခံအခင်းအကျင်း (Platform) တစ်ခုမရှိရင် မဖြစ်တော့ဘူး ဆိုတာကို သိလို့ ဂျာနယ်ထုတ်ဝေဖို့ ဆန္ဒပြင်းပြခဲ့ကြတာလို့လည်း ဆိုပါတယ်။

## ဂျာနယ်တိုက်အစ

ဂျာနယ်တိုက် စတင် တည်ထောင်စက ဆလိုင်း၊ သန်းထက်အောင်၊ ချန်းဖီရမ်၊ မွန်းမွန်းပန်၊ ဇော်နိုင်ဦးဆိုတဲ့ သတင်းထောက် ငါးယောက်၊ အယ်ဒီတာ မဆိုင်းဂျာ၊ Layout Designer ဆန်းအောင်၊ Graphic Designer နိန်လီပန်၊ စာစီစာရိုက် ဆိုင်းအိန်၊ လုရာ၊ Marketing အိဇင်ဖြိုး၊ ဂျာစင်၊ ရုံးတာဝန်ခံ ဆိုင်းနူးအောန်၊ စာရင်းကိုင် မနန်အောင်တို့ ပါဝင်ခဲ့ကြပါတယ်။

သတင်းထောက်ချုပ်အဖြစ် ကိုကိုအောင်နဲ့ စာတည်းမှူးအဖြစ် ဦးHလအောင် တို့က ယာယီ ကူညီပေးခဲ့ကြပါသေးတယ်။ နောက်ပိုင်းမှာတော့ စာတည်းမှူးတာဝန်ကို စာရေးဆရာ တင်နွမ်းလွင်(ခေါ်)ဆရာ ဦးဝင်းဆွေက ဆောင်ရွက်ခဲ့ပါတယ်။

သတင်းထောက် ငါးယောက်ကို ရန်ကုန်ဂျာနယ်လစ်ဇင်ကျောင်းက သင်တန်းလာရောက်မပို့ချမီမှာ အထက်က ဆရာသုံးယောက်က အခြေခံသတင်းရေးသားနည်း ပညာတွေ သင်ကြားပေးပြီး လက်တွေ့ကွင်းဆင်း သတင်းယူကြပါတယ်။ သတင်းတစ်ပုဒ်၊ သတင်းစာတစ်စောင် ဖတ်ရတာ မကြာပေမယ့် သတင်းလိုက်ရတာ၊ သတင်းရှာရတာ၊ သတင်းယူရတာ၊ သတင်းရေးရတာဟာ ထင်သလောက် မလွယ်ကူမှန်း သိလိုက်ကြရပါတယ်။ ပထမဆုံးသော မြစ်ကြီးနားသတင်း ဂျာနယ်ကို ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့မှာ စတင်ထုတ်ဝေခဲ့ပါတယ်။

စာစောင်တစ်စောင်၊ နှစ်စောင်လောက် ထုတ်ဝေအပြီးမှာတော့ ရန်ကုန် သတင်းစာပညာကျောင်း တည်ထောင်သူ သတင်းစာဆရာကြီး ဦးရဲနိုင်မိုး ကိုယ်တိုင်လာရောက်ပြီး သတင်းထောက်တွေကို အခမဲ့ သင်တန်း ပို့ချခဲ့ပါတယ်။ ရန်ကုန်သတင်းပညာကျောင်းက အခုချိန်အထိ သတင်းထောက်တွေ အရည်အသွေးပြည့်ဝအောင် စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနေတုန်းပါ။

## သတင်းထောက်အခက်အခဲ

တင်စားရမယ်ဆိုရင် ကချင်ပြည်နယ်မှာ ကျောက်မျက်ရတနာကောင်းကောင်းရဖို့ လွယ်ချင်လွယ်ပါလိမ့်မယ်။ ဒါပေမဲ့ သတင်းထောက်တစ်ယောက်ရဖို့ကတော့ အင်မတန်မှ ခက်ခဲခဲ့ပါတယ်။ သတင်းထောက် အလုပ်ကို လုပ်ချင်တဲ့သူ ရှိပြန်ရင်လည်း မိသားစုက သဘောမတူတာတွေ၊ ကိုယ်တိုင်က ဝါသနာပါတယ် ထင်ပေမယ့် တကယ့်တကယ် လက်တွေ့ကွင်းဆင်း သတင်းရေးကြတဲ့အခါ စိတ်ပျက်အားလျော့သွားကြတဲ့သူတွေ၊ သတင်းထောက်အလုပ်ထက် သာလွန်ကောင်းမွန်တဲ့ အလုပ်အကိုင်ကြောင့် တစ်ခဏလုပ်ပြီး နားလိုက်တဲ့သူတွေ အများအပြားကို တွေ့ခဲ့ရပါတယ်။

မြစ်ကြီးနားမြို့အပြင် တနိုင်း၊ ဗန်းမော်၊ ဖားကန့်၊ မိုးညှင်း၊ ပူတာအို၊ ဝိုင်းမော် အစရှိတဲ့ မြို့တွေကနေ ခေါ်ယူပြီး မြစ်ကြီးနားသတင်းဂျာနယ်က အခမဲ့သင်ကြားပေးတဲ့ သင်တန်းတွေ၊ မြစ်ကြီးနားဂျာနယ်အားဖြင့် အခမဲ့ တက်ရောက်သင်ယူခွင့်ရခဲ့တဲ့ သင်တန်းတွေတက်ပြီး အလုပ်ထွက်သွားတဲ့သူ၊ အလုပ်ပြောင်းသွားတဲ့သူ စုစုပေါင်း အယောက် ၂၀ လောက်အထိရှိခဲ့ပါတယ်။

အဲဒီအယောက် ၂၀ ထဲမှာ မီဒီယာလောကကို ကျောခိုင်းသွားတဲ့သူတွေရှိသလို အခြားသော သတင်းဌာနတွေမှာ တာဝန်ထမ်းဆောင်နေသူတွေလည်း ရှိတာကြောင့် သတင်းပညာ တတ်မြောက်လိုသူတွေအတွက် မြစ်ကြီးနားသတင်းဂျာနယ်က ခြေကုပ်တစ်ခုပါ။

## ငါးနှစ်တာ အတွေ့အကြုံ

၂၀၁၄ ခုနှစ် သင်္ကြန်အပြီးမှာ မြစ်ကြီးနားသတင်းဂျာနယ်ကို ၁၅ ရက်တစ်ကြိမ်နှုန်းနဲ့ တစ်လကို နှစ် စောင်ထုတ်ဝေခဲ့ပါတယ်။ ၂၀၁၅ မှာတော့ ဆယ်ရက်တစ်စောင်နှုန်းနဲ့ ထုတ်ဝေခဲ့ပြန်ပါတယ်။ နောက်ပိုင်းမှာတော့ အပတ်စဉ်ထုတ်ဂျာနယ်အဖြစ် သောကြာနေ့တိုင်း ပြောင်းလဲထုတ်ဝေခဲ့ပြီး တစ်နှစ်ကို အစောင် သုံးဆယ်ကျော် လေးဆယ်လောက်အထိ ထုတ်ဝေနိုင်ခဲ့ပါတယ်။

ငါးနှစ်တာ ကာလအတွင်းမှာ အနုပညာသတင်း၊ မှုခင်းသတင်းတွေကစလို့ မြစ်ဆုံအရေး၊ ဒုက္ခသည်အရေး၊ တောင်သူ လယ်သမားအရေးတွေ အဆုံး သတင်းအမျိုးအစားပေါင်း ၂၀ ကျော် ၃၀ လောက်အထိ ဖော်ပြနိုင်ခဲ့ပါတယ်။ တစ်ဖက်က ကချင်ပြည်နယ်သားတွေအတွက် စာစောင်ကို ထုတ်ဝေသလို တစ်ဖက်မှာလည်း တစ်ကမ္ဘာလုံးက ပရိသတ်တွေအတွက် Facebook စာမျက်နှာကနေ သတင်းတွေကို စဉ်ဆက်မပြတ်တင်ပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် Myitjyina News Journal ဖေ့စ်ဘုတ်စာမျက်နှာမှာ ပရိသတ် ၅ သိန်းကျော်အထိ ရှိနေပါပြီ။

လူမှုကွန်ရက်ကနေ ရုပ်သံသတင်းတွေ၊ ရေဒီယိုသတင်းတွေ၊ ပုံနှိပ်စာသတင်းတွေ၊ သတင်းဓာတ်ပုံတွေကို အချိန်နဲ့တစ်ပြေးညီ တင်ဆက်ခဲ့ပါတယ်။ တချို့စာဖတ်ပရိသတ်တွေက မြစ်ကြီးနားဂျာနယ်ဖေ့စ်ဘုတ်မှာ မတင်သေးသရွေ့ သတင်းတွေကို အတည်မပြုတဲ့အထိ အားကိုးရာဖြစ်ခဲ့ပါတယ်။ မြစ်ကြီးနားသတင်း ဂျာနယ်ကလည်း ပြည်နယ်တွင်း လူနည်းစုအတွက် ထုတ်ဝေတယ်ဆိုပေမယ့် တခြားသတင်းစာကြီးတွေက သတင်းထောက်တွေ လိုက်နာရတဲ့ ကျင့်ဝတ်တွေကိုပဲ လိုက်နာပြီး၊ သတင်းစာကြီးတွေက ရေးထုံးတွေအတိုင်း မျှမျှတတနဲ့ ရေးခဲ့ပါတယ်။ မိမိတို့သိတဲ့ လက်လှမ်းမီတဲ့ သတင်းမှန်သမျှကို လူမျိုး၊ ဘာသာမခွဲခြားဘဲ အရောက်သွားပြီး ရေးခဲ့ပါတယ်။

သတင်းစာတို့ရဲ့ မူလသဘောတရားက ပြည်သူကို အကျိုးပြုဖို့သက်သက် ဖြစ်တာကြောင့် အများပြည်သူရဲ့ လိုအပ်ချက်တွေကို သက်ဆိုင်သူတွေက ဖြည့်ဆည်းပေးနိုင်အောင် ဆက်သွယ်ပေးတာတွေရှိခဲ့သလို အများပြည်သူ ထိခိုက်နစ်နာမှုတွေနဲ့ ပတ်သက်ပြီး ရေးတဲ့အခါ တချို့လူနည်းစုတွေကို ထိခိုက်စေခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

ဒါ့ကြောင့် ငါးနှစ်ဆိုတဲ့ကာလအတွင်းမှာ မြစ်ကြီးနားသတင်းဂျာနယ်ကို အားပေးချစ်ခင်တဲ့သူတွေ ရှိသလို မလိုမုန်းထား တိုက်ခိုက်တာတွေလည်း ရှိခဲ့ပါတယ်။

အထူးသဖြင့် မိမိကိုယ်ကိုယ် ပြည်သူထဲက ပြည်သူလို့ ထင်မှတ်မထားတဲ့ ပြည်သူ့လခစား ဝန်ထမ်းတချို့က သတင်းသမားတွေရဲ့ ပြည်သူ့အကျိုးဆောင်ရွက်မှုအပေါ် ဘယ်လို ကိုယ်ချင်းစာရမယ်မှန်း မသိကြပါဘူး။ သူတို့ အနေနဲ့လည်း ခြောက်စား၊ မြှောက်စားလုပ်တတ်တဲ့ သတင်းထောက် အမည်ခံပုဂ္ဂိုလ်တချို့နဲ့ တွေ့ခဲ့ဖူးတော့ တခြားသတင်းဌာနက သတင်းထောက်တွေသည်လည်း သူတို့အားနည်းချက်ကို ဆော်မယ့်သူတွေလို့ အထင် ရှိနေကြတာပါ။

ပြီးခဲ့တဲ့လက ဂျာနယ်တိုက်က သတင်းထောက် နှစ်ယောက် အနိုင်ကျင့်ခံရလို့ ရဲစခန်းကို သွားရောက်အကူအညီတောင်းခံတဲ့ နေရာမှာ သတင်းထောက်တွေဘက်က အကူအညီပေးဖို့ တုံ့ဆိုင်းနေကြတာကို ကြုံခဲ့ရပါတယ်။ ပြစ်မှုကျူးလွန်ခံနေရပါတယ် ဆိုတာကို အထက်က အမိန့်မရလို့ဆိုပြီး အခင်းဖြစ်နေရာကို လိုက်ပါပေးဖို့ ငြင်းဆန်ခံခဲ့ရတာဟာ သတင်းထောက်တွေအပေါ်ထားတဲ့ ရဲစခန်းရဲ့ သဘောထားပါ။

စာ .. ၁၉ သို့ »

# ကချင်ပြည်နယ်မှာ အလိုအပ်ဆုံးက ဘာဖြစ်မလဲ

ထွန်းထွန်း၊ ဆလိုင်း မေးမြန်းသည်



## ဦးထော်ခေါင် (ချီဖွေစစ်ရှောင်စခန်းအမှတ်(၂) တာဝန်ခံ)

နံပါတ် ၁ အနေနဲ့ အဓိက ငြိမ်းချမ်းရေးကိုပဲ တောင်းဆိုချင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ မိမိဒေသကို အမြန်ဆုံးပြန်ချင်တဲ့ အပိုင်းကို တောင်းဆိုချင်တယ်။ ဒုတိယအချက်အနေနဲ့ NGOs အဖွဲ့အစည်းတွေ ဒီဘက် (ချီဖွေ)ဒေသမှာ များများရောက်လာတာကို လိုလားပါတယ်။ အဖွဲ့အစည်းတွေ ရောက်လာပြီး တစ်ဖွဲ့နဲ့တစ်ဖွဲ့က ကျွန်တော်တို့ လိုအပ်မှုတွေကို ကူညီနိုင်မှ အဆင်ပြေမှာ ဖြစ်ပါတယ်။ ပြီးတော့ ကလေးတွေအတွက် ပညာရေးဘက်မှာ ပံ့ပိုးပေးနိုင်မယ့် အဖွဲ့အစည်း တွေလိုအပ်နေပါတယ်။ ကျူရှင်တို့ ဘာတို့ ထောက်ပံ့ပေးနိုင်မယ့် ဟာတွေပေါ့။ နောက်တစ်ခု ကျန်းမာရေးပိုင်းမှာ ဆေးဝါးတွေ လုံလုံလောက်လောက် ရရှိနိုင်ဖို့ လုပ်ဆောင်ပေးဖို့ တောင်းဆိုချင်ပါတယ်။

## ဦးဇော်လွင် (မိုးညှင်းဒေသခံ)



ပြည်တွင်း ငြိမ်းချမ်းရေး ရရှိဖို့ဆိုတာ စားဝတ်နေရေး အဆင်ပြေတာနဲ့ မဆိုင်ဘူး ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စားဝတ်နေရေး ပြေလည်တိုင်းသာ ငြိမ်းချမ်းရေး ရမယ်ဆိုရင် အဓိပ္ပါယ်မဲ့တယ်လို့ ထင်တာပေါ့။ ငြိမ်းချမ်းရေးမရခြင်းရဲ့ အဓိက ကတော့ အစိုးရ၊ တပ်မတော်နဲ့ အများကြီး အဓိက ပတ်သက်နေတယ်လို့ ယူဆရတာပေါ့။ အစိုးရက ငြိမ်းချမ်းရေး လုပ်နေတယ်။ စစ်တပ်ဘက်က နည်းနည်းလေး လိုက်မွှေနေတယ်လို့ ထင်တယ် ပေါ့နော်။ ငြိမ်းချမ်းရေးလုပ်ပြီဆိုရင် ဟိုမှာ တိုက်ပွဲတွေ ဖြစ်နေကြပြီလေ။ ငြိမ်းချမ်းရေးကို လိုလိုလားလား ရချင်တယ်ဆိုရင် တပ်က လုပ်လို့ရတယ်။ လက်နက်ကိုင် အဖွဲ့အစည်းအကြီးတွေမှာ လူတိုင်းမသိနိုင်တဲ့ လျှို့ဝှက်ဆက်သွယ်မှုတွေ ရှိနေနိုင်တယ်။ ကချင်ပြည်နယ်မှာ KIA နဲ့ တိုက်တယ်ဆိုတာလည်း တပ်မတော်ဘက်က လိုက်တိုက်တာ အများဆုံးတွေ့ရတာပေါ့နော်။ KIA က လာလို့ပစ်တာဆိုတာ အင်မတန် နည်းနေတယ်။ ကျွန်တော့် တစ်ဦးတည်းအမြင်နဲ့ ပြောရရင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တပ်မတော်ဘက်က အဓိက ဖြေလျှော့ဖို့ လိုသလို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ နှစ်ဘက်စလုံး ဖြေလျှော့လိုက်ရင် ငြိမ်းချမ်းရေးဆိုတာ ပြည်သူ့အတွက် အားလုံးအတွက် အဆင်ပြေသွားနိုင်ပါတယ်လို့ ပြောချင်ပါတယ်။



## ဦးပွဲအောင် (မိုးညှင်းဒေသခံ)

ပြည်တွင်း ငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အဓိကကတော့ အပစ်အခတ်ရပ်စဲကြဖို့ လိုနေတာပါ။ အပစ်အခတ်တွေ မရှိဘူးဆိုရင် လူတွေငြိမ်းချမ်းမယ်။ အေးချမ်းမယ်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတွေကို ချောချောမွေ့မွေ့ လုပ်ဆောင်နိုင်မယ်။ အဲဒီအခါမှာ အုပ်ချုပ်ရေး ယန္တရားကြီးဟာလည်း အောင်မြင်နိုင်မယ်။ အပစ်အခတ် ရပ်စဲဖို့ဆိုတာဟာလည်း အစိုးရ၊ တပ်မတော်နဲ့ တောတွင်းတိုင်းရင်းသား လက်နက်ကိုင်တွေရော နှစ်ဦးနှစ်ဘက်စလုံးနဲ့ ဆိုင်ပါတယ်။ အထူးသဖြင့်တော့ တောတွင်း တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ရန်စရန်ကွင်းပေ့ါ။ ဒါတွေက စတာပါ။ အဲဒီလို မဖြစ်လာဘူးဆိုရင် အစိုးရဘက်ကလည်း ပြန်လည်တုံ့ပြန်တဲ့အပိုင်းတွေဆိုတာ ဖြစ်မလာဘူးပေါ့။ တောတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေက စပြီးတော့မှ စတင်လှုပ်ရှားလာမယ်ဆိုရင်လည်း အစိုးရ ဘက်ကနေ လက်နက်ကိုလက်နက်ခြင်း မတုံ့ပြန်ဘဲနဲ့ စေတနာမေတ္တာထားပြီးတော့မှ သူတို့ကို ငြိမ်းချမ်းရေး ရအောင်ဆွေးနွေးရမယ်။ ပြီးတော့ ပြည်သူလူထုတွေ နစ်နာထိခိုက်နေတဲ့ အကြောင်းတွေ သူတို့သိအောင် ရှင်းလင်းဆွေးနွေး တွေ့ဆုံပွဲတွေ ပြုလုပ်ရမယ်။ ဒါဆိုရင် တစ်ဖက်က ဒေါသနဲ့ရန်မူဦးတော့၊ ကိုယ့်ဘက်က စေတနာမေတ္တာတရားနဲ့ ပြန်ပြီးတုံ့ပြန်လို့ရှိရင် တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးကို ကာကွယ်တဲ့ အနေအထားမျိုး ဖြစ်လာတာပေါ့လေ။ အဲဒီလိုပဲ မြင်ပါတယ်။ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးမရကြတဲ့ အကြောင်းရင်းကတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေမှာ ခံယူချက်တို့ စိတ်ဓာတ်တို့ ပြုပြင်ပြောင်းလဲမှု မရှိသေးဘူးလို့ တွေ့ရတယ်။ ကချင်ပြည်နယ်မှာလည်း ငြိမ်းချမ်းရေး လက်မခံသေးတဲ့ အဖွဲ့တွေ ရှိနေပါသေးတယ်။ တောတွင်း တိုင်းရင်းသား လက်နက်ကိုင်တွေအားလုံးက အစိုးရရဲ့ တည်ဆောက်နေတဲ့ အပိုင်းတွေကို နားလည် သဘောပေါက်လာကြရင် ကချင်ပြည်နယ်မှာတင် မကဘူး။ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းမှုတွေ ရရှိလာမယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ လက်နက်ကိုင်အဖွဲ့ နှစ်ဦးနှစ်ဖက်စလုံးအပေါ် တညီတညွတ်တည်း ဆန္ဒဖော်ထုတ်တင်ပြ တောင်းဆိုနိုင်ဖို့ ပြည်လူထုရဲ့ စွမ်းအားတွေ အများကြီး လိုနေပါသေးတယ်။ တိုက်ပွဲတွေဖြစ်ရင် ပြည်သူတွေကပဲ ကြားကနေ နစ်နာနေရတာမို့လို့ ပြည်သူတွေ အလိုချင်ဆုံးကတော့ တစ်ဖက်နဲ့တစ်ဖက် အပစ်အခတ် ရပ်စဲပေးကြဖို့ပါပဲ။

## ဦးကြည်ဝင်း (မိုးညှင်းဒေသခံ )



ငြိမ်းချမ်းရေးဆိုတာ ပြည်သူတွေ အလိုချင်ဆုံးအရာပါ။ ပြည်တွင်းငြိမ်းချမ်းရေး ရဖို့ဆိုတာ ပြည်သူတွေရဲ့ စားရေး၊ နေရေး၊ ဝတ်ရေး အဆင်ပြေနိုင်အောင် လုပ်ပေးနိုင်မှသာ ဖြစ်နိုင်မှာပါ။ အဲဒီ အရေးသုံးပါးနဲ့ ပတ်သက်ပြီး အေးအေးဆေးဆေးနေရရင် ဘယ်သူတွေကပဲ အုပ်ချုပ်အုပ်ချုပ်ပါ။ လက်ခံနိုင်ပါတယ်။ စားဝတ်နေရေး မပြေလည်ကြလို့ အခုလိုဇာတ်လမ်းတွေ ဖြစ်ပေါ်နေတာပါ။ ငြိမ်းချမ်းရေး ရနိုင်ဖို့အတွက် အစိုးရအနေနဲ့ လုပ်ပေးရမယ့် အပိုင်း နှစ်ပိုင်း ရှိတယ်လို့ မြင်ပါတယ်။ တစ်ပိုင်းက ပြည်သူတွေရဲ့ စားဝတ်နေရေး ပြေလည်အောင် လုပ်ပေးရမယ်။ တစ်ပိုင်းက လက်နက်ကိုင် တိုင်းရင်းသားတွေ လိုလားချက်တွေနဲ့ အလျှော့အတင်း ချိန်ထိုးပြီး သူတို့ရဲ့တူညီတဲ့ ဘုံသဘောထားတွေနဲ့အတူ ရပ်တည်ချက်တွေကို အတည်ပြုပြီးတော့မှ လက်တွဲညီညီ ညှိနှိုင်းဆောင်ရွက်ပေးကြရပါမယ်။ မတူညီတာတွေကို ဘေးဖယ်ပြီး လက်တွေ့တွေနဲ့ ပေါင်းစပ်ကြရမယ်။ ဒါမှ အဆင်ပြေနိုင်မယ်လို့ ထင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ အားလုံးနဲ့ သက်ဆိုင်တာမို့ စားဝတ်နေရေးမပြေလည်နေသ၍ အဖျက်အမှောင့် အဟန့်အတား ဟူသ၍သည် တရားဥပဒေကိုပဲ ဆိုဆို၊ လက်နက်ကိုင်တဲ့ ကိစ္စကိုပဲဆိုဆို လိုရင်းကတော့ စားဝတ်နေရေး မပြေလည်မှုပါပဲ။ ဒါကြောင့် ပြည်သူလူထုရဲ့ အလိုချင်ဆုံးကတော့ စားဝတ်နေရေး လုံလုံခြုံခြုံဖြစ်အောင် လုပ်ပေးနိုင်ဖို့ အဓိကပါပဲလို့ ပြောချင်ပါတယ်။

## ဦးဆန်အောင် (ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့)

ကချင်ပြည်နယ်မှာ အလိုအပ်ဆုံးကတော့ ငြိမ်းချမ်းရေးပါပဲ၊ ငြိမ်းချမ်းရေးမရရင် ဘာအလုပ်မှ လုပ်လို့မရဘူး အခုနယ်ဘက်တွေဆိုရင် ဘာတည်ဆောက်ရေးမှ လုပ်လို့မရတဲ့ အနေအထားမျိုး ဖြစ်နေတယ်။ သွားလို့လာလို့လည်း မရဘူး။ စစ်ရှောင်တွေဆိုရင် ကချင်ပြည်နယ်လူဦးရေရဲ့ ဆယ်ပုံတစ်ပုံလောက် ဖြစ်တယ် ဆိုတော့ ဒီငြိမ်းချမ်းရေးမရတော့ စစ်ရှောင်တွေလည်း အလုပ်လည်း မလုပ်နိုင်ဘူး။ သူတို့ ဝန်ထုပ်ဝန်ပိုးကို တခြားလူတွေက ထမ်းပိုးနေရသလိုလည်း ဖြစ်နေတယ်။ သွားလို့လာလို့မရတော့ စီးပွားရေးလုပ်ဖို့ တည်ဆောက်ရေးတွေ လုပ်ဖို့အတွက်လည်း အများကြီး အခက်အခဲရှိတယ်။ ပညာရေး၊ ကျန်းမာရေး အစစအရာအရာ အခက်အခဲရှိပါတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ ဆေးဝါးတွေကအစ ပို့ရင်လည်း ဟိုကစစ် ဒီကစစ်နဲ့ ကျန်းမာရေး၊ ပညာရေး အစစအရာရာပါပဲ အခက်အခဲကတော့။ ဒါကြောင့် ငြိမ်းချမ်းရေးရမှပဲ ဒီလို အစစ်အဆေးတွေ အဖမ်းအဆီးတွေမရှိမှ ပြည်သူတွေ စိတ်ချလုံခြုံစွာနဲ့ သွားလာနိုင်မှာ ဖြစ်ပါတယ်။ အခု ငြိမ်းချမ်းရေး မရသေးတာကတော့ ယုံကြည်မှု မရသေးတာပဲ ဖြစ်ပါတယ်။ အချင်းချင်း၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သံသယတွေ ရှိနေတယ်။ အစိုးရဘက်ခြမ်း တပ်ဘက်ကလည်း မယုံကြည်ဘူး။

စာ .. ၈ မှ »

## တုတ်ထိုးအိုးပေါက် သို့မဟုတ် ကမ္ဘာမြေရဲ့ ကချေသည်နှင့်တွေ့ဆုံခြင်း

အရင်လူတွေ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့တယ်။ လမ်းတွေ မကောင်းခဲ့ဘူး။ အခု အစိုးရလက်ထက် ကျန်တာတွေ အသုံးမကျသေးဘူး ပြောပြော လမ်းတွေ ပြောင်းလဲလာတာတော့ အသေအချာပဲ။ တခြားမြို့က လူတွေတောင် မြစ်ကြီးနားမြို့က လမ်းတွေကြည့်ပြီး ငေးယူနေရတယ်။

စစ်အာဏာရှင် လက်အောက်မှာ မကြိုက်တာကို မကြိုက်ဘူး၊ မကောင်းတာကို မကောင်းဘူးလို့ ပြောရင် မနက်ဖြန် မျက်နှာသစ်ခွင့် ရပ့ါမလားဆိုတာ မသေချာဘူး။ အကြောက်တရားနဲ့ နေခဲ့ကြတယ်။ အခုတော့ မကောင်းတာကို မကောင်းဘူး ပြောခွင့်ရနေကြတယ် မဟုတ်လား။ လွတ်လပ်စွာ ပြောရေးဆိုခွင့် အတိုင်းအတာတစ်ခုအထိ ရလာတဲ့ ပြောင်းလဲမှုကိုတော့ အသေအချာ ရနေပါပြီ။ မပြောင်းလဲတာကတော့ လူကြီးခရီးစဉ်ရှိရင် မီးပွိုင့်တွေက မျက်နှာလိုက်တတ်တဲ့ အကျင့် ရှိနေသေးတာရယ်။ စစ်ပွဲတွေ မရပ်တန့်နိုင်သေးတာရယ်။

**ဒါနဲ့ ဆရာ ၂၀၁၅ တုန်းက ကဗျာဆုရခဲ့တာ ရှိတယ်နော် ဆရာ။ ဘာဆုတွေလဲ ဆရာ။ ဘယ်ကဗျာနဲ့ ဆုရခဲ့တာလဲ။**


နန်းညွန့်ဆွေကဗျာစာပေဆု ရခဲ့တာပါ။ ၂၀၁၄၊ စုံနံ့သာမဂ္ဂဇင်းမှာ ပါခဲ့တဲ့ "ရန်ကုန်မြို့ကြီးမှ ဘဝရှိတာမဟုတ်ဘူး၊ နေပြည်တော်မှာမှ ဘဝရှိတာ မဟုတ်ဘူး"ကဗျာနဲ့ ဆုရခဲ့တာပါ။ အဲ့ဒီကဗျာနဲ့ပဲ ၂၀၁၅ ခုနှစ်အတွက် အကြိုက်ဆုံးကဗျာ "ကျောက်ဆည်ဇေရာဝတီ ကဗျာစာပေဆု" ရရှိခဲ့ပါတယ်။

**ဒီနေ့ခေတ် လူငယ်တွေကို ဘာပြောချင်သေးလဲ ဆရာ။**

စာဖတ်တဲ့ မျိုးဆက် ဖြစ်စေချင်တာပါပဲ။ နည်းပညာခေတ်ကြီးမှာ ဖုန်းတွေ၊ အင်တာနက်တွေ ကွန်ပျူတာတွေ သုံးကြပါ။ စာလည်း ဖတ်ကြပါ။ ကိုယ့်မျိုးဆက်ကို ဆင်းရဲတဲ့ မျိုးဆက်မဖြစ်အောင် ကိုယ်ကစပြီး ကြိုးစားကြပါ။ ကိုယ့်မျိုးဆက်အတွက် ကိုယ်က ဗဟိုချက်မ ပါပဲ။ ပညာကို တန်ဖိုးထားတဲ့မျိုးဆက် ဖြစ်စေချင်တာပါပဲ။ ပညာလည်း ပြည့်ဝ၊ နှလုံးသားလည်း လှတဲ့ မျိုးဆက် ဖြစ်စေချင်တာပါပဲ။

**စာဖတ်ပရိသတ်ကို ဘာများပြောချင်တာ ရှိသေးလဲရှင့်။**

အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျ။ ဝေဖန်အကြံပြုတာတွေကိုလည်း ကြိုဆိုပါတယ်ခင်ဗျ။ ပရိသတ်ကြီး အမြဲကျန်းမာပျော်ရွှင်ပါစေ။ မြစ်ကြီးနားသတင်းဂျာနယ်လည်း အစွန့်ရှည် တည်တံ့ပါစေ ခင်ဗျာ။ ။ ■




| ခုနှစ် | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|---|---|---|---|---|
| တိုက်ပွဲအကြိမ်ရေ | ၆၆၃ | ၈၇၉ | ၂၂၄ | ၁၅၅ | ၆၃၄ | ၇၄၀ | ၃၆၁ | ၂၄၅ |

၈ နှစ်အတွင်း တိုက်ပွဲ ကြီး/ငယ်စုစုပေါင်း ၃၉၀၁ ကြိမ်ဖြစ်ခဲ့ပါသည်။ တိုက်ပွဲဖြစ်စဉ် စာရင်းသည် တပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုဖြစ်စဉ်ကို အဓိက မှတ်တမ်းတင်ထားသော စာရင်းဖြစ်ကြောင်း ကေအိုင်အို ပြန်ကြားရေးမှ သိရသည်။

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
( မတ် ၂၉ ၊ ၂၀၁၉ )




ရဲမိုး ရေးသားသည်

"သတင်းစာတစ်စောင် သေဆုံးသွားတိုင်း တိုင်းပြည်ဟာ အာဏာရှင်စနစ်ဆီကို တဖြည်းဖြည်း နီးကပ်သွားတယ်"

**ရစ်ချတ်ကလူဂါ**
**အမေရိကန် သတင်းစာဆရာ**

**မြစ်ကြီးနားသတင်း** ဂျာနယ်ရဲ့ ငါးနှစ်ပြည့် နှစ်ပတ်လည်မှာ ဒေသခံသတင်းစာတွေအသက်ရှင်ရပ်တည်နိုင်ဖို့ ဘာကြောင့် အရေးကြီးသလဲ ဆိုတာကို ဆွေးနွေးပါမယ်။

ပြီးခဲ့တဲ့ ၂၀၁၈ နှောင်းပိုင်းက အမေရိကန် ပြည်ထောင်စုရဲ့ တက္ကသိုလ်သုံးခုက ပါမောက္ခသုံးယောက်က သူတို့ရဲ့ သုတေသနပြု တွေ့ရှိချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ သူတို့နာမည်တွေကတော့ ဂျိုပီဒါး၊ ဂျိုဟန်နာဒန်းဝေးနဲ့ မက်သယူးပီဟစ်တို့ ဖြစ်ပါတယ်။ သူတို့ရဲ့ သုတေသနကတော့ ဒေသခံသတင်းစာတွေ မရှိတော့ရင် နိုင်ငံရေးကို ဘယ်လို အကျိုးသက်ရောက်လာမယ်ဆိုတဲ့ အကြောင်း ဖြစ်ပါတယ်။

နိုင်ငံ အတော်များများမှာ နိုင်ငံရေးအစွန်းနှစ်ဖက်ရောက်မှု (Political Polarization) ဖြစ်လေ့ရှိပါတယ်။ အမေရိကန် ပြည်ထောင်စုမှာတော့ ဒီမိုကရက်တစ်နဲ့ ရီပတ်ဘလစ်ကန် ပါတီတွေကြားမှာ ထောက်ခံသူ ပြည်သူတွေချင်း အကွဲအပြဲ ဖြစ်ပါတယ်။

ပါမောက္ခ သုံးယောက်ရဲ့ တွေ့ရှိချက်ကတော့ ဒေသခံသတင်းစာတွေ သေဆုံးသွားတဲ့အခါ အဲဒီဒေသတွေမှာ နိုင်ငံရေး အစွန်းနှစ်ဖက်ရောက်မှုက ပိုမြင့်တက်လာတယ်ဆိုတဲ့ အချက်ပါပဲ။

ဒေသခံ သတင်းစာတွေထဲမှာ တစ်နိုင်ငံလုံးကိုဖြန့်တဲ့သတင်းစာတွေနဲ့ မတူတဲ့အချက်ကတော့ ကိုယ့်ဒေသတွင်းက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလို ကိစ္စတွေရဲ့ လိုအပ်ချက်တွေကို ကွက်ကွက်ကွင်းကွင်း တင်ပြခွင့်ရခြင်း ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကို ဖြန့်တဲ့သတင်းတွေကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ နိုင်ငံရေးမူဝါဒတွေ၊ နိုင်ငံခြားရေးနဲ့ ကာကွယ်ရေးလို အကြောင်းအရာတွေကို ပိုပြီး အာရုံစိုက်ကြလေ့ ရှိပါတယ်။

ဒေသခံ သတင်းစာတွေအားကောင်းတဲ့ အချိန်မှာ ပြည်သူတွေက သူတို့ဒေသရဲ့ လိုအပ်ချက်တွေကို တိတိကျကျ သိကြပြီး ရွေးကောက်ပွဲတွေမှာ တကယ်ဦးဆောင်နိုင်မယ်လို့ သူတို့ထင်တဲ့ ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ကြပါတယ်။

ဒီနေရာမှာ Split-ticket Voting ဆိုတာကို ရှင်းပြချင်ပါတယ်။ မဲဆန္ဒရှင်တစ်ဦးက မတူညီတဲ့ နိုင်ငံရေးပါတီတွေရဲ့ ကိုယ်စားလှယ်တွေကို မတူညီတဲ့ ရွေးကောက်ပွဲ

> **"အရင်ခေတ်က ကျောက်မီးသွေးတွင်း လုပ်သားတွေ စာဝါငှက်လေးရဲ့ကျန်းမာရေးအတွက် ဆုတောင်းကြသလို ကျွန်တော်တို့တွေလည်း သတင်းစာတွေရဲ့ကျန်းမာရေးအတွက် ဆုတောင်းသင့်ပါတယ်။"**

အဆင့်တွေမှာ ခွဲခြားမဲပေးတာမျိုး ဖြစ်ပါတယ်။ နမူနာအားဖြင့် အမေရိကန်ပြည်ထောင်စုမှာ မဲဆန္ဒရှင်တစ်ဦးက သမ္မတရွေးကောက်ပွဲဝင်တဲ့ ရီပတ်ဘလစ်ကန် ကိုယ်စားလှယ်ကို သမ္မတဖြစ်လာဖို့ မဲထည့်ပြီး၊ ပြည်နယ်အဆင့်မှာတော့ ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်ကို မဲထည့်တာမျိုး ဖြစ်ပါတယ်။

ဘာကြောင့်လဲ ဆိုတော့ ဒေသခံ သတင်းစာတွေကြောင့် သူတို့လိုအပ်ချက်တွေကို သိရှိရပြီး မတူညီတဲ့ ပါတီတွေရဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ဖို့ စိတ်အား ထက်သန်လာကြတာပါ။ ဒေသခံတွေ ရပ်ဆိုင်းသွားတဲ့အခါမှာတော့ တစ်နိုင်ငံလုံးကို ဖြန့်တဲ့ သတင်းစာတွေကို ပိုဖတ်လာကြပြီး ကိုယ့်ဒေသရဲ့ လိုအပ်ချက်ထက် နိုင်ငံရေးရပ်တည်ချက်ဝါဒကို ပိုအာရုံစိုက်လာကြတာပါပဲ။ ဒါကြောင့် ဒေသခံသတင်းစာတွေရှိမှ နိုင်ငံရေးအစွန်းနှစ်ဖက်ရောက်မှုကို လျှော့ချနိုင်မယ်လို့ပါမောက္ခသုံးဦးက ဆိုပါတယ်။ ဒေသခံသတင်းစာတွေကို ဝယ်ဖတ်ကြပါလို့ ပါမောက္ခက တိုက်တွန်းပါတယ်။

မြန်မာနိုင်ငံက ဒေသခံမီဒီယာတွေ အကြောင်းကို ဆွေးနွေးကြရအောင်ပါ။ Media Development Invertment Fund (MDIF) ဆိုတဲ့ မီဒီယာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီတဲ့ အဖွဲ့ကြီးက မြန်မာနိုင်ငံရဲ့ ဒေသခံမီဒီယာတွေနဲ့ ပတ်သက်ပြီး သူတို့ရဲ့ သုတေသနပြု တွေ့ရှိချက်တွေကို ပြီးခဲ့တဲ့ နိုဝင်ဘာလက ထုတ်ပြန်ခဲ့ပါတယ်။

ဒီ အစီရင်ခံစာအတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ ဒေသခံမီဒီယာ ၅၅ ခုက အချက်အလက်တွေကို MDIF က စုစည်းခဲ့တာ ဖြစ်ပါတယ်။ စိုးရိမ်စရာကောင်းတဲ့ အချက်ကတော့ မီဒီယာ ၅၅ ခုကသာ ပုံနှိပ်သတင်းစာ ရောင်းရငွေ၊ ကြော်ငြာနဲ့ သတင်းက ရရှိငွေအပေါ်မှာ ရပ်တည်နေတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒီ အခြေအနေဟာ ရေရှည်မှာ ဒေသခံမီဒီယာတွေရဲ့ ရပ်တည်မှုကို ပြသနေပြီး ဒီမိုကရေစီဖွံ့ဖြိုးမှုကို ခြိမ်းခြောက်နေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် **မြစ်ကြီးနားသတင်း** ဂျာနယ်ကတော့ ငါးနှစ်မြောက်ခဲ့ပါပြီ။ အမှန်တရားကို ဖော်ထုတ်မှုနဲ့ ဘက်မလိုက်မှုကို သူတို့ရဲ့ အမှတ်တံဆိပ်အဖြစ် စွဲကိုင်ပြီး အယ်ဒီတာတွေနဲ့ သတင်းထောက်တွေဟာ ကချင်ပြည်နယ်ရဲ့အသံကို မြှင့်တင်ခဲ့ကြပါတယ်။

လွန်ခဲ့တဲ့ငါးနှစ် မတိုင်မီက ကချင်ပြည်နယ်က ပြည်သူတွေရဲ့ သိပိုင်ခွင့်နဲ့မြစ်ကြီးနားသတင်းဂျာနယ် ပေါ်ထွက်လာပြီး နောက်ပိုင်း ပြည်သူတွေရဲ့ သိပိုင်ခွင့်ဟာ ကွာခြားသွားခဲ့ပါပြီ။ ကချင်ပြည်နယ်တစ်ဝန်းမှာ ရှိတဲ့ စစ်ဘေးဒဏ်ခံနေရတဲ့ ပြည်သူတွေ၊ သဘာဝသယံဇာတ တူးဖော်မှုတွေ၊ ကျန်းမာရေးနဲ့ ပညာရေးဆိုင်ရာ စိန်ခေါ်မှုတွေ၊ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ပြဿနာတွေကို စောင့်ကြည့်ပြီး မီးမောင်းထိုးပြသမယ့်မျက်လုံးတွေ ပေါ်ထွက်လာခဲ့ပါပြီ။

အခြား သတင်းဌာနတွေဖြစ်တဲ့ Kachin Wave နဲ့ Kachin Times တို့ရဲ့ အားထုတ်မှုတွေကလည်း အတူတူပဲ ဖြစ်ပါတယ်။ နောင်အနာဂတ်မှာ ကချင်ပြည်နယ်ရဲ့ သမိုင်းကို ပြန်ကြည့်တဲ့အခါ ဒီသမိုင်းဝင် သတင်းစာဆရာတွေကို စာမျက်နှာတွေပေါ်မှာ ပြန်တွေ့ရမှာပါ။

အရေးကြီးဆုံးကတော့ ဒေသခံသတင်းစာတွေ ရေရှည်ရပ်တည်နိုင်ဖို့ ဖြစ်ပါတယ်။ ဒါဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအတွက် မရှိမဖြစ်ပါ။

ကျောက်မီးသွေးတွင်းထဲက စာဝါငှက်လေးတွေ အကြောင်း ပြောပြပါမယ်။ အင်္ဂလိပ်စကားမှာတော့ Canary in a coalmine လို့ ပြောဆိုကြပါတယ်။

ခေတ်မီ နည်းပညာတွေ မဖွံ့ဖြိုးသေးတဲ့ ဟိုးတစ်ချိန်က ကျောက်မီးသွေးတူး လုပ်သားတွေဟာ တွင်းထဲကို ဆင်းတဲ့အခါ စာဝါငှက်လေးကို လှောင်အိမ်ထဲမှာ ထည့်ပြီး ခေါ်သွားလေ့ ရှိပါတယ်။ အကြောင်းရင်းကတော့ ကျောက်မီးသွေးတွင်းထဲက လူကို အန္တရာယ်ဖြစ်စေတဲ့ မီသိန်းလို၊ ကာဘိုမိုနော့ဆိုဒ်လို ဓါတ်ငွေ့တွေရဲ့ အခြေအနေကို သိနိုင်ဖို့ပါပဲ။

ကျောက်မီးသွေးတွင်းရဲ့ အနက်ပိုင်းကို ရောက်လာတဲ့အခါ တွင်းလုပ်သားတွေဟာ စာဝါငှက်လေးရဲ့ အခြေအနေကို တောက်လျှောက် စောင့်ကြည့်ရပါတယ်။ အဆိပ်ဓါတ်ငွေ့တွေ အထွက်များလာတဲ့ အခါမှာတော့ လှောင်ချိုင့်ထဲက စာဝါငှက်လေးက လဲကျသေဆုံးသွားမှာပါ။ ငှက်ကလေး သေဆုံးသွားပြီဆိုတာနဲ့ တွင်းတူးလုပ်သားတွေအားလုံး တွင်းပေါ်ကို အလုအယက် အမြန်တက်ပြေးကြရပါမယ်။ ငှက်ကလေး လန်းရွှင်နေသေးတယ်ဆိုရင်တော့ တွင်းထဲမှာ လုပ်သားတွေ ကောင်းကောင်းမွန်မွန် ဆက်လုပ်လို့ ရပါသေးတယ်။

နောက်ပိုင်း ခေတ်တွေမှာတော့ လူ့အဖွဲ့အစည်းအပေါ် အန္တရာယ်တစ်ခုခု ကျရောက်လာတော့မယ်ဆိုရင် "ကျောက်မီးသွေးတွင်းထဲက စာဝါငှက်လေး"နဲ့ တင်စားလေ့ ရှိကြပါတယ်။

အရင်ခေတ်က ကျောက်မီးသွေးတွင်း လုပ်သားတွေ စာဝါငှက်လေးရဲ့ ကျန်းမာရေးအတွက် ဆုတောင်းကြသလို ကျွန်တော်တို့တွေလည်း သတင်းစာတွေရဲ့ ကျန်းမာရေးအတွက် ဆုတောင်းသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတင်းစာတွေ မရှိတော့ရင် လူ့အဖွဲ့အစည်းတွေ အတွက် အန္တရာယ်တွေ ပေါ်ပေါက်လာမှာမို့ပါ။

စာဝါငှက်လေး ငါးနှစ်ပြည့်ပါပြီ။

သက်တော် ရာကျော်ရှည်ပါစေ။ ။■

www.myitkyinanewsjournal.com
http://www.facebook.com/myitkyinanewsjournal.mm
Youtube - myitkyinanewsjournal

# ဝေဖန်ချိန်တန်ပြီ

မြတ်သွေးထက် ရေးသားသည်



ပြည်သူ့အစိုးရတိုင်းပြည်ကို အုပ်ချုပ်ခွင့်ရတာ အခုဆိုရင် သုံးနှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ဒါပေမဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်ခွင့်အာဏာကို ပြည့်ပြည့်ဝဝ ရခဲ့တာတော့ မဟုတ်ပါဘူး။ ဒီလိုအနေအထားမျိုးကနေ ယခင်အစိုးရ အဆက်ဆက်ရဲ့ ကိုယ်ပိုင်အိတ်ထဲက ဖိတ်စင်ကျလာတဲ့ ငွေ အနည်းငယ်လောက်နဲ့သာ ပြုပြင်ဖာထေးတာလောက် လုပ်နိုင်ခဲ့တဲ့ ပြည်နယ်ထဲက မြို့တွင်း၊ မြို့ပြင်လမ်းတွေကို ယနေ့အစိုးရက ထည်ထည်ဝါဝါ ဖြစ်အောင် ပြုလုပ်နိုင်ခဲ့တာကိုတော့ လက်သန်းပိုင်ရှင်အားလုံးက အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ နောက်ပြီး ခေတ်အဆက်ဆက် အုပ်ချုပ်လာတဲ့ အစိုးရတွေကို လေသံလေးနဲ့တောင် မဝေဖန်ရဲတဲ့ လူတန်းစားတချို့ ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြောဆိုရဲလာတာတွေ၊ ဆန္ဒထုတ်ဖော်ပွဲတွေ လုပ်ရဲကိုင်ရဲ ရှိလာတွေကိုလည်း အပြောင်းအလဲတစ်ရပ်အဖြစ် လက်ခံကြရမှာပါ။

ဒါပေမဲ့လည်း နိုင်ငံတော်သမ္မတနဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆီ တင်ပြစရာမလိုပဲ အခြေခံဥပဒေအရ ပြည်နယ်အစိုးရအနေနဲ့ လုပ်ပိုင်ခွင့်ရှိသမျှအားလုံးကို လုပ်ကိုင်နိုင်တဲ့ အတိုင်းအတာကတော့ အင်မတန်မှကို အားနည်းနေသေးတယ်လို့ ဆိုရမှာပါ။ ဥပမာအနေနဲ့ ပြောရရင်

> **"ကျွန်တော်က ဆရာဝန်သာဖြစ်တာ နိုင်ငံရေးမှာတော့ သုညပါ။ တကယ်လို့များ မဲပြိုင်ပြီး အနိုင်ရခဲ့သည်ရှိသော် ကျွန်တော့်အိမ်ကိုဝင်ပါ၊ ထွက်ပါ၊ တံခါးမရှိ၊ စားမရှိပါ။ ဝေဖန်ထောက်ပြကြပါ။ စိတ်မဆိုးတတ်ပါဘူး"**

ယခင်အစိုးရ အဆက်ဆက်က မြန်မာ့ မီးရထားဌာနပိုင်မြေတွေနဲ့ အများပြည်သူပိုင်မြေတွေကိုပုဂ္ဂလိပိုင်မြေတွေအဖြစ် မတရားသိမ်းယူထားတဲ့ မြေတွေရှိနေသလို ရပ်ကွက်တိုင်းလိုလိုမှာရှိတဲ့ အိမ်နောက်ဖေး ပေနှစ်ဆယ်လမ်းကြားတွေကိုလည်း တစ်ဦးတစ်ယောက်ပိုင် ခြံမြေအဖြစ် ချဲ့ထွင်ခြံခတ်နေကြတာတွေကို ပြည်သူ့အစိုးရအနေနဲ့ ရှင်းလင်းဖယ်ရှားသင့်တယ်ထင်ပါတယ်။ ဘာ့ကြောင့် တုန်းဆိုတော့ စည်ပင်သာယာနယ်နိမိတ် အိမ်နောက်ဖေး လမ်းကြားဆိုတာ ရပ်ကွက်တစ်ခုရဲ့ မီးရေးထင်းရေး လုံခြုံရေးအတွက် မီးသတ်ကားတွေ အလျင်အမြန် ဝင်နိုင်ထွက်နိုင်အောင် စီမံထားတာ ဖြစ်လို့ပါပဲ။ ဒီလို လုပ်ရပ်မျိုးတွေကို ပြည်သူ့အစိုးရအနေနဲ့ ပြတ်ပြတ်သားသား စွမ်းဆောင်နိုင်ဖို့ မင်စွန်းလက်သန်း ပိုင်ရှင်အားလုံးက မျှော်လင့်စောင့်စားနေကြပါတယ်။

ဒါ့အပြင် မြစ်ကြီးနား၊ တာလောကြီးနဲ့ ဆင်ဘိုမြို့ကြားမှာရှိတဲ့ ဧရာဝတီမြစ်တစ်ကျောမှာ ရွှေတူးဖော်နေတာမျိုးတွေ ရှိနေသေးသလို နောင်းချိန်းဒေသနဲ့ ချီဖွေဒေသတွေမှာ ရွှေတူးဖော်တာကနေ သတ္တုတူးဖော်တာတွေအထိ ရှိနေပါတယ်။ ဒါတင်မကပါဘူး။ မြစ်ဆုံဒေသ မေခမြစ်အထက်ပိုင်းမှာ တရားမဝင် ရွှေတူးဖော်နေတာမျိုးတွေ ရှိသလို၊ နောင်နန်းကျေးရွာ အုပ်စု၊ လဘန်ရိုဇန်နာ၊ ကရိန်နော်၊ လမြန်၊ မော်တောင်း၊ ဂေါ့နန်ကျေးရွာတွေနဲ့ ဝိုင်းမော်မြို့နယ်၊ လဘန်ကထောင်နဲ့ မိုင်းနားကျေးရွာတွေမှာ သဲကျောက်လုပ်ငန်းကို ဘန်းပြလုပ်ကိုင်နေပြီး တရားမဝင် ရွှေ တူးဖော်နေကြတာကို တားမြစ်ဖို့အတွက် ကချင်ပြည်နယ်အစိုးရမှာ လုံးဝတာဝန်ရှိတယ် ထင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖေဖော်ဝါရီ(၂၀)ရက်နေ့ ရက်စွဲနဲ့ ဒေသခံပြည်သူ (၆၆၂)ဦးက လက်မှတ်ရေးထိုးပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ်ကို စာတင်တိုင်ကြားထားတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ယနေ့အချိန်အထိ ဒေသခံပြည်သူတွေရဲ့ အကျိုးအတွက် တာဝန်ယူဆောင်ရွက်ပေးတာကို မတွေ့ရသေးပါဘူး။

ဒါတွေကို ယနေ့အာဏာရ ကချင်ပြည်နယ် အစိုးရက မသိတာလား၊ သို့တည်းမဟုတ် မသိဟန်ဆောင်တာလား၊ တစ်စိတ်တည်းတစ်ဝမ်းတည်းလားဆိုတာ ပြည်သူတချို့ မေးခွန်းထုတ်လာနေတာမျိုးတွေကို ကြားနေရပါတယ်။ ဆိုတော့ ဒီလိုကိစ္စမျိုးတွေကို ပြည်သူလူထုအတွက် ထင်သာမြင်သာရှိအောင် မီဒီယာစာစောင်တွေနဲ့ တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲတွေ မကြာမကြာ လုပ်သင့်တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် ပြည်နယ်အစိုးရအနေနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ သတင်းစာရှင်းလင်းပွဲကနေတစ်ဆင့် ပြည်သူလူထုကို အသိပေးရှင်းပြတာမျိုး မရှိသ၍ ပြည်သူလူထုတွေလက်ရှိအစိုးရအပေါ် သံသယတွေဝင် လာပြီး မဲပြားသွားခဲ့ရင် နောက်ငါးနှစ်သက်တမ်းအတွက် အစိုးရဖွဲ့နိုင်မယ့် အခြေအနေတစ်ခုကို လက်လွှတ် ဆုံးရှုံးရဖွယ်ရှိနိုင်တဲ့ အနေအထားတစ်ခုကိုလည်း တွေ့နေရပါတယ်။

ဒါ့အပြင် ကချင်ပြည်နယ်အတွင်းမှာ တရုတ်တစ်သျှူးငှက်ပျော စိုက်တဲ့ဇကေပေါင်းသိန်းနဲ့ချီပြီး ရှိနေတာကို ပြည်သူလူထု အတော်များများက သတိထားပြီး စောင့်ကြည့်နေကြပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က(၃၁၊ ၃၊ ၂၀၁၉)ရက်နေ့မှာ ကျင်းပခဲ့တဲ့ မိုးညှင်းမြို့၊ မြို့တော်ခန်းမ လူထုတွေ့ဆုံပွဲမှာ "ကချင်ပြည်နယ်သားများ သာမကဘဲ၊ တစ်နိုင်ငံလုံးက ပြည်သူ နှစ်သိန်းကျော်အတွက် အလုပ်အကိုင်တွေ ရရှိတဲ့အတွက် တစ်သျှူးငှက်ပျော စိုက်ပျိုးတာကို အရေးမယူခဲ့ဘဲ လမ်းကြောင်းတည့်ပေးခဲ့တယ်"လို့ ပြောသွားခဲ့ပါသေးတယ်။ နောက်ပြီး "အရင်အစိုးရလက်ထက်ကတည်းက ဘိန်းအစားထိုးဆိုပြီး စိုက်ခဲ့ကြတယ်၊ တစ်သျှူးငှက်ပျော ထွက်ကုန်ကနေ အမေရိကန် ဒေါ်လာသိန်းပေါင်း (၆၀/၇၀)လောက် ရရှိတယ်"လို့လည်း ဆိုခဲ့ပါသေးတယ်။ ဒါပေမဲ့ ဒီနေရာမှာ ပြောစရာရှိလာတာက ကချင်ပြည်နယ် အစိုးရအနေနဲ့ ကချင်ပြည်နယ်မှာ နေထိုင်ကြတဲ့ ပြည်သူလူထုအားလုံးအတွက် ဘာ့ကြောင့် ပွင့်လင်းမြင်သာမှုရှိအောင် ချမပြရသလဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။

ဆက်ပြီးပြောရရင် တစ်ရက်တစ်ရက် ထောင်ချီပြီး ဝင်လာနေတဲ့ တရုတ်တစ်သျှူးငှက်ပျောသယ်တဲ့ တွဲကားကြီးတွေကြောင့် ပျက်စီးသွားတဲ့ လမ်းပိုင်းတွေအတွက် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုတာဝန်ယူမယ်။ ဘယ်လိုတာဝန်ခံမယ် ဆိုတာမျိုးကို ပြည်သူလူထုတွေက သိချင်စိတ် ပျင်းပြနေတာကိုတွေ့နေရပါတယ်။ ဥပမာအနေနဲ့ ချပြရရင် အောင်မြေ(၁)၊ ရွှေညောင်ပင်ကျေးရွာကနေ တာလောကြီးအထိ ပျက်စီးနေတဲ့ လမ်းမကြီးကို ဘယ်သူကမှ တာဝန်ယူ ပြုပြင်ပေးတာမျိုး မတွေ့ရတာကြောင့် ဒေသခံတွေအနေနဲ့ ပြည်နယ်အစိုးရအပေါ် စိတ်ပျက်နေကြတာကို တွေ့ရပါတယ်။ ဒီ တရုတ်တစ်သျှူး ငှက်ပျောတွေနဲ့ပတ်သက်ပြီး ဆက်ပြီး ထောက်ပြရရင် သမ္မတဟောင်း ဦးသိန်းစိန်လက်ထက်ကစပြီး ဘိန်းအစားထိုး သီးနှံအဖြစ် တရုတ်ကုန်သည်တွေကို မြေယာငှားရမ်း စာချုပ် ချုပ်ပေးခဲ့တာပါ။ ယနေ့အချိန်အထိ စုစုပေါင်း တိုင်းပြည်ဝင်ငွေဘယ်လောက်ရှိပြီး၊ ဘယ်နှနှစ်စာချုပ် ချုပ်ခဲ့တာလဲ ဆိုတာကို ပြည်သူလူထု အားလုံးမသိခဲ့ရပါဘူး။ ဒါကြောင့် တရုတ်တစ်သျှူး ငှက်ပျောခင်းတွေနဲ့ ပတ်သက်ပြီး ကချင်ပြည်နယ် ပြည်သူ့အစိုးရကနေ တိတိကျကျ မှန်မှန်ကန်ကန် စုံစမ်းစစ်ဆေးပြီး စာနယ်ဇင်း၊ သတင်းတွေကတစ်ဆင့် ပြည်သူကို အသိပေး ကြေညာသင့်ပါတယ်။

နောက်ဆုံး မတတ်နိုင်တဲ့အဆုံး ပညာဉာဏ်သုံးပြီး ပြည်သူလူထုအတွက် အဆိုးထဲကအကောင်း ဆိုသလို ပြည်သူအများစု အဆင်ပြေအောင်၊ ပြည်နယ်အစိုးရအပေါ် သံသယကင်းအောင် တရုတ်ကုန်သည်တွေနဲ့ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ညှိနှိုင်းသွားသင့်တယ် ထင်ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ယနေ့ တရုတ်ပြည်ကို မြန်မာပြည်ဘက်က သွားလည်မယ်ဆိုရင် ဘယ်လို ကိုယ်ပိုင်ကားမျိုးကိုမှ နှစ်ယောက်ထက်ပိုပြီးစီးဖို့ တရုတ်အစိုးရက ခွင့်မပြုပါဘူး။ မြန်မာပြည်ဘက်က ကိုယ်ပိုင်ကားပေါ်မှာ ယာဉ်မောင်းအပါအဝင် လေးယောက် စီးလာတယ်ဆိုရင် နှစ်ယောက်က တရုတ်နယ်စပ်ဂိတ်ကနေ ကူရှံးမြို့အထိ တရုတ်စင်းလုံးငှားကားကို ငှားစီးရပါတယ်။ ဒါဟာ တရုတ်အစိုးရကနေ သူ့နိုင်ငံသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းရအောင် ဖန်တီးပေးထားတာလို့ ဆိုပါတယ်။ ဒီ စည်းကမ်းကို မြန်မာဧည့်သည်တွေ မလိုက်နာရင် ဖမ်းဆီးဒဏ်ရိုက်ခံရတဲ့ အနေအထားအထိ ဆောင်ရွက်ပါတယ်။

ဆိုတော့ သဘောပြောရရင် မြန်မာနိုင်ငံဘက်ကို တစ်သျှူးငှက်ပျော လာသယ်တဲ့ တရုတ်တွဲကားကြီးတွေကို ပြည်ဝင်ခွင့်မပေးဘဲ မြန်မာပြည်ဘက်က ကားတွေနဲ့ပဲ ပို့ဆောင်ပိုင်ခွင့်ရအောင် ကချင်ပြည်နယ်အစိုးရအနေနဲ့ ကြိုးပမ်းသင့်တယ် ထင်ပါတယ်။ ဒါဆိုရင် ဒေသခံ ပြည်သူလူထုတွေလည်း အလုပ်အကိုင် အခွင့်အလမ်းတွေ များများစားစား ရရှိလာပြီး ပြည်နယ်အစိုးရအပေါ် အမြင်ကြည်လင်လာပါလိမ့်မယ်။ ဒါမှလည်း ၂၀၂၀ ရွေးကောက်ပွဲအတွက် ပြည်နယ်အစိုးရအနေနဲ့ပြင်ဆင်ထားရာရောက်သလို တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီကို ရရှိနိုင်မှာပါ။ ဒါပေမဲ့ လက်ရှိအနေအထားမှာတော့ ပြည်နယ်အစိုးအပေါ် ပြည်သူလူထုက သံသယ ဝင်နေတာကြောင့် ၂၀၂၀ ရွေးကောက်ပွဲမှာ မဲပြားသွားပြီး အစိုးရမဖွဲ့နိုင်ခဲ့ရင် ပြည်နယ်အတွက်

စာ .. ၁၅ သို့ »

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( မတ် ၂၉ ၊ ၂၀၁၉ )

# NLD အစိုးရသက်တမ်း ၃နှစ်အတွင်း လုပ်ဆောင်ခဲ့မှုများအပေါ် ပြည်သူများ၏ အမြင်သဘောထားများ

လင်းသူမောင်/ DASH မေးမြန်းသည်

## မခင်မိမိမိုး

စိမ်းရတနာမွန်(မိုးညှင်းမြို့)

NLD အစိုးရ ပြီးခဲ့တဲ့ ၃နှစ်တာကာလ လုပ်ဆောင်ချက်ကို ပြောရမယ်ဆိုရင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ဘက်ပေါင်းစုံက အားရကျေနပ်တွေ မရှိသေးပါဘူး။ ကျွန်မက ဈေးသည်တစ်ယောက်မို့ စီးပွားရေးမကောင်းတာ ပိုပြီးသိပါတယ်။ ပစ္စည်းတွေ ဈေးမြင့်ဝယ်ရပြီး ရောင်းတဲ့အခါ ဈေးတက်ရောင်းဖို့ မလွယ်ပါဘူး။ အရောင်းအဝယ်တွေကလည်း တစ်နှစ်ထက်တစ်နှစ် ပါးပါးလာတယ်။ လက်ရှိ အခြေအနေအရ သာမန်ပြည်သူ လက်လုပ်လက်စား အခြေခံလူတန်းစားတွေအတွက် အကျိုးရှိမယ့် စီးပွားရေးဗျူဟာတစ်ရပ် ဖော်ဆောင်ပေးစေချင်ပါတယ်။ လူမှုရေး၊ နိုင်ငံရေးတွေမှာလည်း ယခင်အစိုးရ လက်ထက်တွေကထက် ပိုပြီးဆုတ်ယုတ်လာတာကို နိုင်ငံချစ်သူ ပြည်သူအပေါင်းက သတိထားမိကြပြီး စိုးရိမ်နေကြပါတယ်။ နောင်လာမယ့် ၂ နှစ်တာကာလအတွက် NLD အစိုးရကို ပြောချင်တာက ဘာပဲလုပ်လုပ် တိုင်းပြည်နဲ့ လူမျိုးအကျိုးကိုသာ ရှေ့ရှုပါ။ ၁၈ နှစ်အောက် အိမ်ထောင်ပြုခွင့် တရားဝင်ရရေးတို့ တိုင်းဒေသကြီးတစ်ခုရဲ့ အမှတ်တံဆိပ်ကို ပါတီတစ်ခုရဲ့အမှတ်အသားနဲ့တူလို့ ပြောင်းခွင့်ရရေးတို့ သည်လိုမျိုးတွေကို ရှောင်ရှားသင့်ပါတယ်။ ဘယ်သူတွေ အကျိုးရှိမယ်မှန်းမသိတဲ့ အဆိုတွေကို ပြည်သူ့ဘဏ္ဍာစားနေတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့ အချိန်ကုန်ခံ တင်သွင်းဆွေးနွေးကြတာမျိုး မလုပ်ကြရလေအောင် လမ်းညွှန်ကြီးကြပ်ပေးပါ။ NLD အစိုးရလက်ထက်မှာ တိုင်းပြည်နဲ့လူမျိုး ဂုဏ်ရောင်ဝင့်အောင် လုပ်ဆောင်ပေးကြပါလို့ တောင်းဆိုချင်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံက ကျွန်မတို့ မိုးညှင်းမြို့ကို ၂၀၁၅ ရွေးကောက်ပွဲ မဲဆွယ်လာတုန်းက ပြောခဲ့တာရှိတယ်။ ကချင်ပြည်နယ်မှာ မူးယစ်ဆေးဝါးတွေကို လုံးဝပပျောက်အောင် လုပ်ဆောင်ပေးသွားမယ်တဲ့။ ဗိုလ်ချုပ်သမီးမို့လို့ ကျွန်မတို့တွေ အမေစုကို လုပ်ဆောင်နိုင်လိမ့်မယ်လို့ အကြွင်းမဲ့ ယုံကြည်ပြီးသားပါ။ ခုချိန်ထိတော့ မူးယစ်ဆေးဝါး ရောင်းသူ သုံးစွဲသူတွေ ၈၀ရာခိုင်နှုန်းလောက်ရှိတယ်လို့ ပြောဆိုနေကြပါတယ်။ အမေစုရဲ့ရွေးကောက်ပွဲ မဲဆွယ်စကားအရ သည်ပမာဏကို နောင်ကျန်ရှိနေတဲ့ သက်တမ်းအတွင်း အပြည့်အဝမဟုတ်တောင် ငါးဆယ်ရာခိုင်နှုန်းလောက် လျှော့ချပေးနိုင်ဖို့ လုပ်ဆောင်ပေးစေချင်ပါတယ်။

## ကိုမုန်ဒန် (မြစ်ကြီးနား)

အားမရတဲ့အပိုင်း များတယ်။ လုပ်နိုင်တဲ့ အနေအထားတွေ အများကြီးရှိရဲ့သားနဲ့ မလုပ်ဘူးလို့တော့ မြင်တယ်။ တချို့ငြိမ်းချမ်းရေးလို ကိစ္စတွေကျတော့ ခက်တယ်ပေါ့ဗျာ။ ဒါပေမဲ့ တခြား သဘာဝပတ်ဝန်းကျင် ကိစ္စတွေ၊ သယံဇာတခန့်ခွဲမှုကိစ္စတွေလုပ်နိုင်ရဲ့သားနဲ့ ငြိမ်းချမ်းရေးမရှိလို့၊ တရားဥပဒေစိုးမိုးရေးမရှိလို့ မလုပ်နိုင်ပါဘူးဆိုပြီးတော့ အလွယ်တကူ အပြစ်ပုံတယ်လို့ပဲ မြင်တယ်။ ပြောချင်တာကတော့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေ၊ IDP အရေး၊ အဲ့လိုလုပ်နိုင်တာတွေ အများကြီးရှိသေးတယ်။ ဒါပေမဲ့ အဲ့ဒီဘက်အပိုင်းမှာ အားစိုက်တာ အရမ်းနည်းတယ်လို့ မြင်တယ်။

## မမိုးမိုးမြင့် (ဖန်းမော်)

အစ်မအနေနဲ့တော့ အစိုးရရဲ့လုပ်ဆောင်ချက်အပေါ် ကျေနပ်မှုအားရမှုတော့ ရှိပါတယ်။ ဘာလို့လဲဆိုတော့ အခုလက်ရှိအချိန်တွေဆိုရင် အရမ်းပြောင်းလဲသွားပြီ။ အစ်မတို့ ဖန်းမော်မှာဆိုရင် အရင်တုန်းက လမ်းတွေဆို အရမ်းရှုပ်တယ်လေ။ အခုဆို လမ်းတွေအရမ်းကောင်းသွားပြီ။ လမ်းတွေဆို ပြန်ခဲ့။ ရွာထဲမှာဆိုရင်လည်း မီးတွေနဲ့ အရမ်းအဆင်ပြေလာတယ်။ အရင်တုန်းကတော့ အဲ့ဒီလိုမျိုးတွေ မရှိဘူးလေ။ သူတို့ကို ဘာထပ်တောင်းဆိုချင်လဲဆိုတော့ မမတို့က အခု PPTT လျှောက်တယ်လေ။ ၃၅ နှစ်အောက်တွေလည်း ခေါ်ပေးစေချင်တယ်။ အလုပ်အကိုင်နဲ့ ပတ်သက်ပြီးတော့ တောင်းဆိုချင်တာပေါ့။ အခုကကျတော့၃၀အောက်ပဲ ရတယ်ဆိုတော့ ၃၅ အထက် ဘွဲ့ရတဲ့သူတွေကကျတော့ရော ဘယ်လိုလုပ်ရမလဲ။ ဝါသနာပါပြီးတော့ လက်လျှော့လိုက်ရမှာလား မမတို့က။ အခု ၃၀ အထက်တွေက အလုပ်လက်မဲ့တွေ များနေတယ်လေ။ အခု ဒီအစိုးရလက်ထက်ကိုတော့ ဘာမှပြောစရာတော့ မရှိပါဘူး။ အဲ့ဒါလေးတစ်ချက်ပဲ တောင်းဆိုချင်ပါတယ်။

## ဒေါ်ဆိုင်းတောင် (ဖန်းမော်)

ကျွန်မတို့ ဖန်းမော်မြို့က အခုဆိုရင် လမ်းတွေ လုပ်လာတယ်။ အဲ့ဒီအပေါ်မှာတော့ အားရကျေနပ်မှု ရှိတယ်။ နေရာတကာ လမ်းတွေလုပ်လာတယ်။ ပြောရမယ်ဆိုရင် အရင်က ထက်စာရင်တော့ အခုကတော့ ဥပဒေစိုးမိုးမှုလည်း ရှိလာတယ်လို့ မြင်မိတယ်။ အရင်ကနဲ့စာရင် ပြည်သူလူထုကို အလေးပေးလာတယ်။ အရင်ကဆိုရင် အဲ့ဒါမပေးရင် ဒီလိုလုပ်မယ်တို့ ခြောက်လန့်တာတို့ ရှိတယ်။ အဲ့ဒါတွေလည်း လျော့ကျသွားပြီ။ ပြီးတော့ အစိုးရကို နောက်ထပ် တောင်းဆိုချင်တာကတော့ ပြည်သူလူထုတွေ ဝမ်းစာရှာဖွေရေး အခက်အခဲဖြစ်နေတယ်။ စီးပွားရေးပိတ်ဆို့မှုကြောင့် ရှာစားရမှာတွေ ခက်လာတယ်။ ပြောရမယ်ဆိုရင် IDPs နဲ့ သာသာပဲ။ အရပ်ဘက်တွေလည်း အတူတူပဲ။ ပုံမှန်အနေအထား တကယ့်ကို ဟန်မပျက်နေနိုင်တာက ဝန်ထမ်းတွေလောက်ပဲ ရှိတယ်။ ဒီလောလောဆယ် စီးပွားရေးလုပ်တဲ့သူတွေ မဟုတ်ဘဲ ကျပန်းလုပ်နေတဲ့ ပြည်သူလူထုက အရမ်းခက်တာတွေချည်းပဲ။ စီးပွားရေးနဲ့ ပတ်သက်ရင် အရမ်းကိုမှ ကျပ်တည်းနေတာကို အစိုးရဘက်ကို သိခိုင်းစေချင်တယ်။ ပြောရမယ်ဆိုရင် သူတို့က အောက်ခြေကို မမြင်ကြဘူး။ အပေါ်က ညွှန်ကြားချက်နဲ့ပဲ နေတယ်ဆိုတော့ တကယ့်အောက်ခြေမှာ ဘာဖြစ်နေတယ်ဆိုတာ သူတို့က မသိသလောက်ပါပဲ။ လူကြီးပိုင်းဆိုင်ရာတွေ။ ခက်ခဲနေတဲ့ ကလေးတွေအတွက် ပညာရေးနဲ့ ပတ်သက်ရင်လည်း တောင်းဆိုချင်တယ်။ နောက်ပြီး ဒီနှစ်မှဘွဲ့ရတဲ့သူတွေကိုမဆိုနဲ့ အရင် သုံးနှစ်ခေတ်တုန်းက ဘွဲ့ရထားတဲ့ သားသမီးတွေလည်း ဘာအလုပ်မှ မရှိဘူး။ ဖြစ်သလို ပရမ်းပတာနေနေကြရတယ်။ အဲ့ဒီတော့ သူတို့ကို အစိုးရဝန်ထမ်း မဟုတ်ရင်တောင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ အလုပ်မျိုး၊ အသက်မွေးဝမ်းကြောင်း ပုံစံလိုမျိုးတွေကို သင်ပေးတာတို့ ရှိခိုင်းစေချင်ပါတယ်။ ဘွဲ့ရပြီးတော့ ဒီတိုင်းနေနေရတယ်။ အလုပ် ဘယ်လောက်လျှောက်လျှောက် မရဘူးပေါ့နော်။ အဲ့ဒါတွေကို တောင်းဆိုချင်ပါတယ်။

## ကိုအောင်မိုင် (Kachin Youth Movement )

ဒီအစိုးရက အရင်ကအစိုးရထက် စာရင်တော့ ကောင်းပါတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးတွေ၊ စီမံကိန်းတွေ၊ အခုဖြစ်နေတဲ့ လူမျိုးကြီးဝါဒပြဿနာတွေအပေါ် ကိုင်တွယ်ဖြေရှင်းပုံက တော်တော်လေး အားနည်းတယ်။ ပြည်ထောင်စုဆိုတာကို သူတို့သိပ်သဘောပေါက်ပုံ မပေါ်ဘူး။ ပြီးတော့ ငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်တွေနဲ့ ဆွေးနွေးဖို့ကို ဘယ်သူနဲ့ဆွေးနွေးရမှန်းမသိဘူးဖြစ်နေတယ်။ အစိုးရနဲ့လား၊ စစ်တပ်နဲ့လားပေါ့။ ငြိမ်းချမ်းရေးကို တကယ်လိုလားတယ်ဆိုရင် ဖြစ်နေတဲ့ပြဿနာတွေကို ဘယ်လိုမြင်တယ်ဆိုတာကို လက်နက်ကိုင်တွေကိုရော၊ ပြည်သူလူထုကိုပါ ရှင်းရှင်းလင်းလင်း ပြောပြသင့်တယ်လို့ ထင်တယ်။ လက်နက်ကိုင်ဆိုတာကလည်း မတရားမှုနဲ့ တန်းတူအခွင့်အရေးမရလို့ ပြည်သူလူထုထဲက ပေါက်ဖွားလာတာပဲလေ။ ဆိုတော့ ဒီငြိမ်းချမ်းရေးအပိုင်းမှာ အားမရဘူးလို့ မြင်တယ်။ ပြီးတော့ နိုင်ငံခေါင်းဆောင်ဆိုတာ ကိုယ်ပြောခဲ့တဲ့စကားကို တာဝန်ယူနိုင်ရမယ်။ အခုနောက်ပိုင်းမှာ စီမံကိန်းနဲ့ပတ်သက်ပြီး မလိမ့်တစ်ပတ်လုပ်တာတွေ ရှိလာတယ်။ ဖယ်ဒရယ်ပြည်ထောင်စုဖြစ်အောင်ဆို ပြည်ထောင်စုအခန်းကဏ္ဍဖြစ်တဲ့ တိုင်းရင်းသားတွေရဲ့ သဘောထားကိုလည်း ထည့်တွက်ရမယ်။ အဲ့တော့ အားရလားဆိုတော့ အားသိပ်မရဘူး။ ဒါပေမဲ့ အရင်အစိုးရထက်တော့ အများကြီး ပိုအဆင်ပြေတယ်။ စစ်မှန်တဲ့ ဖယ်ဒရယ်ပြည်ထောင်စုဖြစ်အောင် လုပ်မယ်ဆိုရင်တော့ ပြည်သူလူထုကို မလှည့်ပတ်တာ အကောင်းဆုံးဖြစ်မယ်။

## ကိုစားဂျီ (ကချင်လူမှုဖွံ့ဖြိုးရေးကွန်ရက် အထွေထွေအတွင်းရေးမှူး)

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူ့အခွင့်အရေး၊ သတင်းမီဒီယာအခန်းကဏ္ဍတွေ ဖွံ့ဖြိုးရေးတွေကိုကြည့်ရင် ကျွန်တော့်အမြင်က ကျေနပ်မှုမရှိဘူးလို့ပဲ ပြောရမှာပေါ့။ ဘာကြောင့်လဲ ဆိုတော့ တိုင်းပြည်ရဲ့ တိုးတက်ပြောင်းလဲမှုဆိုတာ လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ လူ့အခွင့်အရေးဘက်က ကြည့်မယ်ဆိုရင် ပိုပြီး တင်းကျပ်လာတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်တဲ့ လွတ်လပ်စွာသွားလာလုပ်ရှားခွင့်၊ စုရုံး ဆန္ဒထုတ်ဖော်ခွင့်တွေကို တားဆီးပိတ်ပင်ပြီး ဖမ်းခံရတာတွေကို ကြည့်လို့ရှိရင် လူ့အခွင့်အရေးနဲ့ နိုင်ငံရေးဘက်က ပိုပြီးတင်းကျပ်လာတဲ့ အခြေအနေမှာ ရှိတယ်။ နောက်တစ်ခုက နိုင်ငံရေးဆိုတဲ့ဘက်မှာလည်း ဒီမိုကရေစီရဲ့ ပွင့်လင်းမြင်သာမှုတွေ ပြည်သူလူထုကိုချပြတဲ့ စာချုပ်စာတမ်းတွေ၊ ဒီနိုင်ငံတော်အခွန်ဘဏ္ဍာ ငွေတွေ၊ ပြည်သူကိုချပြတဲ့ Transparency မတွေ့တဲ့အခါကျတော့ စီးပွားရေးဘက်မှာလည်း ဘာတစ်ခုမှ ပွင့်လင်းမြင်သာမှု မရှိဘူး။ တွင်းထွက်သယံဇာတနဲ့ အကြီးစား Mega Development Project တွေကို ကြည့်ရင်လည်း ပွင့်လင်းမြင်သာမှု မရှိဘူး။ ဒါတွေကိုကြည့်ရင် တိုးတက်ပြောင်းလဲမှု သိပ်မရှိဘူး။ တချို့က အပင်ခုတ်ပြီးမှ ကတ္တရာလမ်းဖောက်တဲ့ အတိုင်းအတာကို နိုင်ငံရေးပြောင်းလဲတာလို့ ထင်ကောင်းထင်မယ်။ တကယ်တော့ ပထမဦးဆုံး Structure change ၊ Consitutional change ဆိုတဲ့ Institution တွေ၊ ဖွဲ့စည်းပုံတွေ၊ လူ့အဖွဲ့အစည်းရဲ့ အဆောက်အအုံတွေ ပြောင်းလဲရမယ်။ လူ့ရဲ့ ဒီမိုကရေစီကျင့်စဉ်တွေနဲ့ အရည်အချင်းတွေကို မြှင့်တင်ပြောင်းလဲလို့ရှိရင် ရုပ်ဝတ္ထုပစ္စည်းတွေက အချိန်မရွေး လုပ်လို့ရတယ်။ ဒါတွေ အကုန်လုံးကို နှိုင်းယှဉ်ကြည့်ရင်တော့ ကျေနပ်မှု မရှိပါဘူး။ မြေလွတ်မြေရိုင်း ဥပဒေကအစ တော်တော်ဆိုးရွားလာတဲ့ အတိုင်းအတာပဲ တွေ့တယ်။ အစိုးရကို တာဝန်ယူမှု၊ တာဝန်ခံမှု များများလုပ်စေချင်တယ်။ မဟုတ်လို့ရှိရင် တိုင်းပြည်က ရေရှည်မှာ နိုင်ငံခြားလက်အောက်မှာ ထိုင်ဆိုထိုင်၊ ထဆိုထ သူများလက်အောက်မှာ ရောက်သွား နိုင်တာပေါ့။ ပြည်သူအားလုံး နိုးကြားပြီးတော့ အစိုးရကို ထိန်းကျောင်းပြီး Check & Balance လုပ်ဖို့က အရေးကြီးတာပေါ့။ ဒါမှလည်း တိုင်းပြည်က တိုးတက်မှာပေါ့။

## မဆိုင်းနူးပန် (Kachin State Youth Assembly)

အခုလက်ရှိ အစိုးရလုပ်ဆောင်ချက်အခြေအနေကိုကြည့်ရမယ်ဆိုရင် မြေယာခွန်၊ ဘီးခွန်၊ ရေခွန်၊ အခွန်တွေ အများကြီး ကောက်နေတာ တွေ့ရတယ်။ ဒါပေမဲ့လည်း အခွန် တစ်လကို ဘယ်လောက်ရတယ်၊ ဘယ်မှာ သုံးလိုက်ပါတယ်၊ ပြီးတော့မသုံးတဲ့ ငွေတွေကိုကျတော့ ဘယ်လို လုပ်လိုက်တယ်။ အဲ့လို ပွင့်လင်းမြင်သာမှုကို သိပ်မတွေ့ရဘူး။ ပြီးတော့ Immigration policy ကိုလည်း သေချာကောင်းကောင်း မချထားလို့ ထင်တယ်။ ပြောရမယ်ဆိုရင် ဖားကန့်တို့၊ တနိုင်းတို့ နေရာတွေမှာဆိုရင် တရုတ်တွေ အများကြီး ရောက်နေတဲ့အပိုင်းတွေ တွေ့ရတယ်။ တစ်နိုင်တစ်ပိုင်လုပ်နေတဲ့ ပြည်သူတွေဆိုရင် ဆိုင်ခန်းခတွေ အဆမတန် ကောက်နေတာလည်း တွေ့ရတယ်။ အစတည်းက စီးပွားရေးမကောင်းတဲ့ ပြည်သူလူထုတွေ ဒုက္ခရောက်နေ တာကို တွေ့ရတယ်။ ပြီးတော့ ပြည်နယ်မှာ ကျောက်စိမ်းပေါ်လစီကို ဘယ်လိုချမယ်ဆိုတဲ့ အပိုင်းကို ပြည်နယ်အစိုးရကနေ ဘာမှ အကောင်အထည် မဖော်ပေးသေးဘူးလို့ မြင်တယ်။ ကျောက်စိမ်းရခဲ့ရင်လည်း ကျောက်စိမ်းဈေးကွက်က တရုတ်လက်ထဲမှာပဲ ရှိတဲ့အပိုင်းတွေ၊ ကိုယ့်ရဲ့ပြည်နယ်မှာ ဈေးကွက်မရှိတဲ့ အပိုင်းတွေပေါ့။ ပြောချင်တာကတော့ ကိုယ့်ရဲ့ နိုင်ငံမှာ လွတ်လွတ်လပ်လပ် ကူသန်းရောင်းဝယ်ရေးလုပ်ခွင့် မရှိဘူး။

---

**စာ .. ၁၃ ဝေဖန်ချိန်တန်ပြီ မှ »**

အခွင့်အလမ်းတွေ ဆုံးရှုံးရမှာကို စိုးရိမ်ဖွယ်ရာ တွေ့မြင်နေရပါတယ်။

ဒီတော့ ကချင်ပြည်နယ်ဝန်ကြီးချုပ်မဖြစ်ခင် NLD ပါတီ နာယကတွေရဲ့ အရွေးချယ်ခံဘဝက ဒေါက်တာခက်အောင် မဲဆန္ဒနယ်မြေ (၁) မဲရုံ(၉)က လူထုတွေ့ဆုံစည်းရုံးပွဲမှာ ပြောသွားခဲ့တဲ့ "ကျွန်တော် နိုင်ငံရေးမှာ မပါချင်လို့ အမတ်နေရာ တစ်နေရာဝင်ပြိုင်ဖို့ လာပြီး တောင်းပန်ကြတဲ့ NLDနာယကအဖွဲ့ဝင် လူကြီးတွေကို နှစ်ကြိမ်လောက် ငြင်းခဲ့ပြီးပါပြီ။ ဒါပေမဲ့ အခု နောက်တစ်ကြိမ်လာပြီး တောင်းပန်တော့ လက်ခံလိုက်ရပါတယ်။ ပြောရရင် ကျွန်တော်က ကျောင်းတက်စဉ် ကာလကတည်းက အစွန်းရောက် ဘာသာစွဲ၊ လူမျိုးစွဲတွေ မရှိပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်က ဆရာဝန်သာဖြစ်တာ နိုင်ငံရေးမှာတော့ သုညပါ။ တကယ်လို့များ မဲပြိုင်ပြီး အနိုင်ရခဲ့သည်ရှိသော် ကျွန်တော့်အိမ်ကို ဝင်ပါ၊ ထွက်ပါ၊ တံခါးမရှိ၊ ဓားမရှိပါ။ ဝေဖန်ထောက်ပြကြပါ။ စိတ်မဆိုးတတ်ပါဘူး"ဆိုတဲ့ စကားလေးကို တောင် သတိရမိသွားတယ် ဆိုပါတော့ဗျာ။ ဒါပေမဲ့လည်း ယနေ့အချိန်အထိ စာနယ်ဇင်း၊ သတင်းထောက်တွေတောင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ တွေ့ရဖို့ မလွယ်ဘူးဆိုတာမျိုးကို ဝမ်းနည်းဖွယ်ရာ ကြားသိနေရပါတယ်။

တကယ်တော့ စာနယ်ဇင်းနဲ့ သတင်းစာတွေဆိုတာ ဖြောင့်မတ် တည်ကြည်ပြီး မှန်ကန်တဲ့အစိုးရ အတွက် ကြောက်စရာ မဟုတ်ပါဘူး။ သုံးတတ်ရင် အစိုးရအတွက် အထောက်အပံ့ လို့တောင် ပြောလို့ ရပါတယ်။

စာနယ်ဇင်း၊ သတင်းဆိုလို့ ဟိုတစ်လောလေးက ကချင်ပြည်နယ်ရဲ့ တစ်ခုတည်းသော ဂျာနယ်ဖြစ်တဲ့ မြစ်ကြီးနားသတင်း ဂျာနယ်က သတင်းထောက်မလေး တစ်ယောက်နဲ့ သတင်းထောက်လေး တစ်ယောက်ကို သခင်စစ်သတ္တုတူးဖော်ရေး ကုမ္ပဏီပိုင်ရှင်က ကိုယ်ထိလက်ရောက် အကြမ်းဖက်ခဲ့တာကို မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီနဲ့ တကွ မြန်မာနိုင်ငံအခြေစိုက် သတင်းဌာန အားလုံးက အမှုမှန် ပေါ်ပေါက်ရေး အတွက် ကချင်ပြည်နယ်အစိုးရကို တောင်းဆိုခဲ့ကြပါတယ်။ ဆိုတော့ ကချင်ပြည်နယ် အစိုးရအနေနဲ့ နိုင်ငံတော်သမ္မတ ဒါမှမဟုတ် နိုင်ငံတော် အတိုင်ပင်ခံတို့ဆီကနေ အမိန့်တို့ ညွှန်ကြားစာတို့ မလာရင် ကိုယ့်လုပ်ပိုင်ခွင့်နဲ့ ကိုယ် ဘာမှ မလုပ်တတ်တော့ဘူးလားလို့ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ပြည်သူတချို့က ဆိုရင် ကချင်ပြည်နယ်အစိုးရက အာဏာအပေါ်မှာ ယစ်မူးသာယာနေပြီလား လို့တောင် သံသယရှိနေကြတာပါ။ ဒီတော့ ငါးနှစ် သက်တမ်းပြည့်ရင် ကိုယ်လည်း သာမန်ပြည်သူ တစ်ယောက်ပါလား ဆိုတဲ့ အသိမျိုးကို နှလုံးသွင်းပြီး ပြည်သူတင်တဲ့ အစိုးရအနေနဲ့ ဘာတွေတာဝန်ကျေခဲ့ပြီလဲဆိုတာ ပြန်လည်သုံးသပ်ဖို့ လိုပါလိမ့်မယ်။

ယနေ့ ကချင်ပြည်နယ်မှာ ကချင်ပါတီ၊ ရှမ်းပါတီစသဖြင့် အမျိုးမျိုး ကွဲထွက်လာတာကို တွေ့မြင်နေရပါတယ်။ ဒါကလည်း ကချင်ပြည်နယ်တင် မဟုတ်ပါဘူး။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကို ပါတီအမျိုးမျိုး ပေါ်ပေါက်လာနေတာပါ။ ဒီလိုပါတီတီတွေ အမျိုးမျိုးကွဲပြားလာနေတာဟာ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ စိုးရိမ်စရာမရှိဘူးဆိုပေမယ့် ကချင်ပြည်နယ်အတွက်တော့ ရင်လေးစရာပါ။ ဘာ့ကြောင့်တုန်း ဆိုတော့ တကယ်လို့များ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲကွဲသွားလို့ ကချင်ပါတီကလည်း အစိုးရမဖွဲ့နိုင်၊ ရှမ်းပါတီကလည်း အစိုးရမဖွဲ့နိုင်၊ NLD ပါတီကလည်း အစိုးရမဖွဲ့နိုင် ဖြစ်သွားပြီး ကြံ့ခိုင်ရေးပါတီ နှစ်ဆယ့်ငါး ရာခိုင်နှုန်းလောက်နဲ့ တပ်မတော် နှစ်ဆယ့်ငါးရာခိုင်နှုန်း ပေါင်းမိသွားခဲ့ရင် ပြည်နယ်လွှတ်တော် တစ်ခုလုံးကို တပ်မတော်ဘက်က ချယ်လှယ်သွားဖို့ အကြောင်းဖန်ပေးသလို ဖြစ်လာနိုင်ပါတယ်။ ဆိုတော့ သိပ်မဝေးတော့တဲ့ ရွေးကောက်ပွဲ ကာလမှာ ပြည်သူတစ်တွေရဲ့ ဆန္ဒမဲ မကွဲဖို့အတွက် ကချင်ပါတီတွေ၊ ရှမ်းပါတီတွေနဲ့ အချင်းချင်းညီညွတ်နေအောင် ညှိနှိုင်းထားဖို့လည်း လက်ရှိပြည်နယ်အစိုးရမှာ တာဝန်ရှိတယ်လို့ ဆိုရမှာပါ။

ပြောလက်စနဲ့ ဆက်ပြီး ပြောရရင် ပြည်နယ်အစိုးရအနေနဲ့ ပြည်သူတွေဖြစ်ချင်သမျှကို တင်ပြ အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ မိမိတို့အပေါ် ယုံယုံကြည်ကြည် တာဝန်ခန့်အပ်ပေးခဲ့တဲ့ NLD ပါတီကိုလည်း ပစ်မထားသင့်ဘူး ထင်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ကို ပါတီအတွက် အသုံးမပြုတဲ့ပါတီ ဖြစ်နေတာကြောင့် ဝိုင်းဝန်း စောင့်ရှောက်ရပါလိမ့်မယ်။ နောက်ပြီး ယနေ့အချိန်မှာ ပါတီတွင်း ဆရာမွေး၊ တပည့်မွေး အနေအထားတွေ ဖြစ်နေပြီး အယူအဆ အကွဲကွဲအပြားပြားနဲ့ အာဏာငန်းဖမ်းနေတဲ့ အုပ်စုတွေ ရှိနေပြီလားလို့တောင် တချို့မဲဆန္ဒရှင်တွေက တွက်ဆနေကြပါတယ်။ ဒါကြောင့် လက်ရှိပြည်နယ်အစိုးရ တာဝန်ရှိသူတွေအနေနဲ့ ကချင်ပါတီတွေနဲ့ဖြစ်စေ၊ ရှမ်းပါတီတွေနဲ့ဖြစ်စေ ညီညွတ်မှုကို ရယူထားပြီး ကချင်ပြည်နယ်တစ်ခုလုံးရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသဖြင့် တတ်နိုင်သမျှ ထိန်းကျောင်း ပြုပြင်ကြရင်း ပြည်သူလူထုအားလုံးရဲ့ ယုံကြည်မှုကို ရယူနိုင်အောင်၊ ပြည်နယ်ရဲ့ အခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးမှု မခံရအောင် ထမ်းရွက်သွားကြဖို့အတွက် ရေးသားလိုက်ရပါတယ်။ ■



www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၂၉ ၊ ၂၀၁၉)

# ဒီနွေဦးက ဘယ်သူ့နွေဦးလဲ

မှန်မှန်မြတ် ရေးသားသည်




Photo - AP

"အစုလိုက် အပြုံလိုက်ပစ်သတ်မှု"(massshooting) ဆိုတဲ့အသုံးအနှုန်းတစ်ခုကို အနောက်နိုင်ငံက သတင်းစာတွေထဲမှာ ဒီဆယ်စုနှစ်ထဲမှာ မကြာခဏတွေ့လာရတယ်လို့ စစ်တမ်းတစ်ခုကဆိုပါတယ်။

မကြာသေးခင်က နယူးဇီလန်နိုင်ငံက ဗလီနှစ်ခုအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ပစ်ခတ်မှုဟာ ဥရောပမှာ ခေါင်းထောင်လာတဲ့ လူဖြူအမျိုးသားရေးဝါဒကြောင့် ဖြစ်တယ်လို့ တချို့က သုံးသပ်ကြသလို တချို့ကတော့ ဒါဟာအစုလိုက်အပြုံလိုက်ပစ်သတ်မှုကို ကျူးလွန်တဲ့ သေနတ်သမားရဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာကြောင့်ဖြစ်တယ်လို့လည်း ဆိုကြပါတယ်။

ဒါနဲ့ပတ်သက်တဲ့ ဆက်စပ်မှု တစ်ခုကတော့ လူ ၅၀ သေဆုံးခဲ့တဲ့ နယူးဇီလန်ပစ်ခတ်မှုကို ကျူးလွန်တဲ့ သေနတ်သမားရဲ့ စံပြပုဂ္ဂိုလ်ဟာ ၂၀၁၁ ခုနှစ်တုန်းက နော်ဝေနိုင်ငံမှာ လူပေါင်း ၇၇ ယောက်ကို သတ်ခဲ့တဲ့ အစွန်းရောက် အမျိုးသားရေးဝါဒီတစ်ယောက် ဖြစ်နေတာပါပဲ။ သူ့မှာ "မိမိကိုယ်မိမိ အချစ်လွန်မှု စိတ်ကစဉ့်ကလျားရောဂါ narcissistic personality disorder" လက္ခဏာ တွေ့ရတယ်လို့လည်း နော်ဝေတရားရုံးမှာ စိတ်ရောဂါအထူးကု ဆရာဝန်က ထွက်ဆိုခဲ့ပါတယ်။

သူ့ရဲ့ အစုလိုက် အပြုံလိုက်ပစ်သတ်မှုကို "စာအုပ်မိတ်ဆက်ပွဲ"လို့ နော်ဝေလူမျိုး သေနတ်သမားက နာမည်ပေးခဲ့ပါတယ်။ "ကျွန်တော့်စာတွေကို လူတွေဖတ်လာဖို့ အနည်းဆုံး လူတစ်ဒါဇင်လောက်တော့ သတ်ရလိမ့်မယ်"ဆိုတာကို ကြိုတွေးထားခဲ့တယ်လို့ တရားရုံးမှာ ထွက်ဆိုခဲ့ပါတယ်။ တကယ်တမ်း သူသတ်ခဲ့တာက ၇၇ ယောက်ပါ။

နယူးဇီလန် ပစ်ခတ်မှုကို ကျူးလွန်တဲ့ သေနတ်သမားနဲ့ နော်ဝေဂျီယန် သေနတ်သမားရဲ့ တူညီတဲ့လုပ်ရပ်တစ်ခုက ပစ်ခတ်မှုတွေ မကျူးလွန်ခင်မှာ သူတို့ရဲ့ကြေညာစာတမ်းတွေကို အင်တာနက်မှာ တင်ထားခဲ့တာပါပဲ။ ပိုဆိုးတာက နယူးဇီလန်ပစ်ခတ်မှုကို ကျူးလွန်တဲ့ သေနတ်သမားက သူ့ရဲ့ပစ်ခတ်မှုကို သူ့ရဲ့ဖေ့ဘွတ် လူမှုကွန်ရက်ပေါ်က တိုက်ရိုက်ထုတ်လွှင့်ခဲ့တယ်။ သူ့ရဲ့ စာတမ်းထဲမှာ သူဟာ ထောင်ဒဏ် ၂၇ နှစ်လောက်ကျပြီး ပြန်ထွက်လာရင် (နယ်လဆင်မန်ဒဲလားလိုမျိုး) ငြိမ်းချမ်းရေး နိုဘယ်ဆုတောင် ရနိုင်တယ်လို့ ရေးထားပါသေးတယ်။

သေချာတာကတော့ သူတို့ နှစ်ယောက်စလုံးဟာ နာမည် ကျော်ကြားချင်တာ၊ လူဖြူ လူစွမ်းကောင်းတွေ လုပ်ချင်တာ၊ စကားပြောစင်မြင့်တစ်ခု လိုချင်တာ ဥရောပတိုက်မှာရှိတဲ့ လူဖြူအုပ်စုတွေကြားမှာ ကယ်တင်ရှင်ဖြစ်ချင်တာ၊ သူတို့ရဲ့ လုပ်ရပ်တွေကို အသိအမှတ်ပြု ခံချင်တာက စတာပါပဲ။

အမေရိကန် နိုင်ငံရေး သိပ္ပံပညာရှင် ဖရန့်စစ် ဖူကူယားမားကတော့ လူ့ဂုဏ်သိက္ခာဆိုတာ လူတွေရဲ့ အသိအမှတ်ပြု ခံလိုစိတ်ကို အခြေခံတယ်လို့ ဆိုပါတယ်။ လူ တစ်ဦးတစ်ယောက်ချင်းရဲ့ ဂုဏ်သိက္ခာကနေ အုပ်စုလိုက်ဂုဏ်သိက္ခာ အဖြစ်ပြောင်းလဲသွားဖို့ ဆိုတာကတော့ အမျိုးသားရေးနဲ့ ဘာသာရေးဝါဒမှိုင်းတွေ ဘယ်လောက်တိုက်ခံရသလဲ ဆိုတာပေါ်မှာ မူတည်လိမ့်မယ်လို့ ဖူကူယားမားက သုံးသပ်ထားပါတယ်။

အမျိုးသားရေးဝါဒ ဆိုတာ လူဖြူမှု၊ လူမည်းမှု၊ လူဝါမှု မဟုတ်ပါဘူး။ လူသားတိုင်းရဲ့အတွင်းစိတ်သဏ္ဌာန်ထဲမှာ ခိုအောင်းနေတဲ့ မိမိကိုယ်မိမိချစ်တဲ့ အတ္တစိတ်ဟာ အမျိုးသားရေးဝါဒ (သို့မဟုတ်) မျိုးချစ်စိတ်ရဲ့ အခြေခံပါပဲ။ မိမိကိုယ်ကိုချစ်တာ၊ မိသားစုကိုချစ်တာ၊ မိမိလူမျိုးကိုချစ်တာ၊ မိမိနိုင်ငံကိုချစ်တာ စတဲ့ အဆင့်ဆင့်ဖြစ်ထွန်းလာတဲ့ တစ်ကိုယ်ရည်အတ္တကိုအခြေခံတဲ့ မျိုးချစ်စိတ်ဟာ နည်းတာများတာသာ ကွာပေမယ့် လူတိုင်းမှာ ရှိတတ်ပါတယ်။

လူသားတွေရဲ့ စိတ်မလုံခြုံမှုအပေါ် အခြေခံပြီး ပေါ်ပေါက်လာတဲ့ ကိုးကွယ်ဆည်းကပ်ရာတစ်ခု ဖြစ်တဲ့အတွက် ဘာသာရေးဟာလည်း အမျိုးသားရေးဝါဒနဲ့ အတူဒွန်တွဲပြီးလူသားတွေရဲ့ စိတ်သဏ္ဌာန်ထဲမှာ ရှိနေတတ်ပါတယ်။

တကယ်တော့ နော်ဝေဂျီယန် သေနတ်သမားရော၊ နယူးဇီလန်ပစ်ခတ်မှု ကျူးလွန်တဲ့ ဩစတေးလျနိုင်ငံသားရော နှစ်ယောက်စလုံးဟာ တစ်ဖက်ပိတ် မျက်ကန်းမျိုးချစ်သမား စိတ်ရောဂါသည်တွေပဲ ဖြစ်ကြပါတယ်။ နော်ဝေဂျီယန် လူသတ်သမားဟာ ဘဝ တစ်လျှောက်လုံး အစွန့်ပစ်ခံ အငြင်းပယ်ခံ လူဖျင်းလူညံ့ တစ်ယောက်အဖြစ် ကြီးပြင်းခဲ့တယ်။ တစ်ယောက်တည်း ထောင့်တစ်ထောင့်မှာ ဗီဒီယိုဂိမ်းတွေကစားပြီး အမြဲအထီးကျန်ဒေါသထွက်နေတတ်တဲ့ လူငယ်တစ်ယောက်ဟာ အင်တာနက် ဝက်(ဘ)ဆိုဒ်တွေက တစ်ဆင့် မြေအောက်ဒုစရိုက်လောကမှာ ကျင်လည်တဲ့ သူငယ်ချင်းအသစ်တွေ ရလာတဲ့နောက်မှာ သူ့ကို လူတွေ အသိအမှတ်ပြုလာအောင် ကြောက်လာအောင် အစုလိုက်အပြုံလိုက်သတ်ဖြတ်တဲ့ အကြမ်းဖက်နည်းမျိုးနဲ့ စကြိုးစားလာခဲ့တော့တာပါပဲ။

အမှန်တကယ်တော့ သူတို့ ၂ ယောက်စလုံးဟာ တစ်ဦးချင်းစီမှာရှိတဲ့ "မိမိကိုယ်မိမိ အချစ်လွန်မှု စိတ်ကစဉ့်ကလျားရောဂါ၊ မိမိကိုယ်မိမိ အသိအမှတ် အပြုခံချင်လွန်းတဲ့ ရောဂါ"ကို လူဖြူအုပ်စုတစ်စုရဲ့ ဝိသေသလက္ခဏာအနေနဲ့ ခေါင်းစဉ်တပ်ပြီး အစွန်းရောက် အမျိုးသားရေးဝါဒကို ထူထောင်ဖို့ ကြိုးစားကြတာပါပဲ။

ဗြိတိသျှ အင်ပါယာကို နေမဝင်အင်ပါယာကြီးတစ်ခုဖြစ်လာအောင် ချဲ့ထွင်လိုတဲ့ နယ်မြေသစ်ရှာဖွေသူတချို့ရဲ့ ရူးသွပ်မှုကြောင့် ကိုလိုနီ နယ်ပယ်ချဲ့ထွင်မှုတွေ ဖြစ်လာတယ်။ ဟစ်တလာရဲ့ နာဇီဝါဒကြောင့် ဂျူးလူမျိုး ခြောက်သန်းလောက် အသက်ဆုံးရှုံးခဲ့ရတယ်။ မွတ်စလင်ဘာသာရေး အစွန်းရောက်တွေဟာ ISIS (Islamic State in Iraq and Syria)လို ဘာသာရေးအခြေပြုတဲ့ နိုင်ငံတစ်ခု ထူထောင်လာကြတယ်။ စစ်သွေးကြွအဖွဲ့တွေ ပေါ်လာပြီး ကမ္ဘာကျော်မြို့တစ်မြို့ဖြစ်တဲ့ ပဲရစ်မြို့မှာ လူ ၁၃၀ လောက် သေဆုံးခဲ့တဲ့ အကြမ်းဖက်မှုမျိုး ကျူးလွန်ခဲ့တယ်။ အလားတူ အကြမ်းဖက်မှုမျိုးတွေကို ဥရောပမြို့ကြီးတွေမှာ ထပ်လုပ်ဦးမယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေလည်း ရှိခဲ့ပါတယ်။ တစ်ဖက်မှာလည်း အဲဒီခြိမ်းခြောက်မှုတွေရဲ့ အကျိုးဆက်ကြောင့် မွတ်စလင်ရွှေ့ပြောင်းအခြေချသူတွေကို လက်မခံဖို့စည်းရုံးလှုံ့ဆော်မှုတွေ အမေရိကားအပါအဝင် ဥရောပနိုင်ငံတချို့မှာ လုပ်လာကြတယ်။

ဒီလိုနဲ့ ကမ္ဘာကြီးဟာ တဖြေးဖြေးနဲ့ လုံခြုံမှု လျော့နည်းလာခဲ့တယ်။ တစ်ဦးတစ်ယောက်ချင်းရဲ့ မပျော်ရွှင်မှု၊ စိတ်မလုံခြုံမှုတွေဟာ ဘေးပတ်ဝန်းကျင်ကလူတွေရဲ့ လုံခြုံရေးကိုပါ ခြိမ်းခြောက်လာသလို ဖြစ်လာပါတယ်။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုတွေ လျော့ရဲလာကြတယ်။ တစ်ယောက်တည်း ရပ်တည်ဖို့ ခက်လာတဲ့အတွက် အုပ်စုလိုက်ရပ်တည်ဖို့ကြိုးစားလာကြတဲ့ အခါမှာလည်း အုပ်စုခေါင်းဆောင် နိုင်ငံရေးသမားတွေ သတ်မှတ်ထားတဲ့ ဝိသေသလက္ခဏာကို ရှေ့တန်းတင်ဖို့ကိုသာ အဓိကထား ကြိုးစားလာကြတယ်။

ဒါ့ကြောင့်ပဲ လူမည်းဘဝ ပဓာမလှုပ်ရှားမှုတွေ (Black Live Matter Movement)၊ အမျိုးသမီးအရေး ဖော်ဆောင်တဲ့ လှုပ်ရှားမှုတွေ (Me Too Campaign)၊ လူမျိုးစုအရေး ဖော်ဆောင်တဲ့လှုပ်ရှားမှုတွေ၊ လူဖြူအမျိုးသားရေးဝါဒတွေ၊ ဘာသာရေး အစွန်းရောက်အသွင်ဆောင်တဲ့ လှုပ်ရှားမှုတွေဟာ ဝိသေသနိုင်ငံရေးတွေအနေနဲ့ ဒီနေ့ခေတ်မှာ အားကောင်းလာကြတာကို တွေ့နေရတာပါ။

ဝိသေသ နိုင်ငံရေးတွေ အားကောင်းလာတာဟာ လစ်ဘရယ်ဒီမိုကရေစီဝါဒရှင်သန်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခုပါပဲ။ ဝိသေသနိုင်ငံရေးဟာ လစ်ဘရယ်ဒီမိုကရေစီစနစ်ကနေ အာဏာရှင်စနစ်ဆီကို နောက်ကြောင်းပြန် ဆွဲခေါ်သွားနိုင်သလို၊ အထိန်းအကွပ်မဲ့ ပရမ်းပတာဖြစ်စေတဲ့ မင်းမဲ့စိုးမဲ့ အခြေအနေမျိုးကိုလည်း အချိန်မရွေး ရောက်သွားစေနိုင်ပါတယ်။

ဒီမိုကရေစီသက်တမ်း နုနယ်သေးတဲ့ မြန်မာနိုင်ငံမှာ ဝိသေသနိုင်ငံရေး အားပြိုင်မှုတွေကြောင့် ဖြစ်လာတဲ့ ဖိအားတွေဟာ လက်ရှိဖြစ်နေတဲ့ ပြည်တွင်းစစ်ပဋိပက္ခတွေကို မီးလောင်ရာလေပင့်ဖြစ်လာစေပါတယ်။

ဖူကူယားမားကတော့ လူထုအုံကြွမှုတွေ ဖြစ်တိုင်း ဒီမိုကရေစီစနစ်ကို ကူးပြောင်းနိုင်တာ မဟုတ်ဘူးလို့ ဆိုပါတယ်။ အာဏာရှင်စနစ်ဆီကိုပဲ နောက်ပြန်သွားခဲ့တဲ့ အာရပ်နွေဦးဟာ လောလတ်လတ် နမူနာ တစ်ခုပါပဲ။ အကြိမ်ကြိမ် စစ်အာဏာသိမ်းမှုတွေကြောင့် ဒီမိုကရေစီ လွတ်လပ်ခွင့်တွေ ဆုံးရှုံးခဲ့ရတဲ့ အိမ်နီးချင်းထိုင်းနိုင်ငံကလည်း သင်ခန်းစာတစ်ခုပါပဲ။

တစ်စုချင်း၊ တစ်ဖွဲ့ချင်းရဲ့ ဝိသေသ နိုင်ငံရေးတွေကိုပဲ ရှေ့တန်းတင် နေကြမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ မကြာသေးခင်ကမှ ရထားတဲ့ ဒီမိုကရေစီစနစ်ရဲ့ အခြေခံစံနှုန်းစစ်စစ်ဖြစ်တဲ့ အရပ်သားအစိုးရတစ်ရပ်ကို ရွေးကောက်တင်မြှောက်ပိုင်ခွင့်ကိုပါ ဆုံးရှုံးရမယ့် အလားအလာတွေရှိလာလိမ့်မယ်ဆိုတာကို သတိချပ်သင့်ပါတယ်။

၂၀၂၀မှာ နောက်တစ်ကျော့ထပ်ပြန်လာမယ့်နွေဦးဟာ မြန်မာ့နွေဦးလား၊ ဒါမှမဟုတ် လွန်ခဲ့တဲ့ အနှစ် ၇၀ က ပဋိပက္ခသံသရာစက်ဝန်းကို တစ်ကျော့ပြန်ပတ်မယ့် အဆိုးကျော့ သံသရာနွေဦးလား။ ဘယ်လိုနွေဦးမျိုးကို လိုချင်သလဲဆိုတာ သေချာစဉ်းစားရမယ့် အချိန်ကို ရောက်နေပါပြီ။ ■

Ref: The Anatomy of White Terror https://www.nytimes.com/2019/03/18/opinion/new-zealand-tarrant-white-supremacist-terror.html?fbclid=IwAR3DlOyEXkk8gNEO1sfyD_OKilQiFCp5G4fjZAfcs1E_XHgvF6BXBCLXDio

## မြစ်ကြီးနားမြို့သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာသော

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်း အပြည့်အစုံ



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မတ်လ ၂၂ ရက်နေ့ကမြစ်ကြီးနားမြို့၊မြို့တော်ခန်းမတွင်ပြည်နယ်အစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံပြီး အမှာစကားပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံကို ပရိသတ်ကြီးသိရှိနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။**

**ဒီမိုကရေစီအသွင်ကူးပြောင်းရေး သမ္မတကြီးပြောစကား**

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ အရှိန်အဟုန်နဲ့ ကျွန်တော်တို့ သွားနိုင်ဖို့အတွက် ဒါကို ကျွန်တော်တို့အနေနဲ့ လာရောက်ပြီးတော့ မြှင့်တင်ဆောင်ရွက်လိုတဲ့ ဆန္ဒနဲ့ လာခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီနဲ့ ဖယ်ဒရယ်ပြည် ထောင်စုနိုင်ငံတော် တည်ဆောက်မယ်ဆိုပြီးတော့ တာဝန်ရှိလူကြီး အသီးသီးကနေပြီးတော့ သန္နိဋ္ဌာန်ချပြီးပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်ဆိုတာ ဘာဖြစ်လို့လဲဆိုပြီးတော့မေးလို့ရှိရင် ဒီမိုကရေစီ စနစ်ဟာ တရားမျှတမှု၊ လွတ်လပ်မှု၊ လုံခြုံမှု၊ ပျော်ရွှင်မှုစသည်ဖြင့် အခွင့်အရေးတန်းတူညီမျှမှု၊ အခွင့်အလမ်း သာတူညီမျှမှု စတာတွေ ပေးစွမ်းတဲ့စနစ်ပဲ ဖြစ်ပါတယ်။ ထို့အတူပဲ ပြည်ထောင်စုစနစ်ဆိုတာကလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ သာတူညီမျှခွင့်တွေနဲ့ ပေးထားတဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်က ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့အတွက် အထောက်အပံ့ဖြစ်သလို၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ခြင်းဟာလည်း ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးအတွက် အားပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်ဆိုရင် နိုင်ငံတော်မှာ တာဝန်ရှိခေါင်းဆောင် အသီးသီးက သန္နိဋ္ဌာန် ချထားပြီးပဲ ဖြစ်ပါတယ်။ ဒီလို ချထားတဲ့ အခါမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးစနစ် တစ်ခုကို လုပ်တဲ့အခါမှာ ခေတ်ဟောင်း စနစ်ဟောင်းကနေပြီးတော့ ခေတ်သစ်စနစ်တစ်ခုကို ပြောင်းတဲ့အခါမှာ အခက်အခဲ အကျပ်အတည်းဆိုတာတော့ တွေ့လေ့တွေ့ထ ရှိပါတယ်။ ဒါသဘာဝတရားလည်း ဖြစ်ပါတယ်။

ဒီအခက်အခဲ အကျပ်အတည်းတွေကို ကျွန်တော်တို့က စိတ်ပျက်အားငယ် မနေဘဲနဲ့ ကျရာတာဝန်ကို ထမ်းဆောင်ကြတဲ့ တက်ရောက်လာကြတဲ့ လူကြီးမင်းများ အားလုံးက ဒီအခက်အခဲ အကျပ်အတည်းတွေသည် ငါတို့ရဲ့ အရည်အချင်းတွေပြဖို့၊ ဒီလိုကျော်လွှားအောင်မြင်နိုင်အောင် ငါတို့ရဲ့ စွမ်းဆောင်ရည်တွေပြဖို့ အခွင့်အလမ်းတစ်ခုပါလားဆိုပြီး သဘောပေါက် ဆောင်ရွက်ကြစေလိုပါတယ်။ ဒါသဘာဝအတိုင်းပဲ။ အသွင်ကူးပြောင်းရေးရဲ့ ဖြစ်စဉ်ပဲကြည့်ကြည့်ပါ။ အသွင်ကူးပြောင်းရာမှာ ဘယ်စနစ်ကနေ ဘယ်စနစ်ပဲ ပြောင်းပြောင်း အစ ကနေဦးကာလမှာ ဒီလိုပဲ အဖုအထစ်ဆိုတာ ရှိတတ်ပါတယ်။ ဒီလိုပဲ အခက်အခဲဆိုတာ ကြုံတတ်ပါတယ်။ ဒီနေရာမှာ တချို့ကလည်း ဒီအခက်အခဲ အကျပ်အတည်းကို တွေ့ကြုံတဲ့ အခါမှာ အသွင်ကူးပြောင်းရေး ဖြစ်စဉ်အတွက် နှောင့်နှေးတာတွေ၊ တချို့ကလည်း တုံ့ဆိုင်းတာတွေ၊ တချို့ကလည်း ဝန်လေးတာတွေ၊ တချို့ကလည်း အသွင်ကူးပြောင်းရေးကို လုပ်ရမှာကို စိုးရိမ်နေတာတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါတွေဟာ တကယ်တော့ စိုးရိမ်စရာ မဟုတ်ပါဘူး။ လောကနိယာမ တရားနဲ့ ပြောမယ်ဆိုရင် သက်ရှိ၊ သက်မဲ့ သတ္တဝါအားလုံး အချိန်နဲ့ အမျှ၊ စက္ကန့်နဲ့ အမျှ ပြုပြင်ပြောင်းလဲလျက် ရှိပါတယ်။

ပြုပြင်ပြောင်းလဲမှုနဲ့ ဒီလို အချိန်နဲ့အမျှ၊ ကာလနဲ့အမျှ ရှိနေတဲ့အခါမှာ ကျွန်တော်တို့ဟာ ပြုပြင်ပြောင်းလဲမှုကို ရန်သူသဖွယ် စိုးရိမ်ကြောင့်ကြနေရမှာ မဟုတ်ပါဘူး။ ပြုပြင်ပြောင်းလဲမှုဟာ ကျွန်တော်တို့ နိုင်ငံသူ/သားတွေအတွက်၊ ကျွန်တော်တို့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်

> “ ဒီအခက်အခဲ အကျပ်အတည်းတွေကို ကျွန်တော်တို့က စိတ်ပျက်အားငယ် မနေဘဲနဲ့ ကျရာတာဝန်ကို ထမ်းဆောင်ကြတဲ့ တက်ရောက်လာကြတဲ့ လူကြီးမင်းများ အားလုံးက ဒီအခက်အခဲ အကျပ်အတည်းတွေသည် ငါတို့ရဲ့ အရည်အချင်းတွေ ပြဖို့၊ ဒီလို ကျော်လွှားအောင်မြင်နိုင်အောင် ငါတို့ရဲ့စွမ်းဆောင်ရည်တွေပြဖို့ အခွင့်အလမ်းတစ်ခုပါလား ”

မိတ်ကောင်း၊ ဆွေကောင်း ဖြစ်တယ်ဆိုတာကို သဘောပေါက်စေချင်ပါတယ်။ ထို့အတူပဲ ပြုပြင်ပြောင်းလဲမှုဟာ ကျွန်တော်တို့ နိုင်ငံအတွက်၊ နိုင်ငံသူ/သားတွေအတွက် ခြိမ်းခြောက်မှု မဟုတ်ဘူး။ အန္တရာယ်ပြုမှု မဟုတ်ဘူး။ ဒါဟာ တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ တို့နိုင်ငံသူ/သားတွေ ကြီးပွားချမ်းသာမှုအတွက် အခွင့်အလမ်းပါလားဆိုတာ နားလည်စေလိုပါတယ်။

ပြုပြင်ပြောင်းလဲမှုဆိုတာ ကျွန်တော်တို့ အခုလို လိုက်လံပြီးတော့ ပွင့်ပွင့်လင်းလင်းပြောရရင် တွန်းအားပေးပြီးတော့ လုပ်ရမယ့်အရာ မဟုတ်ပါဘူး။ မလွဲမသွေ လုပ်ရမယ့်ကိစ္စ၊ မဖြစ်မနေ လုပ်ရမယ့်ကိစ္စဆိုတာ အားလုံး သဘောပေါက်စေချင်ပါတယ်။ ဘယ်နိုင်ငံပဲ ဖြစ်ဖြစ်၊ ဘယ်စနစ်ပဲကြည့်ကြည့် နိုင်ငံသူ/သားတွေအားလုံးဟာ ပြုပြင်ပြောင်းလဲမှု ရေစီးကြောင်းပေါ် လိုက်ပါနိုင်မှ အခွင့်လမ်းကောင်းတွေရမှာ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းပေါ်မှာ လိုက်ပါနိုင်ခြင်း မရှိလို့ရှိရင် ကျွန်တော်တို့ အခွင့်အလမ်းတွေ ဆုံးရှုံးမှာ ဖြစ်ပါတယ်။ ကိုယ်ဆုံးရှုံးခဲ့တဲ့ နှစ်ပေါင်းဟာလည်း မနည်းတော့ဘူးဆိုတာ အားလုံး သိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြုပြင်ပြောင်းလဲမှုကို လိုက်ပြီးတော့ နားလည်သဘောပေါက်အောင် ကြွရောက်လာကြတဲ့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ အသီးသီးကို ရှင်းလင်းဆွေးနွေး ပြောကြားနေရခြင်း ဖြစ်ပါတယ်။

**ပြည်သူလူထုကို မျက်နှာမူတဲ့၊ အကျိုးပြုတဲ့ အုပ်ချုပ်ရေး ယန္တရားဖြစ်စေချင်**

အဲ့ဒီတော့ ပြုပြင်ပြောင်းလဲတဲ့နေရာမှာ အပိုင်း သုံးပိုင်းရှိပါတယ်။ အုပ်ချုပ်ရေးပိုင်း ပြုပြင်ပြောင်းလဲမှု၊ ဥပဒေရေးပိုင်း ပြုပြင်ပြောင်းလဲမှု၊ တရားစီရင်ရေးအပိုင်း ပြုပြင်ပြောင်းလဲမှု သုံးခုရှိပါတယ်။ အုပ်ချုပ်ရေးပိုင်းအနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ လိုလားတဲ့ အုပ်ချုပ်ရေးပိုင်း ပြုပြင်ပြောင်းလဲမှုသည် တရားဥပဒေ စိုးမိုးရေးကို အထောက်အပံ့ပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်စေချင်ပါတယ်။ တရားဥပဒေစိုးမိုးမှုကို အထောက်အပံ့ပြုတဲ့ အုပ်ချုပ်ရေးစနစ်ဆိုတာ ဥပဒေနဲ့အညီပဲ မည်သူ့ကို မဆို မျက်နှာကြီးငယ် မလိုက်၊ ရာထူး ဌာနန္တရ မရွေး၊ ဂုဏ်သရေ အရှိန်အဝါမရွေး၊ ငွေကြေးဓနမရွေး၊ မည်သူ့ကိုမဆို တရားဥပဒေနဲ့အညီပဲ အုပ်ချုပ်စေချင်ပါတယ်။ ဒါဟာ တရားဥပဒေစိုးမိုးမှုကို အထောက်အပံ့ပြုတဲ့ အုပ်ချုပ်ရေးဆိုတာ ဒါကို ပြောခြင်း ဖြစ်ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ သွားလိုတဲ့ အုပ်ချုပ်ရေးသည် ဒီမိုကရေစီစနစ် ဖြစ်တဲ့အခါကျတော့ ပြည်သူလူထုကို မျက်နှာမူတဲ့၊ ပြည်သူလူထုကို အကျိုးပြုတဲ့ အုပ်ချုပ်ရေး ယန္တရားဖြစ်စေချင်ပါတယ်။

ပြည်သူလူထုကို မျက်နှာမူပြီး၊ ပြည်သူလူထုကို အကျိုးမပြုဘဲနဲ့ အုပ်ချုပ်တဲ့စနစ်ဆိုရင် ဒီမိုကရေစီ အုပ်ချုပ်ရေးနဲ့ များစွာ ကွာခြားသွားမှာ ဖြစ်ပါတယ်။ ဒါဟာ အုပ်ချုပ်ရေးပိုင်းအနေနဲ့ အရမ်းသတိထားရမယ့် အချက်ဖြစ်ပါတယ်။ ဒီလို ဘာလို့ ကျွန်တော်ပြောလဲဆိုရင် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ လိုလားတဲ့ အုပ်ချုပ်ရေးစနစ်သည် ပြည်သူလူထုကို ဖိစီးနှိပ်စက်တဲ့၊ ပြည်သူလူထုကို ဖိနှိပ်ညှင်းပန်းတဲ့ အုပ်ချုပ်ရေး ယန္တရား လုံးဝမဖြစ်စေလိုပါဘူး။ ဒါကျွန်တော့်ရဲ့ ခံယူချက်၊ ယုံကြည်ချက်အတိုင်း ပြောတာပါ။ အားလုံးဟာ ပြည်သူလူထုပါ။

ကျွန်တော်တို့ ဒီနေရာမှာ ဒီတာဝန်ထမ်းဆောင်နေရတယ်။ ဒီအလုပ်တွေ ယူရတယ်။ ကြုံတောင့်ကြုံခဲ အခွင့်အရေးမှာ ဒီလို တာဝန်ပေးခံရတယ်ဆိုတာ ပြည်သူက ပေးတာပါ။ ပြည်သူပေးတဲ့ တာဝန်မှာ ပြည်သူကို ပြန်ပြီးတော့ ဖိစီးနှိပ်စက်တဲ့ ဖိနှိပ်ချုပ်ခြယ်တဲ့ ယန္တရားမျိုးတော့ နည်းနည်းမှ အဖြစ်မခံနိုင်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ အနေနဲ့ တာဝန်ရှိတဲ့ ခေါင်းဆောင်ပိုင်းတွေနဲ့ သွားတဲ့ အရပ်ဒေသမှာ မည်သည့်နေရာမဆို တိုင်ကြားစာဌာန ဖွင့်ထားတာ ဖြစ်ပါတယ်။ အမှန်အတိုင်း သိချင်တယ်၊ အမှန်အတိုင်း မြင်ချင်တယ်။ အမှန်အတိုင်းသိ၊ အမှန်အတိုင်းမြင်မှ အနာသိမှ ဆေးရှိမှာ ဖြစ်ပါတယ်။ “အားလုံးကောင်းပါသည် ခင်ဗျာ”ဆိုတာကို၊ ဝိုင်းလိမ်တာကိုတော့ ကျွန်တော်တို့ လက်ခံမှာ မဟုတ်ပါဘူး။

**ဥပဒေပြုရေးမဏ္ဍိုင်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဝင်စွက်ဖက်ရင် မကျေမလည်ဖြစ်မယ်**

ထို့အတူပဲ ပြောကြမယ်ဆိုလို့ရှိရင် ဥပဒေပြုရေးပိုင်းကလည်း ဒီလိုပါပဲ။ ဥပဒေပြုရေးပိုင်းက လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ရှိတယ်။ ပြည်နယ်အနေနဲ့ ပြောမယ်ဆိုရင် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေရှိတယ်။ အဲ့ဒီ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအတိုင်း ကျင့်သုံးဖို့ လိုအပ်တယ်။ ဒီလို ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ နည်းဥပဒေကို မကျင့်သုံးဘဲနဲ့ ပြည်နယ်၊ တိုင်းအစိုးရရဲ့ ဥပဒေ၊ နည်းဥပဒေကို သွားကြည့်ပြီး ကိုယ်က ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပြီးတော့ အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်တာမျိုးဆိုရင် မကျေမလည်တွေဖြစ်မယ်။ အဖွဲ့အစည်း တစ်ခုနဲ့တစ်ခု မဏ္ဍိုင်တစ်ခုနဲ့ တစ်ခုမှာ အဖုအထစ်တွေ ဖြစ်မယ်။ ပြောချင်တာက ကိုယ့်အလုပ်ကိုယ်လုပ်ပါ။ သူ့အလုပ်သူ လုပ်ပါ။ သူ့အလုပ်ကို ကိုယ်ဝင်မပါပါနဲ့။ ကိုယ့်အလုပ်ကိုလည်း သူ့ဝင်အပါမခံပါနဲ့။ သူ့စည်း၊ ကိုယ့်စည်း မြန်မာစကားမှာ ရှိပါတယ် . . လူ့စည်း၊ ဘီလူးစည်း သူ့နေရာနဲ့သူ လုပ်တတ်ဖို့ လိုပါတယ်။

www.myitkyinanewsjournal.com  http://www.facebook.com/myitkyinanewsjournal.mm  Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
( မတ် ၂၉ ၊ ၂၀၁၉ )



**ဥပဒေပြုရေးမဏ္ဍိုင်က တရားစီရင်ရေးကို ဝင်မစွက်ဖက်နဲ့၊ အပြန်အလှန် ထိန်းကျောင်းပါ**

သူ့နေရာနဲ့သူ လုပ်ကြဖို့လည်း လိုပါတယ်။ ထို့အတူပဲ တရားစီရင်ရေးမဏ္ဍိုင် ပြောမယ်ဆိုရင်လည်း တရားစီရင်ရေးမဏ္ဍိုင်ကို ဝင်ပြီးတော့ ဟိုအမှုကို ဟိုလိုလုပ်ပါ။ ဒီအမှုကို ဒီလိုချပါ။ ဟိုအမှု အာမခံပေးပါ။ ဒီအမှု ပြစ်ဒဏ်ချပေးပါ။ လုံးဝ မလုပ်ပါနဲ့။ ကျွန်တော်တို့လည်း ဘယ်အမှုမှ မလုပ်ပါဘူး။

လွတ်လပ်တဲ့ တရားစီရင်ရေးလို့ ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့အတွက် လွတ်လပ်တဲ့ တရားစီရင်ရေးကို ကျွန်တော်တို့ မှန်မှန်ကန်ကန် အကောင်အထည်ဖော်လေ့ ရှိပါတယ်။ မပါပါဘူး . . ဘယ်ကိစ္စမှ၊ အဲ . . တစ်ခုတော့ ရှိတယ်။ ဥပဒေအတိုင်း လုပ်သလား၊ မလုပ်သလား။ ဥပဒေနဲ့အညီ ဆုံးဖြတ်သလား၊ မဆုံးဖြတ်သလား။ တရားစီရင်ရေးရဲ့ ဆောင်ရွက်ချက်ကို ဥပဒေပြုရေးမဏ္ဍိုင်ကလည်း Check and Balance လုပ်မယ်။ စောင့်ကြည့်မယ်။ အပြန်အလှန် ထိန်းကျောင်းရေး လုပ်မယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်ဟာလည်း Check and Balance လုပ်မယ်။ ပြန်လှန်ထိန်းကျောင်းရေး လုပ်မယ်။ ထို့အတူပဲ အုပ်ချုပ်ရေးမဏ္ဍိုင်ကလည်း ဥပဒေနဲ့အညီ အုပ်ချုပ်လား၊ မအုပ်ချုပ်ဘူးလား။ ဥပဒေနဲ့အညီ စီမံခန့်ခွဲလား၊ မခန့်ခွဲဘူးလား။ ဥပဒေပြုရေးမဏ္ဍိုင်ကလည်း လွှတ်တော်ကနေ Check and Balance လုပ်မယ်။ တရားစီရင်ရေးမဏ္ဍိုင်ကလည်း ပြန်ကြည့်မယ်။ ဒါက ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁(က) အရ ပေးထားတဲ့ အခွင့်အရေးပါ။

အဲ့ဒီတော့ Check and Balance လုပ်တယ် ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောရလို့ရှိရင် တချို့က မသဲကွဲဘူး။ အဲ့ဒီ Check and Balance လုပ်တာဟာ ဝင်ရောက်စွက်ဖက်တဲ့ ပုံစံမျိုး ဖြစ်ဖြစ်သွားတာတွေလည်း ရှိတယ်။ အမှန်က အပြန်အလှန် ထိန်းကျောင်းတာ။ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူး။ ဘယ်သူ့ ဘယ်သူမှ မစွက်ဖက်ပါနဲ့။ ဒါ ပြောချင်ပါတယ်။

နောက်တစ်ခုက ဆက်ပြောမယ်ဆိုရင် ဥပဒေပြုမဏ္ဍိုင်ကို နည်းနည်းလေးဆုံးအောင် အကျဉ်းချုပ်ပြောချင်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်ဟာ ခုနက ကျွန်တော်ပြောတဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေကို ကျေညက်အောင် လုပ်ပါ။ ကိုယ်စားလှယ်တွေရော။ ပြည်ထောင်စုအဆင့် ဆိုရင်လည်း ပြည်သူ့/အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေဟာလည်း ကိုယ့်ဥပဒေဆိုင်ရာ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေကို ကျေညက်အောင် လုပ်ပါ။ မကျေညက်တဲ့အခါကျတော့ တချို့ "အမှုမဲ့အမှတ်မဲ့ ဖြစ်စေ"၊ "ပညာရှိသတိဖြစ်ခဲပဲ ဖြစ်စေ" မသိတဲ့သူတွေက အကြောင်းမဟုတ်ဘူး။ သိတဲ့ပြည်သူတွေကျတော့ နားထဲမှာ တစ်မျိုးကြီးပဲ ကန့်လန့်ကြီးဝင်သလို ဖြစ်နေတယ်။

**လွှတ်တော်ကဏ္ဍ အကြံပြု**

ဥပမာ နမူနာတစ်ခုပြောမယ်။ ပြည်နယ်တိုင်းက ပြဋ္ဌာန်းထားတဲ့ ဥပဒေ ဒါမှမဟုတ် ဒီမေးခွန်းတစ်ခု၊ အဆိုတစ်ခုဟာ ဒီပြည်နယ်လွှတ်တော်မှာ မေးရမယ်။ ဒီ ပြည်နယ်လွှတ်တော်မှာ အဆိုတင်ရမယ့် ကိစ္စ။ အဲ့ဒါကို ဒီပြည်နယ်လွှတ်တော်မှာ ဒီအဆိုမတင်ဘဲနဲ့ ဒီဥပဒေ မပြဋ္ဌာန်းဘဲနဲ့ ပြောကြစတမ်း ဆိုလို့ရှိရင်တော့ ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေဆိုင်ရာ ဇယားက သပ်သပ်ရှိတယ် . . ဇယား(၂) မှာ။ ဒါတွေကိုပဲ ပြဋ္ဌာန်းရမယ်။ (၁)က ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းရမယ်။ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းရမှာကို ပြည်နယ်လွှတ်တော်က ကိုယ့်ပြည်နယ်နဲ့ကိုယ် ဥပဒေပြဋ္ဌာန်းပြီး လုပ်မယ်ဆိုတော့ ဥပဒေပဲ ရှိသွားမယ်။ ဒါပေမဲ့ လက်တွေ့ အကောင်အထည်ဖော်လို့ မရဘူး။ အချိန်ကုန်လူပန်းပဲ ဖြစ်မယ်။ ဘာမှ အကျိုးမရှိဘူး။ သဲထဲရေသွန်ပဲ။ ဒါ နမူနာတစ်ခု ပြောတာ။

ထို့အတူပဲ ကြားနေရပါတယ်။ ဘာလဲဆိုတော့ ကိုယ့်ပြည်နယ်အစိုးရဆီကို ကိုယ့်ပြည်နယ်လွှတ်တော်က တင်မယ့် အဆိုတစ်ခု၊ မေးမယ့်မေးခွန်းတစ်ခု ဆိုကြပါစို့။ ကိုယ့်ဟာကိုယ် ကိုယ့်ပြည်နယ်မှာ လုပ်ရမယ့်ဟာ ကိုယ့်ပြည်နယ်ကို မမေးဘူး။ အဲဒီ ပြည်နယ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတော့ အဲဒါဘာဖြစ်မှာလဲ။ ကိုယ်လုပ်ရမယ့် အလုပ်က ကိုယ့်လုပ်ပိုင်ခွင့်နဲ့ကိုယ် ပေးထားတယ်။

**"မင်း" အလုပ်ကို "မင်း" လုပ်။
"ဗိုလ်" အလုပ်ကို "ဗိုလ်" လုပ်။
ဒီလို ကတ္တား ခြားထားတယ်။ တချို့ပြည်နယ် / တိုင်းတွေမှာ ဘာလုပ်လာလဲဆိုတော့ ကိုယ့်ပြည်နယ်အစိုးရကို တိုက်တွန်းစေချင်တာ"**

"မင်း"အလုပ်ကို"မင်း"လုပ်။ "ဗိုလ်"အလုပ်ကို "ဗိုလ်" လုပ်။ ဒီလို ကတ္တား ခြားထားတယ်။ တချို့ပြည်နယ်/တိုင်းတွေမှာ ဘာလုပ်လာလဲဆိုတော့ ကိုယ့်ပြည်နယ်အစိုးရကို တိုက်တွန်းစေချင်တာ၊ လုပ်စေချင်တာ။ အဲဒါကို အဲဒီမှာ တင် မပြီးဘူး။ . . ခပ်တည်တည်နဲ့ သူလုပ်ရမှာက ပြည်နယ်လွှတ်တော်/ပြည်နယ်အဆင့်၊ခပ်တည်တည်နဲ့ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း ဆိုပြီး လုပ်တယ်။ ပြည်ထောင်စုအစိုးရကိုက ပြည်သူ့နဲ့အမျိုးသား လွှတ်တော်က တင်လိမ့်မယ်။ နဂိုကတည်းက တာဝန်နဲ့လုပ်ပိုင်ခွင့်ကို ပေးထားတာ။ မင်းလည်း လုပ်ချင်တာလုပ်။ ငါလည်း လုပ်ချင်တာလုပ်ဆိုရင် မင်းမဲ့စရိုက် ဖြစ်သွားမှာပေါ့။ တရားဥပဒေစိုးမိုးရေးဆိုတာ ဘယ်မှာရှိမလဲ။ ကျွန်တော်ပြောနေတယ်။ အုပ်ချုပ်ရေး မဏ္ဍိုင်သည် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေတဲ့ မဏ္ဍိုင်ဖြစ်ချင်တယ်ဆိုတာ ဒါကို ပြောတာ။

မေးခွန်းတွေမှာဆိုရင်လည်း စည်းကမ်းချက်၊ ကန့်သတ်ချက်တွေရှိတယ်။ ဘာမမေးရဘူး။ ဘာမေးရမယ်။ ကန့်သတ်ချက်၊ စည်းကမ်းချက်တွေမှာ ဘောင်ဝင်ဖို့ လိုတယ်။ နမူနာတစ်ခု ပြောပါစို့။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်လုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး မထိခိုက်စေရလို့ ပြောထားတယ်။ မေးတဲ့သူကလည်း မေးတယ်။ တင်တဲ့သူကလည်း တင်တယ်။ လွှတ်တော်ဥက္ကဋ္ဌကလည်း ခွင့်ပြုမယ်။ ဘယ်လိုလုပ်မလဲ။ ကျွန်တော်ဆက်ပြောမယ်ဆိုလို့ ရှိရင် အသေးအမွှားကိစ္စလေးတွေ မမေးရဘူးလို့ ဒီလိုပြောထားတယ်။

ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌက လာတဲ့အခါကျတော့ ဥပဒေပြုရေးတွေမှာ နှံ့စပ်တယ်။ ကျွမ်းတယ်။ ကိုယ့်မြို့နယ်မှာ ခြံရှင်းဖို့၊ မြောင်းဖော်ဖို့နဲ့ အမှိုက်ပုံရှင်းဖို့အစ မေးခွန်းအဆိုတင်နေတော့ ဒီလွှတ်တော်ကြီးရဲ့သိက္ခာလည်း ကြည့်ဦးလေ။ ကိုယ်က ဘယ်အဆင့်ရောက်နေပြီလဲ။ ဒါက ကိုယ့်ဟာနဲ့ကိုယ်၊ ကိုယ့်စည်ပင်နဲ့ ဌာနဆိုင်ရာနဲ့ ညှိပြီး ပေါင်းစပ်လိုက်ရမှာ။ အဲဒါကြီးတင်။ လွှတ်တော်ကဏ္ဍမှ အဲဒါကြီးကို တိုက်ရိုက်လွှင့်၊ ပြည်သူကကြားတော့ ဩော် . . ဒို့ ရွေးလိုက်တဲ့ ကိုယ်စားလှယ်တွေကလည်းကွာ တို့ဟာတို့ ရှင်းရမှာသိနေတာကို သူက လွှတ်တော်ထဲမှာ ဒါ သွားဆွေးနွေးနေတယ်။ နေ့တွက်တွေ၊ စရိတ်တွေ ကုန်ပြီးတော့ လုပ်နေတယ်လို့ ပြောမယ်။ အဲဒီတော့ ကိုယ့်သိက္ခာ ဘယ်ရောက်သွားလဲ။ ကိုယ်စားလှယ်တွေ ဆိုတာလည်း ကိုယ်စားလှယ်ရဲ့ ကျင့်ဝတ်သိက္ခာရှိဖို့ လိုတယ်။ ဘာမှအားမနာနဲ့။ ဒါကို ဟိုလူက တင်လို့၊ ဒီလူကတင်လို့ ဆိုပြီး မခွဲခြားပါနဲ့။ စည်းကမ်းညီရင် ပေးမယ်။ စည်းကမ်းနဲ့ မညီရင်မပေးဘူး။ ကြိုက်တာပြောပါစေ။ တရားဥပဒေစိုးမိုးရေးဆိုတာ ဒါကိုပြောတာ။

နေ့စဉ်ထုတ် သတင်းစာတွေ။ တီဗွီချန်နယ်လ်တွေ ကျွန်တော်ဆို အမြဲကြည့်ပါတယ်။ မအားတဲ့ကြားထဲက မီဒီယာတွေကို အလွတ်မခံဘူး။ မီဒီယာတွေရဲ့ ဖော်ပြချက်ကိုပဲ ကြည့်ကြည့်။ တကယ်မြင်တဲ့သူက ကောက်ရေးရော။ ဒါလည်း မလွန်ဆန်နိုင်ဘူး . . . မှန်တယ်၊ ရေးခွင့်ရှိတယ်။ ကိုယ့်ဘက်က ချို့ယွင်းနေတာ။ ဒါမျိုးလေးတွေကိုလည်း ဥပဒေပြုရေးမဏ္ဍိုင်မှ အထူးသတိထားစေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်က ကြေညက်ဖို့ လိုသလို တည်းမယ့်၊ ဖြတ်မယ့် လွှတ်တော်ဥက္ကဋ္ဌကလည်း ကြေညက်ဖို့လိုပါတယ်။

မေးခဲ့ပြီးသား။ အဆိုတင်ခဲ့ပြီးသားတွေကို ထပ်မေးခွင့်မရှိဘူး။ ထပ်ဆွေးနွေးခွင့်မရှိဘူး။ ဒီလိုပြဋ္ဌာန်းထားတယ်။ ဘယ်သူပဲ မေးခဲ့မေးခဲ့ ဘယ်ပါတီကပဲ မေးခဲ့မေးခဲ့။ လွှတ်တော်မှာ ဆုံးဖြတ်ပြီးရင် ဒါအပြီးပြတ်ပဲ။ ဒီကျင့်ဝတ်တွေလည်း ရဲရဲတင်းတင်းကျင့်သုံးဖို့ လိုပါတယ်။ ရဲရဲတင်းတင်းကျင့်သုံးဖို့ဆိုတာ ကိုယ်စားလှယ်တွေကို ဖိနှိပ်ဖို့မဟုတ်ဘူး။ သို့သော် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေကို မှန်မှန်ကန်ကန် ကျင့်သုံးမှ တရားဥပဒေ စိုးမိုးရေးကို အထောက်အပံ့ဖြစ်မှာ။ ဒါလေးတွေ ဂရုစိုက်စေချင်တယ်။

**တရားစီရင်ရေးအတွက် အထူးပြောကြားချက်**

ထို့အတူပဲ တရားစီရင်ရေး ပြောကြပါစို့။ ကျွန်တော်တို့ လိုလားတဲ့ တရားစီရင်ရေးသည် တစ်လုံးတည်းပြောရင် ဘက်မလိုက်တဲ့ တရားစီရင်ရေး လိုလားပါတယ်။ မျက်နှာကြီးငယ် မလိုက်နဲ့။ ဆင်းရဲချမ်းသာ မရွေးနဲ့။ အသားအရောင် မခွဲခြားနဲ့။ လူမျိုးဘာသာလည်း မခွဲခြားနဲ့။ ဥပဒေပေတံနဲ့ပဲ ကြည့်ပါ။ ဒီ တည်ဆဲဥပဒေ၊ တရားစီရင်ရေးဆိုင်ရာဥပဒေတွေ ကြည့်ပြီးတော့ ဥပဒေပေတံနဲ့ပဲတိုင်းပြီးတော့ ဆုံးဖြတ်စေချင်တယ်။ ဒါမှသာလျှင် တရားဥပဒေစိုးမိုးမှာ။

နိုင်ငံသူနိုင်ငံသား အားလုံးသည် ဥပဒေနဲ့အညီပဲ ဖြစ်ရမယ်။ ကျွန်တော်ကအစ။ ဝန်ကြီးချုပ်မို့လို့ တစ်မျိုး၊ လွှတ်တော်ဥက္ကဋ္ဌမို့လို့ တစ်မျိုး၊ ကိုယ်စားလှယ်မို့ တစ်မျိုး။ အရပ်သားကျတစ်မျိုး၊ မဖြစ်ဘူး။ အရပ်သားလည်း ပြည်သူပဲ။ ကိုယ်လည်း ပြည်သူပဲ။ ပြည်သူအချင်းချင်းကို ပြည်သူက ပြန်တာဝန်ပေးထားတာ။ အဲဒီတော့ ကိုယ့်ဒီအခွင့်ထူးကို မခံရဘူး။ ကိုယ်က ဒီအခွင့်အရေးကို မယူရဘူး။ ရာထူးရှိတဲ့သူတွေ၊ ဂုဏ်အရှိန်ရှိတဲ့သူတွေ၊ အဲဒီသူတွေကိုလည်း ဥပဒေအထက်ကို ဘယ်သူမှ မတင်ပါနဲ့။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိရဘူး။ ဒါမှ ဒီမိုကရေစီစနစ်ကို သွားလို့ရမှာပေါ့။ ကိုယ်သည် တရားမျှတမှုကို ကြိုက်သလို သူများလည်း တရားမျှတမှုကို ကြိုက်မှာပေါ့။ တရားမျှတမှုနဲ့ လူ့အဖွဲ့အစည်းပေါ်ပေါက်အောင် ဘာလို့ တွန်းအားပေးသလဲဆိုရင် အပွင့်လင်းဆုံး ကျွန်တော်ပြောမယ်။ တရားမျှတတဲ့ လူ့အဖွဲ့အစည်းဖြစ်မှ ဒီမိုကရေစီ ခိုင်မြဲတည်တံ့မယ်။

စာ .. ၂၁သို့ »

# မြစ်ကြီးနားသတင်းဂျာနယ် ၅ နှစ်ပြည့်

Benadeth မေးမြန်းသည်


## အနုပညာရှင်များ၏ ဆုတောင်းစကား



### ဒါရိုက်တာ လထော်ဇော်ဒိန်

"ငါးနှစ်ဆိုတဲ့ အတိုင်းအတာက ကလေးဆိုရင်တော့ မူကြို ပေါ့နော်။ မီဘအုပ်ထိန်းမှုအောက်မှာ သွားလာနေတဲ့ အရွယ်၊ အချိန်အခါ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငါးနှစ်သက်တမ်း ကနေ ဆယ့်ရှစ်နှစ်မက နှစ်ပေါင်း ငါးဆယ်၊ တစ်ရာမက တည်တံ့ခိုင်မြဲတဲ့ မြစ်ကြီးနားဂျာနယ် ဖြစ်ပါစေလို့။ နောက်ပြီး ဂျာနယ်နဲ့ ပတ်သက်ပြီးမှလည်း ကျွန်ုပ်တို့ ကချင်လူမျိုးမက ကချင်ပြည်နယ်သား၊ ကချင်ပြည်နယ်မှာ မှီတင်းနေထိုင်တဲ့ ဌာနေသား အားလုံးအတွက် အကျိုးပြုတဲ့ ဂျာနယ်ဖြစ်ပါစေ လို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။"

### မရန်ဆိုင်းနော်




"ငါးနှစ်တိုင်အောင် ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ အကြောင်းတွေ၊ သတင်းတွေကို မြစ်ကြီးနားသတင်းဂျာနယ် ပီသစွာနဲ့ တာဝန်ကျေပွန်စွာ အခုချိန်ထိတိုင်အောင် ငါး နှစ်တိုင်တိုင်ကို စာဖတ်ပရိသတ်တွေအပြင် ကျွန်တော်တို့ အနုပညာရှင်များနဲ့ အတူ ပရိသတ်တွေ အကြားမှာ ပေါင်းကူး တံတားအဖြစ်ကို ခိုင်ခိုင်မာမာ ရပ်တည်နေတဲ့ ကျွန်ုပ်တို့ မြစ်ကြီးနားသတင်း ဂျာနယ်ကြီးဟာ လာမယ့် နောင်နှစ်ပေါင်း များစွာလည်း သုတ၊ ရသအပြင် အနုပညာသတင်းပေါင်းစုံ တွေနဲ့အတူ ကချင်ပြည်နယ်ရဲ့ သိသင့်သိထိုက်တဲ့ သတင်း တွေကို ဒီထက်ပိုပြီးတော့ မျှဝေပေးနိုင်တဲ့ သတင်းဂျာနယ် ဖြစ်ပါစေ။ ပိုပြီးတော့ အောင်မြင်စွာနဲ့ နှစ်ပေါင်းမြောက် များစွာ ရပ်တည်နိုင်တဲ့ သတင်းဂျာနယ်တစ်ခု ဖြစ်ပါစေ။ ပြည်သူရဲ့အသံ ဖြစ်ပါစေ။ အနုပညာရှင်များနဲ့အတူ ပြည်သူ တွေ၊ ပရိသတ်တွေကြားထဲမှာ ခိုင်မြဲတဲ့ တံတားတစ်စင်း ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ မြစ်ကြီးနားသတင်း ဂျာနယ် အဖွဲ့သားအားလုံးအပေါ်မှာလည်း ပျော်ရွှင်ခြင်း တွေ၊ အောင်မြင်ခြင်းတွေ၊ ကျန်းမာခြင်းတွေ ပြည့်ဝပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။"




### အိန်ဂျယ်လမုန်

"Myitkyina News Journal အတွက်ပေါ့နော်။ နောက်နှစ် ပေါင်းများစွာတိုင်အောင် ဒီထက်ပိုပြီးမှ နောင် နှစ်ပေါင်း များစွာ အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။"



### အမ်ဂျာဆိုင်း

"မြစ်ကြီးနားသတင်းဂျာနယ် ငါးနှစ်ပြည့်ပြီပေါ့နော်။ ငါးနှစ် တိုင်တိုင် ရပ်တည်နိုင်ခဲ့တဲ့အတွက် တကယ်လည်း ဂုဏ်ယူ မိပါတယ်။ နောက် ငါးနှစ်မှသည် နောင်နှစ်ပေါင်း များစွာ လည်း ဒီထက်မက ပိုပြီးတော့ တိုးတက်အောင်မြင်ပြီး ရေရှည်တည်တံ့ ခိုင်မြဲပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် ရှင့်။"



### ဂျာဆိုင်းအိန်

"မြစ်ကြီးနားသတင်း ဂျာနယ်ကိုပေါ့နော်။ ဟိုးအရင် စလုပ်ကတည်းကနေ၊ ညီမတို့လည်း အနုပညာ စလုပ် ကတည်းက စပြီးတော့မှ ထိတွေ့ရင်းနှီးခဲ့တယ်။ အဲ့ဒီ အတွက် လည်း အများကြီး ကျေးဇူးတင်တယ်။ အခုလိုမျိုးနှစ်ပတ်လည် ကနေ စပြီးတော့မှ နောင် နှစ်ပေါင်းများစွာမှာလည်း ဒီ အနုပညာတွေရော၊ တခြားသတင်းတွေ အားလုံးအတွက် ကော တိုင်းပြည် အတွက်ရော၊ လူမျိုး အတွက်ရော အားလုံး ထမ်းပိုးနိုင်တဲ့ သတင်းမီဒီယာတစ်ခု ဖြစ်ပါစေလို့ ဆု တောင်းပေးလိုက်ပါတယ်။"

စာ .. ၉၊ မှတ်တိုင် ၅/၂၀၁၉ မှ »

### ပြည်သူသာ ပထမ၊ ဒုတိယ၊ တတိယ

မီဒီယာလောကမှာ ဟိုးအခြေခံ သတင်းထောက် ပေါက်စကနေ ထိပ်ဆုံးက အယ်ဒီတာချုပ်တွေ၊ အမှုဆောင် အရာရှိတွေအထိ တူညီတဲ့ရည်ရွယ်ချက်က ပြည်သူကို အကျိုးပြုဖို့ဆိုတဲ့ စိတ်တစ်ခုတည်းပါ။ ကိုယ့်ဂျာနယ်မှာ ပါသွားလို့ ဘယ်သူတွေတော့ ဘာတွေရသွားတယ် ဆိုတဲ့ စကားဟာ သတင်းသမားတို့ အလိုချင်ဆုံးပီတိပါ။

ပြည်သူတွေကို စာဖတ်စေချင်တာကလွဲရင် ပြည်သူ့ဆီက ဘာမှ ပြန်မမျှော်လင့်တတ်တာဟာ ပုဂ္ဂလိက သတင်း ဌာနက သတင်းသမားတိုင်းရဲ့ တူညီတဲ့စိတ်ထားပါ။ ကိုယ့် ပြည်နယ်ကို အမှန်တကယ် တိုးတက်စေချင်တယ်။ ပြည်သူ အကျိုးကို အမှန်တကယ် လိုလားတယ်ဆိုရင်ဖြင့် တာဝန်ရှိ သူတွေ၊ ပြည်သူတွေအနေနဲ့ သတင်းသမားတွေကို ကြိုက် သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်တွဲပူးပေါင်းကြဖို့ လိုမှာပါ။

မြစ်ကြီးနားသတင်း ဂျာနယ်ကလည်း ပြည်သူ့ သိပိုင် ခွင့်တွေ၊ ရပိုင်ခွင့်တွေအတွက် မှန်ကန်တဲ့လမ်းကြောင်းကနေ တတ်စွမ်းသမျှ သဟဇာတဖြစ်အောင် ဆက်လက်ကြိုးစား နေမှာပါ။ ကချင်ပြည်နယ်အတွင်းက ပြည်သူတွေ တစ်ဦး ချင်းစီ ကောင်းစားဖို့ မစွမ်းနိုင်သော်လည်း လိုအပ်ချက်တွေ ရှိတဲ့ ပြည်သူတွေကို ဖြည့်ဆည်းပေးမယ့်သူတွေနဲ့ တွေ့ အောင်၊ ပြည်သူ့အခက်အခဲ အစိုးရသိအောင်၊ အစိုးရ လိုအပ်ချက်တွေ ပြည်သူသိအောင်၊ ပြည်သူတို့ထံ ကျ ရောက်မယ့် ဘေးအန္တရာယ်တွေ ကြိုတင်တားဆီးနိုင်အောင် မိမိတို့ တတ်မြောက်ထားတဲ့ အတတ်ပညာတွေနဲ့ ဆက် လက်အကျိုးပြုသွားမယ်ဆိုတာ ငါးကြိမ်မြောက် ကတိပြု လိုက်ရပါတယ်။ ■

မြစ်ကြီးနားသတင်းဂျာနယ်



မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com  http://www.facebook.com/myitkyinanewsjournal.mm  Youtube - myitkyinanewsjournal
( မတ် ၂၈ ၊ ၂၀၁၉ )

# ဒေသတွင်း မီဒီယာတွေရဲ့ ကျေးဇူး

မသီတာ(စမ်းချောင်း) ရေးသားသည်



ဒီမိုကရေစီကို အုတ်မြစ်ချနိုင်ဖို့ဆိုတာမှာ ရွေးကောက်ပွဲတစ်ခုတည်းနဲ့ မလုံလောက်ဘူးဆိုတာကို အများက သဘောပေါက်နိုင်ကြပါတယ်။ အခြေခံလူ့ရပိုင်ခွင့်တွေကို လက်ခံ၊ လေးစား၊ ကျင့်သုံး၊ မြှင့်တင်နိုင်ပါမှ ဒီမိုကရေစီဆိုတာ အခြေခိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့ အခြေခံလိုအပ်ချက်တွေထဲက အရေးအကြီးဆုံးတစ်ခုကတော့ လွတ်လပ်စွာ ရေးသားထုတ်ဖော် ပြောဆိုခွင့်ပဲ ဖြစ်ပါတယ်။ ဒီရပိုင်ခွင့်ကို ကျင့်သုံး အတည်ပြုနိုင်ရင် ကျန်တဲ့ ရပိုင်ခွင့်တွေကို လက်ခံ၊ လေးစား၊ ကျင့်သုံး၊ မြှင့်တင်နိုင်ဖို့ ပိုပြီးလွယ်ကူ၊ ပိုပြီးလက်တွေ့ကျတာမို့ ဒီရပိုင်ခွင့်ကို တခုတ်တရပြောကြရတာ ဖြစ်ပါတယ်။ အမေရိကမှာ ပထမဆုံး ပဋိညာဉ်အချက်ဟာ၊ ဒီရပိုင်ခွင့်ကို အာမခံပေးခြင်း ဖြစ်ရတာဟာ ဒီ သဘောတရားကြောင့်ပဲ ဖြစ်ပါတယ်။ ဒီရပိုင်ခွင့်အကြောင်း ပြောတဲ့အခါ ဒီရပိုင်ခွင့်ရဲ့ သဘောသဘာဝ၊ အကြောင်းအကျိုး၊ အနှစ်သာရ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ လုပ်ထုံးလုပ်နည်း ဒါတွေကို သိဖို့၊ သိပြီး လက်ခံနိုင်ဖို့၊ လေးစားတတ်ဖို့ လိုသလို လက်တွေ့ကျင့်သုံးနိုင်အောင် အခြေအနေပေးရပါမယ်။ မီဒီယာဆိုတာ ဒီရပိုင်ခွင့်ကို လက်တွေ့ကျင့်သုံးဖို့ ကွင်းတစ်ခုပါပဲ။ ဒါကြောင့် ဒီမိုကရေစီကို အုတ်မြစ်ချနိုင်ဖို့ ဒေသတွင်းမီဒီယာတွေဟာ အရေးကြီးတာပါ။

> “ ဒီမိုကရေစီ အုတ်မြစ်အတွက် ဒေသတွင်း မီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ သိပ်အရေးကြီးပါတယ်။ တချို့ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံတွေမှာ ဆိုရင် ဒေသတွင်းမီဒီယာလေးတွေ ရပ်တည်နိုင်အောင် ဗဟိုအစိုးရက ထောက်ပံ့ပေးတဲ့ အစီအစဉ်တွေ၊ ဘတ်ဂျက်ခွဲတမ်း သတ်မှတ်ပေးတာတွေ ရှိကြပါတယ်။ ”

ဘယ်နိုင်ငံမှာမဆို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကိုယ်စားပြုသလို ဖြစ်တဲ့ အင်အားကြီး မီဒီယာတွေဟာ အများအားဖြင့်တော့ ဗဟိုအစိုးရလို့ဆိုရမယ့် ထိပ်ပိုင်း အစိုးရအခြေအနေရယ်၊ စီးပွားရေးဗဟိုနေရာတွေရယ်ကို ဦးစားပေး ဖော်ပြတတ်ကြတာပါပဲ။ ကျန်တဲ့ နိုင်ငံရဲ့ ဒေသတွေအကြောင်းကတော့ တစ်စုံတစ်ရာ ထူးထူးခြားခြားဖြစ်မှပဲ ဖော်ပြတတ်ကြပါတယ်။ ထူးထူးခြားခြားဆိုရာမှာတောင် အနိဋ္ဌာရုံလို ဝေဖန်ပြစ်တင်စရာ အနေအထားလို အနှုတ်လက္ခဏာဆောင်တဲ့ ထူးခြားမှုမျိုးကိုပဲ ပိုအာရုံကျတတ်တာကလည်း သဘာဝပါပဲ။ ဒီလိုနဲ့ မီဒီယာတွေရဲ့ အာရုံစိုက်မှုဟာ ပိုပိုပြီး ကျဉ်းမြောင်း လာတတ်ပါတယ်။ ဥပမာ ပြောရရင် **မြစ်ကြီးနားသတင်း** ဂျာနယ်နဲ့ သခင်စစ်ကုမ္ပဏီအရေး ပေါ်ပေါက်မှပဲ ပြည်တွင်းက အင်အားကြီး မီဒီယာတွေမှာ **မြစ်ကြီးနားသတင်း**ဂျာနယ် အကြောင်း ထင်ထင်ရှားရှား ဖော်ပြလာကြတာမျိုးပေါ့။ ဒီတော့ မြစ်ကြီးနားအကြောင်း၊ ကချင်ဒေသအကြောင်းကတော့ စစ်ဖြစ်မှ၊ ပြဿနာဖြစ်မှ ဖော်ပြပြီး ကျန်တဲ့ သတင်းတွေကတော့ မြစ်ကြီးနားသတင်း ဆိုတဲ့ ဂျာနယ်မှာပဲ ဖတ်ရသိရနိုင်တာမျိုး ဖြစ်ပါတယ်။ ဥပမာ ပြောရရင် ၁၀၁ ကချင်ရိန်းဂျားဖြစ်တဲ့ ဗိုလ်မှူးချုပ်ဟောင်း (ဦး)နန်ဇိန်းထွဲဝါနဲ့ ၁၉၄၃-၄၄ ခုနှစ်က အတွေ့အကြုံကို အင်တာဗျူးမျိုးဆိုရင် တခြား အင်အားကြီးမီဒီယာတွေမှာ ထပ်ဆင့် ဖော်ပြထားတာမျိုး မတွေ့ရပါဘူး။ ဒီ အင်တာဗျူးဟာ သမိုင်းမှတ်တမ်းတန်ဖိုးအရကြီးမားတာမို့ ဒေသတွင်းမီဒီယာထဲမှာပဲ ပြီးဆုံးသွားတာမျိုးဟာ နှမြောစရာ ဖြစ်ပါတယ်။ ဒေသတွင်းက အညတရ သူရဲကောင်းတွေအကြောင်းဟာ ဒေသတွင်းသာမကဘဲ တစ်နိုင်ငံလုံး သိခွင့်ရမှ နိုင်ငံရဲ့ တန်ဖိုးရှိရတနာဆိုတာ အားလုံးက တစ်ပြေးညီ လက်ခံခွင့်၊ ဂုဏ်ယူခွင့်ရမှာ ဖြစ်ပါတယ်။ ဒါတွေကြောင့် ဒေသတွင်း မီဒီယာတွေဟာ သိပ်အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရပ်တည်နေတယ်လို့ ဆိုရပါတယ်။

အမေရိကလို ဒီမိုကရေစီ အခြေကျနေပြီလို့ ဆိုရမယ့် နိုင်ငံမျိုးမှာတောင် ဒေသတွင်းသတင်းသမား၊ မီဒီယာသမားတွေနဲ့ အင်အားကြီး ပရော်ဖက်ရှင်နယ် ဆိုတဲ့ သတင်းသမား၊ မီဒီယာသမားတွေကြား ဘယ်လို ချိတ်ဆက်၊ တွဲဖက်ဆောင်ရွက်ကြမလဲဆိုတာကို အလေးအနက်ထား ဆွေးနွေးနေကြရပါတယ်။ ဒါဟာ ဒီမိုကရေစီကို ရှင်သန်ခိုင်မာစေဖို့ပါပဲ။ အထူးသဖြင့် ဖက်ဒရယ်ကို သွားကြဖို့ ဆုံးဖြတ်ထားတဲ့ ဒီ နိုင်ငံမှာ ဒေသတစ်ခု၊ လူမျိုးတစ်ခု၊ လူတစ်စုအကြောင်းကို ကျန်အတူနေထိုင်သူတွေက လုံလုံလောက်လောက် သိမထားဘူးဆိုရင် ရေရှည်မှာ အခက်အခဲတွေ ရှိနိုင်ပါတယ်။ တကယ်တော့ မြန်မာ့မီဒီယာ အခင်းအကျင်းဟာ စာပေစိစစ်ရေးကြောင့် နှစ်တွေ ဆယ်စုပေါင်းများစွာ ရန်ကုန် အခြေစိုက်သဘောနဲ့ ရပ်တည်နေခဲ့တာ ဖြစ်ပါတယ်။ အာဏာရှင်ခေတ်ကနေ ဖက်ဒရယ်ဒီမိုကရေစီခေတ်ကို သွားဖို့ဆိုရင် ဒီလို အခင်းအကျင်းကိုပါ ပြောင်းလဲဖို့ လိုအပ်ပါတယ်။ တစ်နည်းအားဖြင့် ကျန်ဒေသတွေမှာပါ မီဒီယာဖွံ့ဖြိုးရှင်သန်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် ဒီမိုကရေစီ အုတ်မြစ်အတွက် ဒေသတွင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ သိပ်အရေးကြီးပါတယ်။ တချို့ ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံတွေမှာ ဆိုရင် ဒေသတွင်းမီဒီယာလေးတွေ ရပ်တည်နိုင်အောင် ဗဟိုအစိုးရက ထောက်ပံ့ပေးတဲ့ အစီအစဉ်တွေ၊ ဘတ်ဂျက်ခွဲတမ်း သတ်မှတ်ပေးတာတွေ ရှိကြပါတယ်။ ငွေကြေးအခက်အခဲကြောင့် ဒေသတွင်း မီဒီယာတွေ ရေရှည် မရပ်တည်နိုင်ရင် နိုင်ငံရဲ့ ဒီမိုကရေစီကို ထိခိုက်နစ်နာစေမယ်လို့ ယူဆကြတဲ့အတွက် နိုင်ငံတော် ကိုယ်တိုင်က ဒေသတွင်း မီဒီယာတွေ ရပ်တည်ရှင်သန်နိုင်မယ့် နည်းလမ်းတွေကို ရှာကြံပေးလေ့ ရှိကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ဒေသတွင်း မီဒီယာတစ်ခုအနေနဲ့ ငါးနှစ်ပြည့်တဲ့အထိ ဖွဲ့ခတ်ပြီး ရပ်တည်နေတဲ့ ပရော်ဖက်ရှင်နယ်ဆန်တဲ့ **မြစ်ကြီးနားသတင်း**ဂျာနယ်ကို ကျေးဇူးတင် ဂုဏ်ပြုလိုက်ပါတယ်။

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀ | နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၇:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀ | ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဧနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ကိုင်းဇေအကယ်ဒမီ
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဈေးဇရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

စာ .. ၁၇-၁၈ မှ»

မြစ်ကြီးနားမြို့သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်း အပြည့်အစုံ



## ပြည်သူနဲ့ဆက်ဆံရေး သတိပေး

ကျွန်တော် အရှိအတိုင်း ပြောတတ်တယ်။ ပြည်သူ တာဝန်ပေးလို့ လုပ်နေတဲ့ အစိုးရတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ စတဲ့တွေ ဘာလို့လုပ်တာလဲ။ ကိုယ်မတရားဘူး။ မတရားဆက်ဆံခံရတယ်ထင်လို့ ကိုယ်ခံစားပြီး ယုံကြည်ပြီး အဲဒီခံယူချက်နဲ့ မတရားမှုကို တွန်းလှန်ပြီး ကိုယ်လုပ်လာတာ။ ကိုယ်တာဝန်ယူတော့မှ မတရားပြန်လုပ်မယ်ဆိုတော့ ဒီလူကရော ဘာထူးလဲ။ လုံးဝမကြိုက်ဘူး။ ဒါမျိုးမလုပ်ပါနဲ့။ ကျွန်တော်တို့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တွေဟာ မျှမျှတတ အုပ်ချုပ်ကြမှသာလျှင်။ ဥပဒေနဲ့အညီ စီမံခန့်ခွဲကြမှသာလျှင် ပြည်သူလက်ခံနိုင်မှာ။ ဒီမိုကရေစီစနစ်မှာ ပြည်သူကို ဗဟိုပြုတယ်။ အချုပ်အခြာအာဏာသည် ပြည်သူပဲပိုင်တယ်။ အချုပ်အခြာအာဏာသည်၊ ဒီမိုကရေစီစနစ်မှာ ဘယ်သူရဲ့ အမွေအနှစ်မှ မဟုတ်ဘူး။ ဘယ်သူ့ ပုဂ္ဂလိကပိုင်ပစ္စည်းမှ မဟုတ်ဘူး။ ဒီမဏ္ဍိုင်ကြီးသုံးရပ်က ကြည့်ရမှာ။ ငါတို့အုပ်ချုပ်နေတာသည် စီမံခန့်ခွဲနေတာသည် ပြည်သူကျေနပ်ရဲ့လား။ ပြည်သူတွေ လက်ခံနိုင်ရဲ့လား။ ဟိုတုန်းက ပြည်သူနဲ့ ထိတွေ့တုန်းကတော့ ပြည်သူတွေ ပြုံးပြုံးပေါ့။ အခု နှစ်နှစ်ကျော် သုံးနှစ်ထဲရောက်တော့ ထပ်တွေ့တဲ့အခါ ပြည်သူတွေ ပြုံးသလား ကြည့်ပါ။ ပြုံးရင် ကိစ္စမရှိဘူး။ ပြည်သူတွေက ပုံမှန်လောက်ပဲ စားကောင်းရဲ့လား၊ နေကောင်းရဲ့လား ဆက်ဆံရင် သတိသာထားတော့။ ပြည်သူဘက်က မလွန်ဘူး။ ကိုယ့်ဘက်က ချို့ယွင်းနေပြီဆိုတာ သတိသာထားတော့။ နောက်တစ်ခါ ထပ်တွေ့တော့ ပြည်သူတွေက မျက်နှာမဲ့သွားပြီဆိုရင်တော့ နည်းနည်းမှ မစဉ်းစားနဲ့တော့။ ဒါက ဒီမိုကရေစီ ခိုင်မြဲရေးအတွက် အရေးကြီးတယ်။

ပေးနေတဲ့ တာဝန်တွေကို များစွာ ချင့်ချိန်ရပါတယ်။ ပြည်နယ်တိုင်း အစိုးရတစ်ခုက ပြည်ထောင်စု အစိုးရရဲ့ ပေါ်လစီကို အကောင်အထည်ဖော်ရပါတယ်။ ဒါ ပြည်နယ်နဲ့ တိုင်း အစိုးရရဲ့တာဝန်ပဲ။ ဒ့ါအပြင် ကိုယ့်ပြည်နယ်နဲ့ တိုင်းမှာရှိတဲ့ ဌာနဆိုင်ရာ လုပ်ငန်းအသီးသီးကို ကြီးကြပ်ခြင်း ညွှန်ကြားခြင်း၊ ကြပ်မတ်ခြင်း၊ တည့်မတ်ခြင်းတွေလုပ်ရမယ်။




ဘယ်အထိလုပ် ပြီးပြီလဲ။ ဘယ်အထိ မပြီးသေးဘူးလဲဆိုတာ ကြည့်ရမယ်။ တချို့က ငါပြောပြီးပြီ။ လုပ်မှန်းလည်းမသိ၊ မလုပ်မှန်းလည်းမသိ Follow Up မလိုက်ဘူး။ မလိုက်တဲ့ အခါကျတော့ တချို့ ရပ်ထားမယ်။ ဒီနေရာမှာ သတင်း အမှောင်ချထားမယ်။ အဲဒီလိုဆိုတော့ ဒုံရင်း(မူလနေရာ)က ဒုံရင်းပေ့ါ။ ပြုပြင်းပြောင်းလဲရေး ဘယ်ရောက်မလဲ။ နဂိုအတိုင်းပဲ ဖြစ်တာပေ့ါ။ ပြောချင်တာ တစ်ခွန်းတည်းပါ။ ပြည်နယ်/တိုင်းအစိုးရရဲ့ အုပ်ချုပ်ရေး ကောင်းမွန်မှု၊ စီမံခန့်ခွဲတာ ကောင်းမွန်မှုဟာ အဲဒီပြည်နယ်/တိုင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုကို အကျိုးသက်ရောက်တဲ့အပြင် ပြည်ထောင်စုအစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အကျိုးသက်ရောက်တယ် ဆိုတာတော့ သဘောပေါက်စေချင်ပါတယ်။

ကျွန်တော်တို့ လက်တွဲဖော် လက်တွဲဖက်တွေ အခြေအနေ၊ အချိန်အခါအရ တာဝန်ပေးအပ်ရတာတွေ ရှိပါတယ်။ လက်တွဲဖြုတ်ခဲ့ရတာတွေ ရှိပါတယ်။ ကျွန်တော်တို့ လုပ်နေတဲ့ အလုပ်သည် ပုဂ္ဂိုလ်ရေးထက် အဖွဲ့အစည်းကို ဦးစားပေးရသလို အဖွဲ့အစည်းထက် နိုင်ငံသူ/သားတွေကို ဦးထိပ်ထားပြီး ဆောင်ရွက်ရပါတယ်။ ဒါ ဒီမိုကရေစီ ကျင့်စဉ်ပါပဲ။ ဒီမိုကရေစီဖွံ့ဖြိုးတဲ့ နိုင်ငံများ တာဝန်ပေးပေး၊ မပေးပေး ကျရာနေရာမှာ လစာ နည်းနည်းများများ တာဝန်ကျေအောင် လုပ်တယ်။ အပြန်အလှန် ထိန်းကျောင်းတယ်။ ဥပဒေတစ်ခု ပြောင်းတယ်ဆိုတာ ကျွန်တော်တို့တင် မကဘူး။ တက်ရောက်လာတဲ့ လူကြီးမင်းအားလုံး ပါဖို့လိုတယ်ဆိုတာ ပြောချင်တာ။

## ထပ်ဆင့် တရားစီရင်ရေးအကြောင်း

ကျွန်တော်ဖြစ်စေချင်တဲ့ တရားစီရင်ရေးက မည်သူ့ကိုမဆို ခုခံချေပခွင့် အပြည့်ပေးပါ။ သက်သေခံအထောက်အထား တင်ပြခွင့် အပြည့်ပေးပါ။ ရှေ့နေငှားခွင့် မရဘူး။ ရှေ့နေနဲ့ တွေ့ခွင့်မရဘူး။ ဒါတွေဟာ အင်မတန်မှ မဖြစ်သင့်တဲ့ ကိစ္စတွေပါ။ ဒါဟာ တရားရုံးလက်စွဲမှာရော ပြစ်မှုကျင့်စဉ်တွေမှာရော ခုခံချေပခွင့်အပြည့် ပေးရမယ်ဆိုတာ ပါပါတယ်။ တချို့က ရှေ့နေ Power တင်ပြီး အမှုလိုက်တာ ခုခံချေပခွင့်လို့ ထင်နေတယ်။ အဲဒါ မဟုတ်ပါဘူး။ နိုင်ငံသားတစ်ယောက်ရဲ့ ခုခံချေပခွင့်က ဒါလေးနဲ့ မဟုတ်ပါဘူး။ အမှုစစွဲပြီ၊ ဖမ်းပြီဆိုကတည်းက ရှေ့နေနဲ့ တွေ့ခွင့်ပေးရမယ်။ အမှုရုံးတင်ပြီးတော့မှ လိုက်ဖို့လောက် ကပ်ပြီး ပါဝါတင်တာ ခုခံချေပခွင့် မဟုတ်ဘူး။ နက်နက်နဲနဲ ပြောရမယ်ဆိုလို့ရှိရင် ခုခံချေပခွင့်က သူတင်ချင်တဲ့ သက်သေတွေ တင်ခွင့်ရှိရမယ်။ တင်ပြချင်တဲ့ စာရွက်စာတမ်း သက်သေအထောက်အထား တင်သွင်းခွင့် ရှိရမယ်။ ဒါ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးပါ။ ကျွန်တော်ဘာလို့ ဒါပြောရလဲဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေး ဒီသုံးခုဟာ သုံးပွင့်ဆိုင်ဖြစ်နေပါတယ်။ နိုင်ငံတော်သမ္မတအဖြစ် ကျမ်းကျိန်ပြီးတဲ့အခါ လူ့အခွင့်အရေးကို ကာကွယ်ရပါလိမ့်မယ်ဆိုပြီး ကျမ်းကျိန်ခဲ့တယ်။ ထို့အတူပဲ တရားစီရင်ရေးကို ပိုမို တည့်မတ်ရပါလိမ့်မယ်လို့ ပြောခဲ့တယ်။

## အကျဉ်းသား အခွင့်အရေး

အကျဉ်းထောင်တွေမှာရှိတဲ့ အကျဉ်းသားတွေရဲ့ နေရေးထိုင်ရေး စားဝတ်နေရေးကို ကြည့်ပါ၊ ကြပ်မတ်ပါ၊ စောင့်ရှောက်ပါ။ တရားသူကြီးမှာ လုပ်ပိုင်ခွင့် ရှိပါတယ်။ ထို့အတူ ရဲဘက်စခန်း ရောက်နေတဲ့ အကျဉ်းသားတွေရဲ့ စားဝတ်နေရေး၊ သူတို့ရဲ့ ကျန်းမာရေး ကြည့်ပါ။ တရားသူကြီးမှာ လုပ်ပိုင်ခွင့် ရှိပါတယ်။ ဒီလိုတာဝန်ရှိတဲ့သူက ဂရုစိုက်ပေးမှ ပြုပြင်ပြောင်းလဲရေး လုပ်လို့ရမှာဖြစ်ပါတယ်။ ဒါလေးတွေ ဂရုစိုက်စေချင်ပါတယ်။

## ငါတို့ကို နိုင်ငံတော်က ဘာလုပ်ပေးလဲဆိုတာထက် နိုင်ငံတော်ကို ငါတို့ဘာလုပ်ပေးနိုင်မလဲ ဝန်ထမ်းတွေစဉ်းစားပါ

တက်ရောက်လာတဲ့ လူကြီးမင်းတွေအားလုံးက ပညာရှိတွေပါ။ အဲဒါကြောင့် ကိုယ့်အောက်မှာရှိတဲ့ ဝန်ထမ်းတွေကို အတွေးအခေါ် အယူအဆတွေ ပြောင်းလဲအောင် ပြောင်းလဲပေးပါ။ ပြုပြင်ပေးပါ။ လုပ်ငန်းလမ်းညွှန်ပေးပါ။ သူတို့မပါရင်လည်း မရပါဘူး။ ဒီလောက် ကြပ်မတ်ကွပ်ကဲနေတဲ့ကြားတော့ အခုထိ မြင်တွေ့၊သိရှိ နေရပါတယ်။ ဌာနဆိုင်ရာတွေမှာ တစ်နေရာနဲ့ တစ်နေရာ စာလေးတစ်စောင် ရောက်ဖို့ တစ်ရက်နှစ်ရက်နဲ့ ရောက်ရမှာတောင် ၇ ရက် ၈ ရက်ကြာတယ်။ အလေ့အကျင့်ဖြစ် နေတာ။ ဒါမျိုးတွေ မဖြစ်စေချင်ပါဘူး။

ဒီမှာရောက်လာတဲ့ ဌာနဆိုင်ရာလူကြီးမင်းအားလုံးကို ကျွန်တော်ပြောချင်တာက ငါတို့ကိုနိုင်ငံတော်က ဘာလုပ်ပေးနိုင်လဲ ဆိုတာထက်၊ ငါတို့က နိုင်ငံတော်အတွက် ဘာလုပ်ပေးရမလဲဆိုတာ စဉ်းစားဖို့ လိုပါတယ်။ ကျွန်တော်တို့က အရည်အချင်းအရ တာဝန်ပေးလိုက်တာ ဘာဖြစ်လာလဲဆိုတော့ တာဝန်ပေးတဲ့အပေါ် တာဝန်ကျေအောင် လုပ်ရမယ်လို့ သဘောမပေါက်ဘဲနဲ့ အဲဒီအပေါ် သာယာကြတယ်။ ပျော်မွေ့ကြတယ်။ အစိုးရပိုင်းလည်း ပါပါတယ်။ လွှတ်တော်ပိုင်းလည်း ပါပါတယ်။ ဌာနဆိုင်ရာလည်း ပါပါတယ်။ မသာယာကြနဲ့လို့ မပြောဆိုလိုပါဘူး။ သို့သော် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီ ဖက်ဒရယ်ဖြစ်မလား။ လူ့အခွင့်အရေးပီပြင်မလား။ အဲဒီအခါကျရင် သာယာပါ။ပျော်မွေ့ပါ။ ဒီလိုအဆောင်အယောင်တွေ ပေးထားတာ လူပုဂ္ဂိုလ် သာယာဖို့ ပျော်မွေ့ဖို့ ပေးထားတာ မဟုတ်ပါဘူး။ ဒါက ဒီမိုကရေစီနိုင်ငံမှာ ပြည်သူက တာဝန်ပေးထားတာလို့ မှတ်ရမယ်။ အချုပ်အခြာအာဏာက ပြည်သူ့ဆီမှာ ရှိတာကိုး။ တည့်တည့်ပြောရလို့ရှိရင် ကျွန်တော်၊ ကျွန်မတို့ သန်း ၅၀ ကျော် ပြည်သူလူထုက အစည်းအဝေးလုပ်ပြီး မဆုံးဖြတ်နိုင်လို့ ခင်ဗျားတို့ကို ကိုယ်စားပြုစနစ်နဲ့ တာဝန်ပေးထားတာကို တချို့က လုပ်ပိုင်ခွင့်ကြီးလို့ ထင်နေတယ်။ အဲဒါထက် ဆိုးတာက အဲဒါကို ရာထူးလို့ထင်တယ်။ ကိုယ့်ဟာကိုယ် အာဏာရှိတယ်လို့ ထင်တယ်။ အဲဒီလိုအတွေးအခေါ်နဲ့ လုပ်တဲ့အလုပ်က ဘာမှကို အောင်မြင်စရာမရှိဘူး။ ဒါတော့ ကျွန်တော်တို့ အဖြစ်မခံနိုင်ဘူး။

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးတစ်ခုဖြစ်ဖို့ ဆိုလို့ရှိရင် တာဝန်ယူမှု၊ တာဝန်ခံမှုကို သေချာလုပ်ပေးပါ။ ပြီးလို့ရှိရင် အများပြည်သူ မီဒီယာကအစ ပွင့်လင်းမြင်သာမှုရှိအောင် ချပြဖို့လိုတယ်။ ပြီးရင် ကိုယ်လုပ်တဲ့အလုပ်မှာ ပြည်သူပြည်သားတွေရဲ့ ပူးပေါင်းပါဝင်မှု ရှိဖို့လိုတယ်။ ကြိုတင်အသိပေးရမယ်။ ကျွန်တော်တို့ ပြည်သူတွေ နားမဝေးပါဘူး။ ရှင်းပြရင်နားလည်ပါတယ်။ သဘောပေါက်ပါတယ်။ ပြည်သူကိုတော့ အထင်မသေးပါနဲ့။ ပြည်သူမှာ သိတဲ့ တတ်တဲ့သူရှိတယ်။ သို့သော် ကိုယ်စားပြု ဒီမိုစနစ်အရ ကျွန်တော်တို့ကို တာဝန်ပေးထားတာ။ အဲဒါလေးတော့ အလေးအနက် ထားစေချင်ပါတယ်။

## ဥပဒေချုပ်အား အကြံပေးချက်

ဒီမှာ ဥပဒေချုပ် တက်လာတယ်လို့ ထင်ပါတယ်။ ပွင့်ပွင့်လင်းလင်း မျက်နှာစုံညီ ပြောခဲ့မယ်။ ပြည်နယ်/တိုင်း အစိုးရလုပ်တဲ့ကိစ္စတွေမှာ ဥပဒေနဲ့ မညီဘူးဆိုရင် အားမနာပါနဲ့။ ဝန်ကြီးချုပ်မို့လို့ ငါ့မိတ်ဆွေမို့လို့ မလိုက်လျောပါနဲ့။ အဲဒီလိုက်လျောခြင်းသည် ကိုယ့်ပြည်နယ်အစိုးရကို ဒုက္ခပေးတာနဲ့ အတူတူပဲ။ ဥပဒေနဲ့ မညီရင် အစကတည်းက ပြောပါ။ ရှင်းပြတယ်။ ပြောတယ်။ ပြောတဲ့ကြားတဲ့ကမှ မလိုက်နာဘူး။ သူ့ဟာသူ လုပ်တယ်ဆိုရင် အဲဒါ သူ့ဟာသူ ခံလိမ့်မယ်။ မပြောခဲ့ရင်တော့ ဥပဒေချုပ်မှာ တာဝန်ရှိတယ်။ ပြည်နယ်အစိုးရကလည်း လုပ်မယ်ဆို ဥပဒေနဲ့ ညီလား၊ မညီလား ဆိုတာ ဥပဒေချုပ်ကို တိုင်ပင်ပါ။ ကိုယ်က ဥပဒေသမားမဟုတ်ဘူး။ဥပဒေချုပ်ကိုခန့်ပြီးအဆောင်အယောင်ပေးထား

စာ .. ၂၃ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com  http://www.facebook.com/myitkyinanewsjournal.mm  Youtube - myitkyinanewsjournal
( မတ် ၂၉ ၊ ၂၀၁၉ )

# လက်ရှိအစိုးရသက်တမ်း ၃ နှစ်အတွင်း ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (တစ်ဦးချင်းစီ) တင်သွင်း/ မေးမြန်းခဲ့သော အဆို/မေးခွန်းများ

စုစုပေါင်း – အဆို ၈၅ ၊ ကြယ်ပွင့်ပြမေးခွန်း – ၈၅၁ ၊ ကြယ်ပွင့်မပြမေးခွန်း – ၈၂


**ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်**
ဝိုင်းမော်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၁၁၊ ကြယ်ပွင့်ပြ –၅၉ ၊ ကြယ်ပွင့်မပြ – ၂


**ဦးလဂျွန်ငန်ဆိုင်း**
တနိုင်းမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် –၀ ၊ ကြယ်ပွင့်ပြ –၀ ၊ ကြယ်ပွင့်မပြ –၀


**ဦးဇော်ဝင်း**
တနိုင်းမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၂၊ ကြယ်ပွင့်ပြ –၀ ၊ ကြယ်ပွင့်မပြ –၀


**ဦးဘီထောဖောင်း**
ချီဖွေမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် –၀ ၊ ကြယ်ပွင့်ပြ – ၈၊ ကြယ်ပွင့်မပြ –၁


**ဦး ဇခုန်ယိန်းဆောင်**
ချီဖွေမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၉ ၊ ကြယ်ပွင့်မပြ –၁


**ဒေါ်ရှီးဇော်လွမ်းလမ်း**
ဆော့လော်မြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၁၈ ၊ ကြယ်ပွင့်မပြ –၅


**ဒေါ်ခေါ်မာဂူ**
ဆော့လော်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၁၊ ကြယ်ပွင့်ပြ –၄၀ ၊ ကြယ်ပွင့်မပြ –၁


**ဒေါ်မြသွေးစံ**
မိုးကောင်းမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၃၊ ကြယ်ပွင့်ပြ –၄၆ ၊ ကြယ်ပွင့်မပြ –၁


**ဦးဇော်မိုးနော်**
အင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၄၊ ကြယ်ပွင့်ပြ –၁၅ ၊ ကြယ်ပွင့်မပြ –၂


**ဦးလဆိုင်း**
ဗားကန့်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၄၊ ကြယ်ပွင့်ပြ –၄၆ ၊ ကြယ်ပွင့်မပြ –၀


**ဒေါ်မရန်ဂျာဆိုင်းခေါန်**
အင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၁၁၊ ကြယ်ပွင့်ပြ –၅၉ ၊ ကြယ်ပွင့်မပြ –၂


**ဦးအောင်သင်း (ခ) ဇော်သင်း**
ဗန်းမော်မြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၅၊ ကြယ်ပွင့်ပြ –၆၉ ၊ ကြယ်ပွင့်မပြ –၀

**ဦးတင်အေး**
မိုးညှင်းမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၈၊ ကြယ်ပွင့်ပြ –၄၂ ၊ ကြယ်ပွင့်မပြ –၂


**ဦးနေဝင်း**
မိုးမောက်မြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၂၊ ကြယ်ပွင့်ပြ –၃၀ ၊ ကြယ်ပွင့်မပြ –၁၀


**ဦးကျော်ကျော်ဝင်း**
မိုးညှင်းမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၁၅၊ ကြယ်ပွင့်ပြ –၆၂ ၊ ကြယ်ပွင့်မပြ –၄


**ဦးစိုင်းအောင်လတ် (ခ) ထွန်းစိန်**
မိုးမောက်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၀၊ ကြယ်ပွင့်ပြ –၁၆ ၊ ကြယ်ပွင့်မပြ –၀

**ဦးမင်းမင်း**
မံစီမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၃၊ ကြယ်ပွင့်ပြ –၅၁ ၊ ကြယ်ပွင့်မပြ –၁


**ဦးတင်ဦးယု**
ရွှေကူမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၆၊ ကြယ်ပွင့်ပြ –၇၈ ၊ ကြယ်ပွင့်မပြ –၇


**ဦးအေးမင်း**
မံစီမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၃ ၊ ကြယ်ပွင့်ပြ –၇ ၊ ကြယ်ပွင့်မပြ –၀


**ဦးရွှေလေး**
ခေါင်လန်ဖူးမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ – ၂၀ ၊ ကြယ်ပွင့်မပြ –၀


**ဦးယောဆီ**
ပူတာအိုမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၄၅ ၊ ကြယ်ပွင့်မပြ –၀


**ဦးအားဒီဆာ**
ခေါင်လန်ဖူးမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၄ ၊ ကြယ်ပွင့်ပြ –၃၅ ၊ ကြယ်ပွင့်မပြ –၃


**ဦးဒိန်ခန်ဖုန်(ခ)ခန်လင်**
ပူတာအိုမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၆၊ ကြယ်ပွင့်ပြ – ၂၅ ၊ ကြယ်ပွင့်မပြ –၁၀

**ဒုတိယဗိုလ်မှူးကြီး သောင်းအေး**
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၁ ၊ ကြယ်ပွင့်မပြ –၀


**ဦးရားဝမ်ဂျို**
မချမ်းဘောမြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၁၀ ၊ ကြယ်ပွင့်မပြ –၂

**ဗိုလ်မှူးအောင်ဆန်းဝင်း**
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၃ ၊ ကြယ်ပွင့်မပြ –၀


**ဦးဆွမ်ဒူနော်အောင်**
မချမ်းဘောမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ – ၂၈ ၊ ကြယ်ပွင့်မပြ –၂

**ဗိုလ်မှူးတေဇလင်း**
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
အဆိုတင် – ၊ ကြယ်ပွင့်ပြ –၁ ၊ ကြယ်ပွင့်မပြ –၀


**ဦးချန်တန်ခင်**
နောင်မွန်မြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၃၊ ကြယ်ပွင့်ပြ –၃၁ ၊ ကြယ်ပွင့်မပြ –၈

**ဗိုလ်မှူးမျိုးသူအောင်**
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၂ ၊ ကြယ်ပွင့်မပြ –၀


**ဦးမဘုဂဒုတ်**
နောင်မွန်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၂၁ ၊ ကြယ်ပွင့်မပြ –၂

**ဗိုလ်မှူးဇော်လင်းအောင်**
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၁ ၊ ကြယ်ပွင့်မပြ –၀


**ဦးဇော်ခွဲ**
ဆွမ်ပရာဘွမ်မြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၁၉ ၊ ကြယ်ပွင့်မပြ –၀

**ဗိုလ်မှူးလှိုင်ဖြိုးဝေ**
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
အဆိုတင် – ၁ ၊ ကြယ်ပွင့်ပြ –၀ ၊ ကြယ်ပွင့်မပြ –၀


**ဒေါ်ဂျေထုရော်**
ဆွမ်ပရာဘွမ်မြို့နယ်၊ မဲဆန္ဒအမှတ် (၁)
အဆိုတင် – ၂ ၊ ကြယ်ပွင့်ပြ –၃၉ ၊ ကြယ်ပွင့်မပြ –၀

**ဗိုလ်ကြီးရန်နောင်မြင့်**
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
အဆိုတင် – ၀ ၊ ကြယ်ပွင့်ပြ –၁ ၊ ကြယ်ပွင့်မပြ –၀

စာ .. ၂၁ မှ »

တာ၊ အလကား ပေးထားတာ မဟုတ်ဘူး။ မတိုင်ပင်ကြလို့ အလကားရသလို ဖြစ်နေတယ်။ သမ္မတဖြစ်ခါစက တိုင်းတစ်တိုင်းမှာ မေးကြည့်တယ်။ ခင်ဗျား နှစ်နှစ်ကျော်ပြီ ပြည်နယ်/တိုင်းအစိုးရက ဥပဒေနဲ့ ပတ်သက်ပြီး ဘာတိုင်ပင်တာရှိလဲဆိုတော့ တစ်ခုမှမရှိဘူး။ မရှိတော့ သူလုပ်ချင်တာ လုပ်တဲ့သဘော ဖြစ်တယ်။ ဘယ်လောက် စေတနာနဲ့ လုပ်လုပ် ဥပဒေနဲ့မညီတော့ Go To Jail ပေါ့။

## စာရင်းစစ်ချုပ်ကြီးအား အကြံပေးချက်

ထို့အတူပဲ စာရင်းစစ်ချုပ်ကြီးလည်း ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောမယ်။ ဒီလုပ်ငန်းတစ်ခု၊ ဒီစီမံကိန်းတစ်ခုသည် ကာလဒေသပေါက်စျေးအရ ကိုယ့်ပြည်နယ်မှာ ဒါတကယ်ကုန်လား၊ မကုန်ဘူးလား။ ဒီလုပ်ငန်း အမှန်တကယ်ပြီးလား၊ မပြီးဘူးလား။ ဒီလုပ်ငန်းပေါ်မှာ အဂတိရှိလား၊ မရှိဘူးလား။ ငွေကြေးကွာဟမှု ကင်းလား၊ မကင်းဘူးလား။ ကျကျနန စစ်ပါ။ ပြီးရင် ကိုယ့်အစိုးရကို ပြောပါ။ တချို့တွေ ရှိတယ်။ လုပ်ငန်းမပြီးသေးဘဲ ပြီးတယ်ဆိုပြီး လုပ်တယ်။ စီမံကိန်း ဘဏ္ဍာငွေတွေ ပိုတယ်။ ပြန်မအပ်ဘူး။ မရဘူး။ မရဘူးဆိုတာ ကျွန်တော်က လူမှုရေးအရ မရဘူးလို့ ပြောရင် လူမှုရေးအရ ဖြစ်မယ်။ ဥပဒေအရကို မရဘူး။ အပ်ကို အပ်ရမယ်။ နောက်မှလိုရင် ပြည်ထောင်စုအစိုးရကို တင်ပြီး တောင်းပါ။ ဒါမှ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း ညီမှာ။ ငါအစိုးရ၊ ငါ့ဟာငါလုပ်မယ် မရဘူး။ ပြည်ထောင်စုလွှတ်တော်က ဒါ ဆုံးဖြတ်ပြီးပြီဆိုရင် ဒါပဲ လုပ်ရမယ်။ ဒါလုပ်မယ်ဆိုပြီး ပြောင်းလုပ်လို့ မရဘူး။ အဲဒါ အလွဲသုံးစားပဲ။ ဥပဒေမှာ လွှတ်တော်က ဆန်ဝယ်ခဲ့ဆို ဆန်ပဲဝယ်ခဲ့။

**အထက်ပါ ပြောဆိုချက်များမှာ သမ္မတကြီး ဦးဝင်းမြင့်၏ အကြံပြု ဆွေးနွေးချက်များဖြစ်ပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့ တင်ပြချက်အပေါ် တုံ့ပြန်ဆွေးနွေးခဲ့တာတွေကို တစ်ဆက်တည်း တင်ပြပေးလိုက်ပါသည်။**

## တရားသူကြီးချုပ် တင်ပြချက်အား ပြန်လည်ဆွေးနွေး

ဖြစ်စေချင်တဲ့ လိုအပ်တဲ့ဟာမျိုးကိုပဲ ကျွန်တော်ဖြည့်စွက်ပြောမှာ ဖြစ်ပါတယ်။ ခုနက ပြည်နယ်တရားလွှတ်တော် မြေနေရာက လက်ရှိ ဘယ်ဌာနပတ်ဝန်းကျင် ဖြစ်နေလဲ။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဌာနပိုင်ပဲလား။ ကိုယ့်ဌာန အချင်းချင်းပဲလေ။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဒီအရာကို ခွင့်ပြုလိုက်တယ်ဆိုရင် ဒါက ကိုယ့်တရားစီရင်ရေး မဏ္ဍိုင်ထဲမှာ ရှိနေတဲ့ကိုယ့်မြေနေရာပဲလေ။ ဒါကတော့ ပြည်နယ် တရားလွှတ်တော်ချုပ်နဲ့ ပြည်ထောင်စု လွှတ်တော်ချုပ်နဲ့ ညှိနှိုင်းဆောင်ရွက်လို့ ရပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့က အမှုတွေကို မြန်မြန်နဲ့မှန်မှန် ဆုံးဖြတ်ပေးစေလိုပါတယ်။ အမှုမှန်မှန်နဲ့ မြန်မြန်ဆိုတာက ဘာလဲဆိုတော့ မှန်လည်း မှန်ဖို့လိုပါတယ်။ မြန်လည်းမြန်ဖို့လည်း လိုပါတယ်။ အဲဒါမြန်ပြီးမှ မမှန်ရင်လည်း မဖြစ်ပါဘူး။ နောက်ပြီးတော့ မြန်ပြီးတော့ မမှန်ဘူးဆိုတော့လည်း ဘယ်လိုဖြစ်လဲဆိုတော့ တချို့ကိစ္စတွေက အမှုစစ်ဆေးကြန့်ကြာနေပြီးတော့ ၂နှစ်၊ ၃နှစ် ကြာတယ်ဆိုပါစို့။ အာမခံရတဲ့သူက အကြောင်းမဟုတ်ဘူး။ ဒါတောင်မှ အာမခံရတဲ့သူတောင်မှ ရုံးချိန်းတွေ လာနေရတာ သူ့ရဲ့စားဝတ်နေရေး၊ သူ့ရဲ့ လုပ်သားအရင်းအမြစ် ဆုံးရှုံးပါတယ်။ အာမခံမရတဲ့ လူကျတော့ ပိုဆိုးသေးတယ်။ အာမခံမရဘူး။ နောက်ဆုံးကျတော့ အပြစ်က မရှိလို့ လွှတ်လိုက်ရတယ်ဆိုတော့ သူက နေရင်းထိုင်ရင်းနဲ့ လပေါင်းများစွာ နှစ်ပေါင်းများစွာ အချုပ်ခံရလို့ သူ့မှာမိသားစုရဲ့ တစ်နွယ်ငင်တစ်စင်ပါ ဆိုသလိုမျိုး သူ့မိသားစုရဲ့ စားဝတ်နေရေး အကုန်လုံးထိခိုက်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မြန်မြန်နဲ့မှန်မှန်လို့ ပြောရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက သက်သေခံပစ္စည်းတွေ သိမ်းတဲ့နေရာမှာ သက်သေခံပစ္စည်းတွေသိမ်းပြီးလို့ ပြစ်ဒဏ်ချပြီးလို့ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းမယ့် ပစ္စည်းတွေရှိမှာပါ။ တချို့ယာဉ်တို့၊ ကားတို့ စသဖြင့် ကျောက်တို့ ရှိမှာပါ။ ရှိတယ်ဆိုလို့ရှိရင် နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းထားတာဖြစ်တဲ့အတွက် နိုင်ငံတော်ဘဏ္ဍာဝင်အောင် ပြန်ပြီးတော့ ဥပမာဆိုလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာန ပေါ့နော်။ အခုဆိုလို့ရှိရင် စီမံဘဏ္ဍာတို့ ညှိနှိုင်း ဆောင်ရွက်ရပါမယ်။

## လွှတ်တော်ဥက္ကဋ္ဌကြီး တင်ပြမှုအား ပြန်လည်အကြံပေး

လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ခုနကပြောတဲ့အထဲမှာ လွှတ်တော်အတွေ့အကြုံကို ရှင်းလင်းမယ်။ ပြည်သူ့အသံတွေ နားထောင်မယ်။ နောက်ထပ်က ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်၊ ဒုဥက္ကဋ္ဌကိုယ်တိုင် ကော်မတီတွေနဲ့ ကြီးကြပ်ပြီးတော့ လုပ်တာဝမ်းသာစရာပါ။

သို့သော် လွှတ်တော်ဥက္ကဋ္ဌတွေ၊ ဒုဥက္ကဋ္ဌတွေ၊ ကော်မတီတွေ ဆင်းရုံနဲ့မရပါဘူး။ ကိုယ်စားလှယ်တွေ အားလုံး ဆင်းရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေ အားလုံးမှာ တာဝန်ရှိပါတယ်။ ကိုယ့်မဲဆန္ဒနယ်ရှိ ပြည်သူလူထုက ကိုယ့်ကိုမဲပေးထားတာ။

ကချင်ပြည်နယ်မှာ ပွင့်ပွင့်လင်းလင်း ကျွန်တော်ပြောပါမယ်။ အခုတော့မသိဘူး။ ကျွန်တော်ကြားတဲ့ ၂ နှစ်ခွဲလောက်မှာ၊ ကျွန်တော်သမ္မတဖြစ်ပြီးမှ ဒီက ဝန်ကြီးတစ်ပါး ဆိုလို့ရှိရင် ကိုယ့်မဲဆန္ဒနယ် တစ်ခေါက်မှကို ပြန်မရောက်တော့ဘူး။ မဖြစ်သင့်ပါဘူး။ ကိုယ်က နဂိုကတည်းကိုက ပြည်သူ့အကျိုးပြုမယ်ဆိုပြီးတော့ ဒီတာဝန်ကိုယူခဲ့တာ။ ကိုယ့်အလုပ်ကို ကိုယ်လုပ်မယ်ဆိုလို့ရှိရင် ဒီတာဝန်ကို ယူဖို့မလိုပါဘူး။ ပြည်သူ့အကျိုး မသယ်ပိုးနိုင်လို့ရှိရင် ဒီတာဝန်ယူဖို့ မလိုအပ်ပါဘူး။ ပြည်သူ့အကျိုး သယ်ပိုးမယ် ဆိုပြီးတော့ ဒီတာဝန်ကို ယူခဲ့ပြီးတော့မှ အကြောင်းတော့ ပြနိုင်တာပေါ့လေ။ နယ်မြေဒေသအရ၊ လုံခြုံရေးအရ၊ ဘာညာပေါ့။ လက်နက်ကိုင် အဖွဲ့အစည်းတွေအကြောင်းကို ပြနိုင်တာပေါ့။ ဒါက သဘာဝယုတ္တိမရှိပါဘူး။ နဂိုကတည်းတုန်းကလည်း ကိုယ် အဲဒီနယ်မြေမှာ ကိုယ်လက်နက်ကိုင် အဖွဲ့အစည်းကြားထဲမှာ၊ အဲဒီနယ်မြေအခြေအနေမှာ ကိုယ်ပဲအဲဒီမှာ နေခဲ့ပြီးတော့မှ ကိုယ်ပဲ အဲဒီနေရာက အရွေးခံခဲ့ရတာပါ။ အဲဒီနေရာပဲ မဲပေးလိုက်တာပါ။ အခု ဒီနေရာရောက်သွားတော့မှ အဲဒါတွေကြောင့် သွားဖို့ခက်တယ်၊ လာဖို့ခက်တယ်ဆိုတာ ဒါကတော့ နည်းနည်းလေးမှ အလုပ်လုပ်တာ မတန်ပါဘူး။ ဒါမျိုးတွေ မဖြစ်စေလိုပါဘူး။

နောက်တစ်ခုက စောတုန်းကတော့ နည်းနည်းလေး ကွာဟနေသလားလို့။ နည်းနည်း ကွာဟနေသလားဆိုတာကတော့ အခုတော့ပြေလည်ရင် ပြေလည်သွားမယ်။ ဒါမှမဟုတ် နားလည်မှုလွဲတာ ဖြစ်ရင်ဖြစ်မယ်။ ဒါမှမဟုတ် တကယ်ကွာဟတာလည်း ဖြစ်ရင်ဖြစ်မယ်။

ခုနက ပြည်နယ်ဝန်ကြီးချုပ် ရှင်းတုန်းက မြေယာအမှုတွေ အားလုံး ရှင်းလင်းသွားပြီးပြီ။ ဘာမှ မရှိတော့ပါဘူး ပြောတယ်။ လွှတ်တော်ဥက္ကဋ္ဌကျတော့ ၁၅၇ မှု တိုင်ကြားစာ ရောက်နေပါတယ်လို့ ခုနပြောတယ်။ ဒါ ဘယ်လိုဖြစ်တာလဲ။ အချင်းချင်းလည်း အနားနေပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် နေ့တိုင်းမြင်တွေ့နေပြီးတော့ နည်းနည်းညှိကြပါဦး။ (ပရိသတ်ရယ်သံ) ကျွန်တော် နားမလည်ဘူး။ ဆိုတော့ ဝန်ကြီးချုပ်က ဒီတိုင်းပြောပါတယ်။ မြေယာမှုက ဒီတိုင်း ပြီးပြီ။ အားလုံးလည်း လိုက်လျောပြီးပြီ။ အားလုံးလည်း စွန့်လွှတ်တွေ ပြန်အပ်ပြီးပြီ။ အခုကျတော့ ကော်မတီကို မြေယာမှုတိုင်ကြားစာ ၁၅၇ မှု ဆိုတော့ ကျွန်တော် မျက်လုံးတောင် ပြူးသွားတာ။

## ဝန်ကြီးချုပ် တင်ပြတဲ့ အစီရင်ခံစာအပေါ် ဖြေရှင်းချက်

ပြည်နယ်ဝန်ကြီး ပြောသွားတာ ဆက်ပြောပါမယ်။ တနိုင်းမြို့နယ်မှာ ၆၆ ကေဗွီလိုင်းရလိုက်လို့ရှိရင် ကျွန်တော်တို့ ကချင်ပြည်နယ်ကြီး တော်တော် ပြည့်စုံသွားပါပြီဆိုတော့ ကျွန်တော် တော်တော်ဝမ်းသာပါတယ်။ ဘာလို့ဆို ကချင်ပြည်နယ်မှာ အားလုံးကောင်းပါသည် အိုကေပဲ။ ကချင်ပြည်နယ်ကြီး အားလုံးပြည့်စုံသွားပါပြီ အိုကေပဲ။ ပြီးလည်းပြီးရော လိုအပ်တဲ့နေရာကို လိုအပ်သလို ပံ့ပိုးကူညီပေးပါဆိုတော့။ (ပရိသတ်ရယ်သံ) ကျွန်တော်ဒီခရီးကိုလာတာ ပြည်ထောင်စုဝန်ကြီးတွေ မအားမလပ်တဲ့ ကြားကနေလာတာ ပြည်နယ်က တင်တဲ့ လစဉ်အစီရင်ခံစာမှာ ဖတ်ပြီးတော့ ဘာလိုအပ်မလဲ ပြည်ထောင်စုအစိုးရ ဘာပံ့ပိုးရမလဲဆိုပြီးတော့ မှန်းပြီးတော့ ခေါ်လာတာ။

သတ်မှတ်တဲ့ အချိန်အတွင်းမှာ ကိုယ့်ပြည်နယ်ရဲ့ တိုးတက်ရေးအတွက် ဘာတွေလိုလဲ၊ ဘာတွေအကူညီလိုလဲ ဘာတွေအခက်အခဲရှိလဲ ပြောစေချင်တာ။ အခုကတော့ (ဝန်ကြီးချုပ်က)စပြီးပြောလိုက်တာ မိနစ် ၃၃ မိနစ်သာ ကြာသွားတယ်။ အားလုံးကောင်းပါသည်ပဲ။ ဘာမှ မလိုတော့ဘူး။ အချိန်ကို လေးစားလိုက်နာရတယ်။ သတ်မှတ်တဲ့အချိန်အတွင်းမှာ ပြီးအောင် ပြောရတယ်။ ဒါတောင် အချိန်က ကျွန်တော် သတ်မှတ်လိုက်တာ။ ဒီအတိုင်းသာ အစည်းအဝေးလုပ်နေရင်တော့ ပြည်နယ် ဝန်ကြီးချုပ် ဘယ်လောက်တောင် ပြောနေမယ် မသိဘူး။ ကျွန်တော် ညနေစာတောင် စားရမယ် မထင်ဘူး (ပရိသတ်ရယ်သံ)။

ပြည်နယ်ဝန်ကြီးချုပ် တင်ပြတာက အစိုးရဌာနဆိုင်ရာက ရေးပေးတဲ့ အစီရင်ခံစာ ပြုစုပေးတဲ့လူတွေကလည်း သဘောပေါက်ဖို့ လိုပါတယ်။ ကိုယ့်ဝန်ကြီးချုပ်ကို လိုရင်းတိုရှင်းနဲ့ ပြည်နယ်ဖွံ့ဖြိုးဖို့ ဘာရမလဲဆိုတာ ရေးပေးရမယ်။ ဟိုတုန်းကလို လူကြီးလာတာနဲ့ အားလုံးကောင်းပါသည်ခင်ဗျာ။ နောက်ပြီးတော့ အားလုံးမကောင်းလို့ ပျက်သွားရော။ ကျွန်တော် အဲဒါအဖြစ် မခံနိုင်ဘူး။ လုပ်ပြီးသားတွေ ပြည်ထောင်စုအစိုးရက ချပေးတာတွေ ကျွန်တော်တို့ မသိတာမှ မဟုတ်ဘဲ။ ကျွန်တော်တို့ချပေးတာ ကျွန်တော်တို့ သိတာပေါ့။ ဒါကြီး ပြန်ပြောနေတော့ အချိန်ကုန်တာပေါ့။ လာခါနီး ကချင်ပြည်နယ်အစီရင်ခံစာတွေ ၄ လစာ ကျွန်တော် ဖတ်လာတာ။ ကိုယ့်အခက်အခဲရှိတဲ့ဟာတွေ ပြောမှ ကျွန်တော်တို့က ဘယ်လို ဖြေရှင်းပေးမယ်။ ဘယ်လိုပံ့ပေးမလဲ။ ဒါလေးတွေကို ရတဲ့အချိန်မှာ လုပ်ပေးဖို့ ဒီကို လာပေးတာပါ။

## မူးယစ်ဆေးဝါး

၄ လစာ ဖတ်လာတဲ့အခါမှာ အားနည်းချက်ဘာတွေလဲဆိုတော့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပိုမိုကြိုးစား ဆောင်ရွက်ပေးပါ။ မူးယစ်ဆေးဝါးပဲဖြစ်ဖြစ်၊ ကျောက်မျက်ပဲဖြစ်ဖြစ်၊ သစ်ပဲဖြစ်ဖြစ် ဒီမှာ အများဆုံး ဖြစ်နေပါတယ်။ တချို့ဌာနဆိုင်ရာတွေက မသိချင်ယောင် ဆောင်မထားကြပါနဲ့။ တစ်နေ့ပေါ်လာရင်တော့ ကျွန်တော်တို့က ဥပဒေမျက်နှာပဲကြည့်မှာ ဖြစ်ပါတယ်။ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်က လာတဲ့အခါကျတော့ ကျွန်တော့်ကို မပြောရဲတဲ့သူ မရှိဘူး။ စာမပို့ရဲတဲ့သူ မရှိဘူး။ ပြည်နယ်/တိုင်းတွေမှာ ဖြစ်ပျက်နေတာ ကြည့်ဖို့အတွက် ဌာနတစ်ခု ဖွဲ့ထားတယ်။

## စစ်ဘေးရှောင်ရေးရာ

နောက်ထပ် ကချင်ပြည်နယ်မှာကြီးမားတဲ့ ပြဿနာတစ်ခုရှိပါတယ်။ စစ်ဘေးရှောင်ပြည်သူတွေရဲ့ နေရေးထိုင်ရေး ပြဿနာပါ။ သူတို့ကို ဂရုစိုက်ပေးပါ။ သူတို့မှာ လူအများနဲ့ နေရတဲ့အခါကျတော့ ကျန်းမာရေးတစ်ခုခု ဖြစ်ပွားရင် ပြန့်ပွားမှုက မြန်နိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ ဂရုစိုက်ပေးရပါမယ်။ ပြန်လည်နေရာချထားရေးရှိပါတယ်။ ပြည်နယ်အစိုးရက ပြန်လည် နေရာချထားပေးတာလည်း ရှိတယ်။ သူတို့ဟာသူတို့ ပြန်လည် ရွှေ့ပြောင်းပြီးတော့ နေရာသစ်မှာ နေချင်တာလည်းရှိမယ်။ အဲလိုရှိတယ်ဆိုရင်လည်း တတ်နိုင်သမျှ ကာကွယ်ရေးရော လုံခြုံရေး၊နေထိုင်ရေးရော ကူညီပေးစေလိုပါတယ်။

## လျှပ်စစ်မီးရရှိရေး

ဝန်ကြီးချုပ်ပြောသွားတာ တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်ဖော်ထုတ်လို့ရှိရင်တော့ လျှပ်စစ်မီးရရှိမယ်။ သို့သော် ဥပဒေ ချုပ်ရှိတယ်။ ဥပဒေနဲ့ ညီမညီကြည့်ပါ။ ဥပဒေချုပ်က ကျွန်တော်သာပြောနေတာ ဟိုဘက်မှာ ငိုက်တော့နေတာပဲ။ ကျွန်တော် ပြောတာကို သူမကြားဘူးဖြစ်နေတယ်(ပရိသတ်ရယ်သံ)။ ကျွန်တော်တွေ့နေတယ်။ ဟိုမှာ ငိုက်နေတယ်။ အဲဒါကျွန်တော်ကြောင့် မဟုတ်ဘူးနော်။ ခင်ဗျားဝန်ကြီးချုပ်က ၃၃ မိနစ်ပြောသွားလို့။

## မြို့မိမြို့ဖတွေနဲ့တွေ့ပါ

ရပ်မိရပ်ဖတွေ၊ မြို့မိ မြို့ဖတွေနဲ့ တွေ့၊ အရပ်ဖက် အဖွဲ့အစည်းတွေနဲ့ တွေ့ပါ။ ကျွန်တော်တို့ မမြင်တာတွေ ၊ မတွေ့တာတွေ၊ အကြံကောင်းတွေ သူတို့မှာရှိပါတယ်။ သိမှ လုပ်ပေးနိုင်မှာလေ။ မသိရင်မလုပ်နိုင်ဘူး။ ဒါကိုလည်း တွေ့ပါ။

## မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ လုပ်ပိုင်ခွင့်

မဏ္ဍိုင်ကြီးသုံးရပ်မှာ လုပ်ပိုင်ခွင့်တွေ ရှိပါတယ်။ လုပ်ပိုင်ခွင့်ဆိုတာ ကိုယ်က ဘယ်အတိုင်းအတာထိ လုပ်ရမယ်ဆိုတာ ကန့်သတ်တာ ဖြစ်ပါတယ်။ အတိုင်းအတာမသိဘဲ ကိုယ်လုပ်ချင်တာ လုပ်မယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဝင်ရောက်စွက်ဖက်ရာ ကျပြီးတော့ မတည်မငြိမ်ဖြစ်ကုန်ရင် မကောင်းဘူး။ ကိုယ်တာဝန်ကျတဲ့ အလုပ်က နိုင်ငံရေးနဲ့ ပတ်သက်ပြီး လုပ်ရမယ့် အလုပ်လား။ စီးပွားရေးနဲ့ ပတ်သက်ပြီး လုပ်ရမယ့်အလုပ်လား။ သဲကွဲဖို့ လိုပါတယ်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်ဖို့ပဲ လိုပါတယ်။ ■

စည်သူ(မြစ်ကြီးနား)

## ကချင်ပြည်နယ်မှ မွေးထုတ်ပေးနိုင်ခဲ့သည့်

# မြန်မာ့အားကစားလက်ရွေးစင်ကစားသမားများ

**ကာယကြံ့ခိုင်** - ဝတ်ရည်နှင်း (ဝိုင်းမော်)

**ဘော်လီဘော** - ပြည့်နန္ဒာအောင် (မြစ်ကြီးနား)

**ကြက်တောင်** - ဆိုင်းဂျာနန် (မြစ်ကြီးနား)

**ခရစ်ကက်** - ဂွန်ဂျတ်အောင် (ဗန်းမော်)

**ကရာတေးဒို** - မောင်ဂျွန် (မိုးမောက်)

**စက်ဘီး** - ကောင်းထက်သာ (မိုးညှင်း)

**သံလုံးပစ်** - မဂျေမီလီအေး (ဝိုင်းမော်)

**တန်းကျော်** - မောင်ဖြိုးဖြိုးအောင် (မြစ်ကြီးနား)

**လှံတံ** - မောင်ပြည့်ဖြိုးအောင် (မိုးမောက်)

**မီတာ**(၁၀၀/၂၀၀)- မလဂျွန်ခွန်ဆိုင်း

**ပီတန်း** - မတင်တင်ဝေ (ရွှေကူ)

**ဝူရှူး** - မဆုပန်ထွာ (မြစ်ကြီးနား)

**ရေကူး** - အောင်လှိုင်မင်း (ရွှေကူ)

**ပိုက်ကျော်ခြင်း**
မောင်အောင်သူမင်း (ရွှေကူ)
မောင်စစ်လင်းထွဋ်(မြစ်ကြီးနား)

**ဘတ်စကက်**
မောင်အောင်မြင့် (မြစ်ကြီးနား)
ချင်တ (မြစ်ကြီးနား)
လေှုလှော်(ရှိုးရာ)
သကြ်န်မိုး (အင်းတော်ကြီး)
ဇာခြည်မိုး (အင်းတော်ကြီး)
စုလှိုင်ထွေး (အင်းတော်ကြီး)
မောင်အောင်လွင်မျိုး (ခတ်ချို၊ ဝိုင်းမော်)

**ဂျူဒို**
အောင်ဇေယျာထွန်း (မပခ)
ခရမ်ဆိုင်းအောင် (မပခ)
ဖွဲ့ကိုကို (မပခ)
စိုးမြင့်ထွန်း (မပခ)
မခိုင်ခိုင်မော် (မပခ)
နှင်းစန္ဒာထွန်း (မပခ)
သဲဇာခြည်ဦး (မပခ)

**အလေးမ**
မိုင်ရှင်းဟုန်း (မြစ်ကြီးနား)
ဝင်းသော် (မြစ်ကြီးနား)

**လက်ဝှေ့**
ဝဏ္ဏဝင်း (ဆွမ်ပရာဘွမ်)
မြင့်မောင်မောင် (ဆွမ်ပရာဘွမ်)

**မြားပစ်**
စန္ဒာဦး (ပူတာအို)
ပြည့်စုံနှင်း (မိုးမောက်)

**စားပွဲတင်တင်းနစ်**
ကျော်ဇင်ဖြိုး (မြစ်ကြီးနား)
ကျော်ဆန်း (မြစ်ကြီးနား)

**ဘောလုံး U-19** - မခင်မျိုးဝင်း (မိုးညှင်း)
**ဘောလုံး U-16** - မဂျူလိုင်ချာ (မြစ်ကြီးနား)

**ဘောလုံး အလွတ်**
မချစ်ချစ် (ကာမိုင်း)
မောင်ဒေးဗစ်ထန် (မြစ်ကြီးနား)
မောင်ငြိမ်းချမ်းအောင် (မြစ်ကြီးနား)
မောင်ဇော်မွန်းအောင် (တနိုင်း)
အိစိုး (မြစ်ကြီးနား)
ကိုကို (ဝိုင်းမော်)
ညီညီ (ဝိုင်းမော်)
ဘောလုံး U-13
မင်းမြတ်နိုး (ဝိုင်းမော်)
ကျော်လင်းထွေး (ဝိုင်းမော်)
ဟိန်းမင်းဇော် (ဝိုင်းမော်)

**ဘောလုံး U-14**
ရဝေကျော် (မြစ်ကြီးနား)
သောင်းအလေးဘော် (မြစ်ကြီးနား)

**ကာယဗလ**
ဇော်တောင် (ဝိုင်းမော်)
ဂျဝါနော်အောင် (ဝိုင်းမော်)
ဘရန်မိုင်(မြစ်ကြီးနား)

## မြစ်ကြီးနားသတင်းဂျာနယ်၏ ၅နှစ်ပြည့် အထူးကျေးဇူးတင်လွှာ

မြစ်ကြီးနားသတင်းဂျာနယ် ၅နှစ်ပြည့်ခဲ့ပါပြီ။

အတွဲ(၁)အမှတ်(၁)မှသည်အတွဲ(၆)အမှတ်(၁၁)အထိတစ်ခဲနက်ဝယ်ယူအားပေးဖတ်ရှုခဲ့ကြသောစာဖတ်ပရိသတ်များကိုမြစ်ကြီးနားသတင်းဂျာနယ်ဝိုင်းတော်သားများအားလုံးမှ အထူးကျေးဇူးတင်ရှိပါသည်။

ယခုကဲ့သို့အောင်မြင်သောဂျာနယ်တစ်စောင်ထုတ်ဝေနိုင်ရန်အတွက်ငွေကြေးအားဖြင့်အကူအညီပေးခဲ့ကြသောပုဂ္ဂိုလ်များ၊အဖွဲ့အစည်းများ၊ကြော်ငြာထည့်သွင်းကြသော စီးပွားရေး လုပ်ငန်းရှင်ကြီးများ။

သတင်းများ၊ ဆောင်းပါးများ၊ ကာတွန်းများ၊ ဓါတ်ပုံများ ပေးပို့ချီးမြှင့်ခဲ့ကြသော စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာ၊ ဓာတ်ပုံပညာရှင်များ။

မြစ်ကြီးနားသတင်းဂျာနယ်၏ အားသာချက်၊ အားနက်ချက်၊ ချို့ယွင်းချက်များကိုမေတ္တာ၊စေတနာဖြင့် အကြံဉာဏ်ပေး၊ဝေဖန်ပိုင်းခြား သုံးသပ်ပေးခဲ့ကြသော အသိပညာရှင်၊ အတတ်ပညာရှင်များ။

သတင်းထောက်များ၏ စုံစမ်းမေးမြန်း ထောက်လှမ်းခြင်းများကို ပြန်လည်ဖြေကြားပေးခဲ့သော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်နယ်သူ ပြည်နယ်သားများ။

တွေ့ဆုံ မေးမြန်းခြင်းများတွင် စိတ်ရှည်လက်ရှည် ဖြေကြားပေးခဲ့သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များ။

ကျေးဇူးတင်ထိုက်သောပုဂ္ဂိုလ်များအားလုံး၊ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊နိုင်ငံရေးပါတီများ၊ဌာနဆိုင်ရာများအားလုံးကိုကျေးဇူးအထူးတင်ရှိပါကြောင်းမှတ်တမ်းတင်ဂုဏ်ပြုဖော်ပြ အပ်ပါသည်။

နောင်နှစ်ကာလများတွင် ထုတ်ဝေမည့် ဂျာနယ်များကိုလည်း ယခုကဲ့သို့ ဆက်လက် အားပေးကူညီကြရန် လေးစားစွာ မေတ္တာရပ်ခံလိုက်ရပါသည်။

အဓိကအားဖြင့်ကချင်ပြည်နယ်သူပြည်နယ်သားများအတွက်ရည်စူးထုတ်ဝေသွားမည့်ဂျာနယ်ဖြစ်သည်နှင့်အညီမြစ်ကြီးနားသတင်းဂျာနယ်အဖွဲ့တော်သားများကလည်းဆထက်ထမ်းပိုး ကြိုးစားတင်ဆက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျေးဂျူးကဘာဆိုင်။ ။**

မြစ်ကြီးနားသတင်းဂျာနယ်

Lungga pa စားသောက်ဆိုင်
LUNG GA PA
Lusha Seng
မိတ်ဟောင်းမိတ်သစ်များကို နွေးထွေးစွာ အမြဲကြိုဆိုလျက်ပါ......
မနောကွင်းအတွင်းရှိ Lungga pa ဆိုင်မှ



Ph - 09-259846599, 09-258788523, 09788873315, 09976607444 မနောကွင်း ဝင်းအတွင်း

A-SKIN
LASER & AESTHETIC CLINIC




A-Skin ဆေးခန်းမှရရှိနိုင်သောကုထုံးများ
(၁) ဝက်ခြံနှင့် ဝက်ခြံအမာရွတ်ကုထုံး
(၂) တင်းတိတ်၊ အမဲစက်နှင့် မှဲ့ခြောက်ကုထုံး
(၃) အသားအရေ ကြည်လင်ဝင်းပစေသော ကုထုံး
(၄) ခွဲစိတ်ရန်မလို Radio Frequency ဖြင့် အသားအရည်ကို တင်းရင်းလှပစေသော ကုထုံး
(၅) မေးနှစ်ထပ် အဆီကျ သွယ်လျလှပစေသော ကုထုံး
(၆) မျက်ကွင်းညိုခြင်း၊ မျက်အိမ်တွဲကျခြင်းကို သက်သာစေသောကုထုံး
(၇) မျက်နှာအရေးအကြောင်းကင်း၍ V ပုံသဏ္ဍာန် သွယ်လျလှပစေသော ကုထုံး
(၈) Dermal Filler ဖြင့် အရေးအကြောင်းဖျောက်ခြင်း၊ မျက်နှာပုံသွင်းခြင်း (နှာတံ၊ နှုတ်ခမ်း၊ မေးစေ့)
(၉) အရေပြားပေါ်ရှိ အညစ်အကြေးနှင့် ဆဲလ်သေများကို Chemical peeling ဖြင့် ဖယ်ရှားပေးခြင်း
(၁၀) Carbon Laser ဖြင့် မျက်နှာပြင်နှင့် ချွေးပေါက်အတွင်းရှိ အညစ်အကြေးများသန့်စင်ပေးခြင်း
(၁၁) အသားအရေ နုပျိုလှပစေရန် အားဖြည့်ပေးခြင်း
(၁၂) အသားအရေကို ရေဓာတ်ဖြည့်တင်းပေးခြင်း
(၁၃) ခန္ဓာကိုယ်ပေါ်ရှိ မလိုအပ်သော အဆီပိုများအား အေးခဲနည်းပညာဖြင့် ချေဖျက်ပြီး ကျစ်လျစ်သွယ်လျ လှပစေခြင်း
(၁၄) နေလောင်ကွက် နေလောင်ဒဏ်ကြောင့် ပျက်စီးနေသော အသားအရေကုထုံး
(၁၅) ခန္ဓာကိုယ်မှ မလိုလားသော အမွေးအမျှင်များကို IPL (သို့မဟုတ်) Laser ဖြင့် ဖယ်ရှားပေးခြင်း







Laser Treatment (လေဆာကုထုံး)
- အမာရွတ် အမျိုးမျိုး ကုထုံး
- ဝက်ခြံနှင့် ဝက်ခြံအမာရွတ်ကုထုံး
- အသားအရေ တင်းရင်းလှပစေသော ကုထုံး
- တင်းတိတ်အမည်းစက် ကုထုံး
- ချွေးပေါက်ကျဉ်းစေသော ကုထုံး
- အရေးအကြောင်းကုထုံး
- အသားအရေ ဝင်းပကြည်လင်စေသောကုထုံး
- မှဲ့ဖျက်ခြင်း
- ဆေးမင်ကြောင်ဖျက်ခြင်း

အမှတ် (ခ/၄၅၃)၊ ပြည်ထောင်စုလမ်းမကြီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
ဆက်သွယ်ရန် - ၀၉-၉၇၉၇၀၆၁၃၀၊ ၀၉-၉၇၉၇၀၆၁၃၅
Email - askinlaserclinic.mkn@gmail.com

# A-SKIN
## (WHERE BEAUTY MEETS MEDICINE)
### အလှတရားနှင့် ဆေးပညာ ပေါင်းဆုံရာ

မိမိ၏ အသားအရေအပေါ် ယုံကြည်စိတ်ချမှုရှိခြင်းသည် အလှတစ်ပါးဖြစ်သည်။ နုပျိုကျန်းမာသော အသားအရေ ပိုင်ဆိုင်ခြင်းသည် အသွင်အပြင် ကိုယ်ရည်ကိုယ်သွေးများကို တိုးပွားစေပါသည်။

နုပျိုကျန်းမာသော အသားအရေ ပိုင်ဆိုင်နိုင်ရန်အတွက် A-Skin အလှအပရေးရာ ဆေးခန်းသည် စင်္ကာပူနိုင်ငံ လုပ်ငန်းအတွေ့အကြုံရှိ ဆရာဝန်များနှင့် နွေးထွေးပျူငှာသော ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသော ဆေးခန်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

- မိဘပြည်သူများအား ဘေးကင်းလုံခြုံ၍ ထိရောက်မှုရှိသော နောက်ဆုံးပေါ် ခေတ်မီ အလှအပရေးရာ ကုထုံးများကို သင့်တင့်သော နှုန်းထားများဖြင့်ဝန်ဆောင်မှုပေးနိုင်ရန်
- အချင်းချင်း ယုံကြည်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သော လုပ်ငန်းခွင် ဖန်တီးနိုင်ရန်

**ဝန်ဆောင်မှု**

- ကျွမ်းကျင်ဆရာဝန်များမှ အလှအပရေးရာနှင့် ကျန်းမာရေး အသိပညာ ဗဟုသုတ ဆွေးနွေးတိုင်ပင်ပေးခြင်း။
- တစ်ဦးချင်း၏ လိုအပ်ချက်အပေါ် မူတည်၍ အသင့်လျော်ဆုံးသော ကုထုံးများကို ဆွေးနွေးလမ်းညွှန်ပေးခြင်း။
- ကုသမှုမခံယူမီ (Consult)၊ ခံယူနေစဉ် (CareandComfort)၊ ခံယူပြီးချိန် (Follow Up) အစရှိသည့် ဝန်ဆောင်မှုများပေးခြင်း။
- ကုသမှုတစ်ခုခြင်းစီ၏ ထိရောက်မှု ရှိမရှိ အစဉ်မပြတ် ဂရုပြု၍ လိုအပ်သည့် ကုသမှုများ ပေးခြင်း။
- Customer၏ Feedback များအပေါ် အစဉ်အလေးထားကာ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဝန်ထမ်းများကို အစဉ်မပျက် လေ့ကျင့်သင်ကြားပေးခြင်း။
- ကျား/မ မရွေး အလှအပ ဝန်ဆောင်မှုများ ပေးခြင်း။ ကုသရေးတွင် USA, Korea နိုင်ငံအသီးသီး၏ FDA အသိအမှတ်ပြု လက်မှတ်များ ရရှိထားသော နောက်ဆုံးပေါ်နည်းပညာသုံး ကိုးရီးယားနိုင်ငံထုတ် စက်ပစ္စည်းများ အသုံးပြုထားပါသည်။ Skin Care Products များမှာလည်း Greece, Korea နိုင်ငံထုတ်ကုန်များ ဖြစ်သည့်အတွက် အရည်အသွေး ယုံကြည်စိတ်ချရပါသည်။


ENJOY RESPONSIBLY
UEFA CHAMPIONS LEAGUE
EST. 1873
Heineken®
HEINEKEN® နဲ့အတူမလွတ်တမ်း
ကြည့်ရှုသင့်သည့် အခိုက်အတန့်များ
HEINEKEN® ရဲ့ UEFA Champion League Final Screening Event ကိုသူငယ်ချင်းတွေနဲ့အတူ ကြည့်ရှုခံစားနိုင်ဖို့
အသေးစိတ်အချက်အလက်များကို www.facebook.com/Heineken တွင် အခုပဲ ဝင်ရောက်ကြည့်ရှုလိုက်ပါ။


ELC
PRIVATE HIGH SCHOOL
Mandalay
ELC
၂၀၁၅–၂၀၁၆ ခုနှစ်အတွက်
'ရတနာပုံ'
ပညာရေးဆိုင်ရာ ထူးချွန်ဆုရ
ကိုယ်ပိုင်အထက်တန်းကျောင်း
အမှတ်–၂၄၁၊ ၃၁ လမ်း၊ ၈၃ လမ်း နှင့် ၈၄ လမ်းကြား၊ မန္တလေးမြို့၊ Ph:02-4068091, 02-4073926, 02-4031121
၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာတစ်နိုင်ငံလုံးပူးတွဲ ပထမနှစ်ဦး
မောင်ဇင်လင်း (မနတ-၉၈၃)
အထက – ၁၄ ၊ ဘာသာစုံဂုဏ်ထူးရှင်
စုစုပေါင်း ရမှတ် – ၅၅၇
မသီသီထွေး (မရတ-၄၄၃)
အထက – ၁၃ ၊ ဘာသာစုံဂုဏ်ထူးရှင်
စုစုပေါင်း ရမှတ် – ၅၅၇
၂၀၁၈ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ
အောင်မြင်မှုမှတ်တမ်း
ခြောက်ဘာသာဂုဏ်ထူးရှင် – ၄ ဦး
ငါးဘာသာဂုဏ်ထူးရှင် – ၄ ဦး
လေးဘာသာဂုဏ်ထူးရှင် – ၁၃ ဦး
သုံးဘာသာဂုဏ်ထူးရှင် – ၉ ဦး
နှစ်ဘာသာဂုဏ်ထူးရှင် – ၁၆ ဦး
တစ်ဘာသာဂုဏ်ထူးရှင် – ၂၂ ဦး
မြန်မာစာ – ၈ ဦး
အင်္ဂလိပ်စာ – ၇ ဦး
သင်္ချာ – ၄၇ ဦး
ဓာတုဗေဒ – ၄၅ ဦး
ရူပဗေဒ – ၃၃ ဦး
ဇီဝဗေဒ – ၃၁ ဦး
ဘောဂဗေဒ – ၆ ဦး
၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် နှင့် ငါးဘာသာဂုဏ်ထူးရှင်များ
မောင်ဝေယံကျော် (6D)
မနတ–၁၅၀၁၊ မန္တလေး
မမြသဲမွန်ဖူး (6D)
မနတ–(၁၅၅၂)၊ မန္တလေး
မယုကလျာ (6D)
မနတ–၁၅၇၇၊ သပိတ်ကျင်း
မအိမွန်ဖြူ (6D)
မနတ–၁၅၅၇၊ မန္တလေး
မောင်မင်းခန့်ကျော် (5D)
မနတ–၁၅၀၃၊ ကန့်ဘလူ
မောင်အောင်မျိုးကျော် (5D)
မနတ–၁၅၀၉၊ ကျောက်ဆည်
မထားမြတ်စန္ဒီအောင် (5D)
မနတ–၁၅၉၈၊ တောင်ကြီး
မထက်ရွှေစင်ဝင်း (5D)
မနတ–၁၅၈၂၊ မန္တလေး
၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ကချင်ပြည်နယ်မှဂုဏ်ထူးရှင်များ
မထက်ထက်အောင် (4D)
မနတ–၁၆၀၅ ၊ မြစ်ကြီးနား
မောင်နန္ဒထင်ဇော် (4D)
မနတ–၁၅၂၈ ၊ ဆိတ်မှူ
မဉမ္မာထက် (4D)
မနတ–၁၅၃၇ ၊ ဖားကန့်
မောင်ဟိန်းထက်ဝင်း (4D)
မနတ–၁၅၈၃ ၊ ဖားကန့်
မရွှေလမင်းအိမ် (4D)
မနတ–၁၅၉၄ ၊ ဆိုင်းတောင်
မောင်ကောင်းဇော်ဟိန်း (3D)
မနတ–၁၅၉၂ ၊ ဆိုင်းတောင်
မောင်ကျော်သူရ (2D)
မနတ– ၂၈၀၁ ၊ ပိုင်းမော်
မောင်စစ်မင်းဟန် (2D)
မနတ–၁၅၉၁ ၊ ဖောင်းပြင်
မနန်းစုစုခိုင် (2D)
မနတ–၁၅၁၈ ၊ နောင်ပိုအောင်
မောင်ကြီးမြတ်သူရိန် (1D)
မနတ–၁၅၆၉ ၊ ဆိတ်မှူ
၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ကချင်ပြည်နယ်မှဂုဏ်ထူးရှင်များ
ဘာသာစုံဂုဏ်ထူးရှင်
မကြည်ကြည်ဝေ
မနတ–၁၅၀၈
မြစ်ကြီးနား
မောင်စိုင်းသိန်းကျော် (4D)
မနတ–၁၄၂၄ ၊ ဖားကန့်
မအိအိခိုင် (4D)
မနတ–၁၄၄၂ ၊ ဖားကန့်
မအဲလစ်ဇဘက် (4D)
မနတ–၁၄၈၇ ၊ ဖားကန့်
မအေးဝတ်ရည် (4D)
မနတ–၁၅၀၁ ၊ မြစ်ကြီးနား
မအေးသီရိရွှေ (4D)
မနတ–၁၅၀၂ ၊ မြစ်ကြီးနား
မဖူးသွယ်တာဟန် (1D)
မနတ–၁၅၂၆ ၊ ဆိုင်းတောင်
စုစုပေါင်း ဇီဝဗေဒ ဘောဂဗေဒ
ဖြေဆိုသူ ၁၆၈ ဦး ၁၁၄ ဦး ၅၄ ဦး
အောင်မြင်သူ ၁၅၃ ဦး ၁၁၁ ဦး ၄၂ ဦး
ဂုဏ်ထူးဖြင့်အောင်မြင်သူ ၆၈ ဦး ၅၉ ဦး ၉ ဦး
ရိုးရိုးအောင်မြင်သူ ၈၅ ဦး ၅၂ ဦး ၃၃ ဦး
ကျရှုံးသူ ၁၅ ဦး ၃ ဦး ၁၂ ဦး
အောင်ချက်ရာခိုင်နှုန်း ၉၁.၀၇ % ၉၇.၃၆ % ၉၇.၃၆ %
အောင်ချက်ရာခိုင်နှုန်း 91.07%


FDA ထောက်ခံချက်အမှတ် - စ/၁၃၆၃၄/ထလ
Take
PURIFIED DRINKING WATER
Ro, Ozone system & UV
စိတ်ရော ရုပ်ပါ ကြည်လင်ဖို့
Take ရေသန့်ကိုသောက်ကြစို့ ...
ဆက်သွယ်ရန်
(၄၁/၁) ဘက်စုံခြံ ၊ မန်ခိန်ရပ်ကွက် ၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ ၇၉၀၄၃၃၇၂၆ ၊ ၀၉ ၄၇၀၁၃၁၁၄


Grand Manaw Restaurant
သန့်ရှင်းသပ်ရပ်တဲ့ ကချင်ရိုးရာအစားအစာနဲ့ အနောက်တိုင်းအစားအစာများအပြင်
အဖျော်ယမကာများကိုလူကြီးမင်းတို့ စိတ်တိုင်းကျ သုံးဆောင်နိုင်ပါသည်။
မွေးနေ့ပွဲ၊ မင်္ဂလာဆောင်ပွဲ၊ မိသားစု Dinner, Meeting, ပြပွဲအမျိုးမျိုးတို့ကိုလည်း
လက်ခံကျင်းပပေးနေပြီ။
ဂဏန်းမာဆလာ
ပုစွန်လက်တစ်ကမ်း
Menu အသစ်များ တစ်လတစ်မျိုး ရရှိနိုင်ခြင်း
ဓာတ်ပုံများ ရိုက်ကူးနိုင်ရန် ရှုခင်းကောင်းများ ဖန်တီးထားခြင်း
ကောင်းမွန်စွာ အပန်းဖြေနိုင်ရန် ပြင်ဆင်ထားခြင်း
ဝန်ထမ်းများ၏ ပျူငှာမှုနှင့် ဝန်ဆောင်မှုကောင်းခြင်းကြောင့်
စိတ်ပျော်ရွှင်မှု ရရှိခြင်း
တစ်လတွင် ၂ ကြိမ် Unplugged Show
အစီအစဉ်ရှိပါသည်။
ဆက်သွယ်ရန်
အမှတ်(၉၁)A၊တပ်ကုန်းအင်ဂျန်နီယာမြောက်၊မေတ္တာရင်ခွင်မိဘမဲ့ဂေဟာရှေ့။
ဖုန်း-၀၉-၄၂၈၁၃၇၅၃၁၊၀၉-၆၉၁၂၃၇၅၃၁၊၀၉-၂၅၅၂၂၀၀၅၅၊၀၉-၆၉၁၄၆၄၃၃၄


SEVEN-ONE
BATTERY ဆိုင်ကယ် AUTO ဆိုင်ကယ်
လက်လီ / လက်ကားအမျိုးမျိုးရောင်းဝယ်ရေး
အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေပါသည်။
BATTERY ဆိုင်ကယ်၊ Auto ဆိုင်ကယ်နှင့် အပိုပစ္စည်းအမျိုးမျိုး လက်လီ၊ လက်ကားရရှိနိုင်သည်။
အိမ်တိုင်ရာရောက် (လက်ခမဲ့) စိတ်တိုင်းကျပြုပြင်ပေးပါသည်။
တပ်ကုန်းအရှေ့မြောက်ရပ်ကွက်၊ ဂျပန်လမ်းမျက်စောင်းထိုး၊ ဆွမ်ပရာဘွမ်လမ်း၊
အိမ်အမှတ် (၁၁/A)၊ နယ်မြေ(၁)မြစ်ကြီးနားမြို့ ကချင်ပြည်နယ်၊
ဖုန်း - 09450049707, 09771669702 Wechat : duanbikang7-1


HAI + WAR
HOT POT & BBQ
အရသာ ၆ မျိုးရှိသော HOT POT ဟင်းရည်များကိုလူကြီးမင်းတို့စိတ်တိုင်းကျ
ရွေးချယ်သုံးဆောင်နိုင်ပါသည်။
HAI+WAR
HOT POT & BARBECUE
HAPPY HOUR တနင်္လာနေ့မှ သောကြာနေ့အထိ (နံနက် ၁၁ း၀၀ - ညနေ ၃း၀၀ နာရီ) အတွင်း
လူကြီး ၁ ဦး နှုန်း အစား ၇၀၀၀ ကျပ် ၊ ကလေး 3' 6" အောက် (အခမဲ့)၊
ကလေး 3' 6"မှ 4' 6"ထိ ၃၀၀၀ ကျပ်
သန့်ရှင်းလတ်ဆတ်သော
အသား၊ငါး၊ဟင်းသီးဟင်းရွက်များကို
ဘူပေးစနစ်ဖြင့်
တည်ခင်းထားပါသည်။
* ညနေ ၃း၀၀ နာရီ နောက်ပိုင်းတွင်ပုံမှန်စျေးနှုန်း ၉၅၀၀ ကျပ် *
⇨ပင်လယ်စာ သီးသန့် Menu ရရှိနိုင်သည်။
⇨Hot Pot ချက်ပြုတ်၍လည်း ပါဆယ် ဝန်ဆောင်မှုပေးပါသည်။
* အသက် ၆၅ နှစ်အထက်ကို HAI +WAR မှဂါရဝပြုသည့်အနေဖြင့် Buffet Free ပေးသွားမှာဖြစ်ပါတယ် *
အမှတ် -(၁၄၀)၊ တပ်ကုန်း (အင်ဂျန်နီယာရပ်ကွက်)၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၉ ၉၅၈၂၉၈၂၉၇၊ ၀၉ ၂၅၆၉၈၂၄၂၂ ၊ ၀၉၇၉၁၈၈၀၁၃၃၅ ၊ ၀၉ ၆၉၃၂၂၈၃၂၂